# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၄)


# ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် Green Life အသင်းအား ရွေးချယ်

## အသင်း၏ ကြိုးပမ်းမှု ရလဒ်ကောင်းများသည် အားလုံးအတုယူအားကျ လေးစားဖွယ်ပြယုဂ်တစ်ခုဖြစ်

နေပြည်တော် ဇူလိုင် ၂

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကိုရွေးချယ်၍ ပြည်သူသို့ ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းအား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဇူလိုင်လ ၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**"ပြည်သူသို့ ကျေးဇူးတင်လွှာ"**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

၁။ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ကမ္ဘာတစ်ဝှမ်းရှိ လူသားမျိုးနွယ်တစ်ခုလုံးကိုသာမက သက်ရှိဇီဝမျိုးကွဲများ ရှင်သန်မှုနှင့် ကမ္ဘာကြီးတည်ရှိမှုကိုပါ ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိပါသည်။ သက်ရှိသတ္တဝါများအနေဖြင့် သဟဇာတဖြစ်သည့် ဂေဟစနစ်များ ရှင်သန်တည်တံ့နေမှသာ ရှင်သန်နိုင်စွမ်းရှိကြမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်စီး မပျက်သုဉ်းစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကမ္ဘာနှင့်အဝှမ်း အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ စသည်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် လူတစ်ဦးချင်းစီက ကိုယ်စီအသိတရားဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရန်သာမက လူအများ ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်နိုင်ရန် နှိုးဆော်စည်းရုံးသွားနိုင်ရေးသည်လည်း အရေးကြီးလှပေသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း ပါဝင်ဆောင်ရွက်နိုင်မှုအနေဖြင့်လည်း အမှိုက်များ စနစ်တကျ စွန့်ပစ်သော အလေ့အထမှသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထိ တတ်နိုင်သမျှ ကျရာကဏ္ဍ အသီးသီးက ပါဝင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိနိုင်ပေသည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသား လူငယ်လူရွယ်များ စုပေါင်း၍ ဖွဲ့စည်းထားသော Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အသင်းသည် ကျေးရွာအတွင်း ပလတ်စတစ်အမှိုက်ကင်းစင်ရေးအတွက် စနစ်တကျစွန့်ပစ်စေခြင်း၊ စုဆောင်းသယ်ယူစွန့်ပစ်ခြင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉- ၂၀၂၂)နှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ





ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) နှင့် စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ International Foundation for Electoral Systems(IFES) မှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်း ၅၇ ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း**(ဝဲပုံ)** က ယနေ့ကျင်းပသည့် ဆွေးနွေးပွဲကို လူမှုအဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၂)အပေါ် အကြံပြုဆွေးနွေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် (၂၀၁၃- ၂၀၁၈) မဟာဗျူဟာစီမံကိန်းကိုရေးဆွဲ၍ အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယခု (၂၀၁၉ - ၂၀၂၂) မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားရှိကြောင်း၊ ၎င်းစီမံကိန်းတွင် အခန်း ၁၁ ခန်းပါဝင်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများနှင့် ယနေ့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်အလိုက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် အခက်အခဲများအပေါ် သုံးသပ်၍ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်တရားမျှတမှုတို့အပေါ်

*စာမျက်နှာ ၄ ကော်လံ ၃* ✻

# မြန်မာ့အလင်း

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခြေလှမ်းသစ်များ

နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်ရာ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု ရရှိရေးသည်လည်း အရေးကြီးသောလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာရေးအတွက် ပိုမိုဆွဲဆောင်နိုင်စွမ်းရှိစေရန် ခြေလှမ်းသစ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤခြေလှမ်းသစ်များကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သန္နိဋ္ဌာန်ချကြိုးပမ်းဆောင်ရွက်နေခြင်းကို ပေါ်လွင်ထင်ရှားစေပါသည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က တာဝန်ယူစိစစ်ရမည့်လုပ်ငန်းများအတွက် ရက်ပေါင်း ၆၀ အတွင်း အပြီးဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့က ခွင့်ပြုလိုက်သည့်လုပ်ငန်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရက်ပေါင်း ၃၀ အတွင်း အပြီးထပ်ဆင့် စိစစ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအမျိုးအစား နှစ်မျိုးစလုံးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၁၀ ရက်အတွင်း ခွင့်ပြုမိန့်ထုတ်ပြန်ပေးရမည် ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ သတ်မှတ်ထားသည့် အထက်ဖော်ပြပါ အချိန်ကာလသတ်မှတ်ချက်များထက် ပိုမိုဆောလျင်စွာ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ဤကဲ့သို့ ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးကို စီစဉ်ဆောင်ရွက်ရာ၌ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် လက်ရှိအနေအထားထက် စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုလွယ်ကူရှင်းလင်းမှုရှိလာစေရန် ဆတက်ထမ်းပိုးအာရုံစိုက် ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ကုမ္ပဏီတို့က သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းတို့ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် အရေးကြီးသကဲ့သို့ အဆိုပါကုမ္ပဏီတို့ထံမှ ရသင့်ရထိုက်သောအခွန်တို့ကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ရရှိနိုင်ရေးသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ လက်ရှိရင်ဆိုင်နေရသော အခက်အခဲတစ်ရပ်မှာ ကုမ္ပဏီမှတ်ပုံတင်နံပါတ်နှင့် အခွန်မှတ်ပုံတင်နံပါတ်တို့ မတူညီခြင်းကြောင့် အခွန်ထမ်းဆောင်ရာ၌ ရှုပ်ထွေးကြန့်ကြာမှုများ ရင်ဆိုင်ရလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကုမ္ပဏီများအခမဲ့ ပြန်လည်မှတ်ပုံတင်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများ မြန်ဆန်သွက်လက်လာစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအားလုံးကို လာမည့်ဩဂုတ်လနှောင်းပိုင်းမှစတင်၍ အွန်လိုင်း၌ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုပြီး လုပ်ငန်းတို့ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ထပ်ဆင့်စိစစ်ခွင့်ပြုရာ၌ နှောင့်နှေးကြန့်ကြာမှုမရှိ ချောမွေ့မြန်ဆန်စေရန် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် စံလုပ်ငန်းဆောင်ရွက်မှုအစီအစဉ် (Standard Operation Procedure) တို့ကို ချမှတ်ပြဋ္ဌာန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဤခြေလှမ်းအသစ်များသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်၍ ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ် ၂၀၁၈ အတွက် အဆိုပြုလွှာများ အချိန်မီ တင်သွင်းကြရန် နှိုးဆော်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ် ၂၀၁၈ အတွက် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအနက်မှ အောက်ပါအတိုင်း အကျုံးဝင်သူများသည် အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်းရုံး(ရန်ကုန်)တွင် အခမဲ့ထုတ်ယူ၍ တင်သွင်းခွင့်ရှိကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်သည်-

(က) မြန်မာတစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးရရှိသူများ (သိပ္ပံဘာသာတွဲ) အတွက် စုစုပေါင်းအမှတ် ၅၄၅ (၅၄၅) မှတ်နှင့် အထက်ရရှိသူများ၊ (ခ) ဝိပ္ပံ/ဝိဇ္ဇာဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ ၁၀ ဦး (စုစုပေါင်း အမှတ် ၅၀၀ နှင့်အထက်)

(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် (နေပြည်တော်နယ်မြေအပါအဝင်) အမှတ်အများဆုံးရရှိသူ ငါးဦးစီ

အဆိုပြုလွှာ တင်သွင်းခွင့်ရှိသူများထံသို့ တစ်ဦးချင်း ဆက်သွယ်အသိပေးမှုမရှိကြောင်းနှင့် တင်သွင်းခွင့်ရရှိသူများသည် အဆိုပြုလွှာများကို အချိန်မီထုတ်ယူပြီး (၂၇-၇-၂၀၁၈) ရက်နေ့ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားကြရန် နှိုးဆော်ထားပါသည်။

အဆိုပြုလွှာတင်သွင်းလာသူများအနက်မှ လူတွေ့စစ်ဆေးမှုရရှိမည့်သူများထံသို့ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုများကို ဩဂုတ်လ (ပထမပတ်)တွင် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အသင်းအတွင်းရေးမှူး ၀၉-၂၆၂၇၇၂၇၀၅ နှင့် ရုံးအဖွဲ့မှူး ၀၉-၄၂၀၆၂၃၃၁ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## ဟားခါးမြို့နယ် လောက်လုံကျေးရွာ၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ဟားခါး ဇူလိုင် ၂**

ချင်းပြည်နယ် ဟားခါးမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က လောက်လုံကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနီယာအုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပုမ်ခန့်နွမ်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးနီယာအုပ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်နေအောင်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကျော်မိုးနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်မြမြတ်ညိမ်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဦးဆောင် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာနေပြည်သူများက ကျေးရွာလုံးကျွတ်မီးရရှိရေးနှင့် မီတာများအမြန်ဆုံးတပ်ဆင်နိုင်ရေး၊ ကျေးရွာတွင်းလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်ရေး၊ ကျေးရွာအတွင်း ရေနုတ်မြောင်း၊ ရေပြွန်များနှင့် မြေထိန်းနံရံများ ဆောင်ရွက်ပေးစေလိုကြောင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများပိုမိုကောင်းမွန်ရေးနှင့် ပညာရေးဝန်ထမ်းနေအိမ်များ ဆောက်လုပ်ပေးစေလိုကြောင်း၊ ကျေးလက်ကျန်းမာရေးဆိုင်ရာများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များနှင့် မွေးမြူရေးနှင့် ပတ်သက်သည့်ကိစ္စများ၊ သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ ဥပဒေကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို မေးခွန်းများဆွေးနွေး မေးမြန်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## အာဇာနည်နေ့အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းစည်းဝေး

**တိုက်ကြီး ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဈေးရပ်ဘုရားလေးဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးအောင်နိုင်သူဦးနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပနိုင်ရေးအတွက် နာယကငါးဦးပါဝင်သော၊ ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဘဏ္ဍာငွေရှာဖွေရေး၊ အခမ်းအနား ပြင်ဆင်ရေး၊ ဆွမ်းဆက်ကပ်လှူဒါန်းရေး၊ ပြန်ကြားရေးဆပ်ကော်မတီများဖွဲ့စည်းပြီး အခမ်းအနားကို မြို့လယ်လမ်း ဗိုလ်ချုပ်မြင်းစီးရုပ်တုရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ဒဂုံမြို့သစ် မြို့ဦးစေတီ ဘက်စုံမွမ်းမံမည်

**ရန်ကုန် ဇူလိုင် ၂**

ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၏ကျက်သရေဆောင် ပြည်ကြီးချမ်းသာ မြို့ဦးစေတီတော်ကြီးအား ဘက်စုံပြုပြင် မွမ်းမံညှိနှိုင်းဆွေးနွေးပွဲကို ဇွန်လနောက်ဆုံးပတ်က မြို့ဦးစေတီတော်ရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သံဃမဟာနာယက ဆရာတော် ဘဒ္ဒန္တရေဝတနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အဆင့် ဌာနအသီးသီးမှ မြို့နယ်မှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

စေတီတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံမည်ဖြစ်ရာ ရင်ပြင်တော်နှင့် တံခွန်တိုင်ပြုပြင်ခြင်း၊ စေတီတော်ဝင်းအတွင်း ကားပတ်လမ်းပြုပြင်ခြင်း၊ ကမ္ပည်းမော်ကွန်းတိုက် တည်ဆောက်ပြုပြင်ခြင်း၊ စက်တော်ရာဘုရားတန်ဆောင်း ပြုပြင်ခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းရာ မဟာဗောဓိပင် ဝန်းကျင်ပြုပြင်ခြင်း၊ ဘိုးဘိုးကြီးနတ်ကွန်း ပြုပြင်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ရာ မူလဘုရား ဒါယကာ ဒါယိကာမများနှင့် အတူ စေတနာရှင်၊ မေတ္တာရှင်၊ အလှူရှင်များအား ပါဝင်လှူဒါန်း ကုသိုလ်ပြုကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**ပန်းတောင်းသန်းကြွယ်**

*ထင်သာမြင်သာပြုပြင်စရာ*

## သီပေါမြို့ နမ့်ပေါ့ချောင်းကူးတံတား ရေတိုက်စားသွား၍ ပြုပြင်ပေးစေလို

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေများစီးဆင်းမှုကြောင့် မြို့လယ်ရပ်ကွက်နှင့် ဇာတ်စုရပ်ကွက်များသို့ ပေါင်းကူးဆက်သွယ်ပေးသည့် နမ့်ပေါ့ချောင်းကူးတံတားအလယ်ခန်းဖွဲ့မှု ကျိုးကျပျက်စီးသွားသဖြင့် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ ဆက်သွယ်သွားလာမှု မရှဲရပ်ဆိုင်းလျက်ရှိသည်ကို ဇူလိုင် ၁ ရက်က တွေ့ခဲ့ရသည်။

သို့ဖြစ်၍ သွားလာမှုအဆင်ပြေချောမွေ့ရေးအတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးပါရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**





# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှိရှိ၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❐ *ရှေ့ဖုံးမှ*

လုပ်ငန်းများကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် အသင်းကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ (Beat Plastic Pollution)ဟူသော ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်၏ ဆိုးကျိုးကို ကိုယ်စီကိုယ်စီ သိရှိကြရုံသာမက လူအများ ပူးပေါင်းပါဝင်လုပ်ဆောင်လာစေရန်၊ ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော အကြောင်းအရာများကို သိရှိလာပြီး တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်၊ အသင်းအဖွဲ့မှတစ်ဆင့် ရပ်ရွာ၊ မြို့ နိုင်ငံမှသည် စိမ်းလန်းစိုပြည်သော ကမ္ဘာကြီးဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သော မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန်ဟူသော မွန်မြတ်သော ရည်ရွယ်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၃။ လက်ရှိအချိန်တွင် Green Life (အစိမ်းရောင်ဘဝ) အသင်းတွင် အသင်းဝင်အဖြစ် ရွာခံလူငယ် ၂၈၀ ဦးအထိ တိုးချဲ့ထားရှိပြီး လစဉ်လတိုင်း လအလယ်တွင် တစ်ကြိမ်၊ လကုန်ရက်တွင် တစ်ကြိမ်၊ ရွာတောင်ပိုင်းနှင့် မြောက်ပိုင်း ခွဲခြားသတ်မှတ်၍ အဓိက လူငယ် ၁၀၀ ဦးခန့်က အလှည့်ကျစနစ်ဖြင့် ထမ်းဆောင်နေကြကြောင်း၊ အိမ်တိုင်းအိမ်တိုင်းတွင် ဆာလာအိတ်များ ချိတ်ဆွဲထား ရှိပေးခြင်း၊ ရွာလယ် လမ်းဆုံလမ်းခွများတွင် ပလတ်စတစ်အမှိုက်ပုံးကြီးများထားရှိပေးခြင်းဖြင့် ရွာသူရွာသားများအား စနစ်တကျ အမှိုက်စွန့်ပစ်လာစေရန် ကြိုးပမ်းစည်းရုံးမှုကြောင့် ယခုအခါ တစ်ရွာလုံးက ပါဝင်လုပ်ဆောင်လာကြပြီး ရန်ပုံငွေထည့်ဝင်ခြင်းများရှိလာပြီဖြစ်ကြောင်း၊ အမှိုက်သယ်၊ အမှိုက်စွန့်ရန် ထော်လာဂျီယာဉ်တစ်စီးလည်း ပိုင်ဆိုင်နေပြီဖြစ်ကြောင်း၊ ထို့အပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာတွင်လည်း အသင်းဝင်လူငယ်များက ပလတ်စတစ်ကင်းစင်ရေးနှင့် အမှိုက်စနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများကို ကူညီပေးလျက်ရှိကြောင်း သိရှိရပါသည်။

၄။ ဒီပဲယင်းကွဲကျေးရွာသူ ကျေးရွာသား လူငယ်မောင်မယ်များ ဦးဆောင်သည့် Green Life အသင်း၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် တစ်ရွာလုံးက လိုက်ပါဆောင်ရွက်လာကြသည့် ရလဒ်ကောင်းများသည် မိမိတို့နိုင်ငံ၊ မြို့ရွာ၊ ရပ်ကွက်များအားလုံးက အတုယူအားကျလေးစားဖွယ် ပြယုဂ်တစ်ခုဖြစ်ပါသည်။ သေးငယ်သော ကျေးရွာလေးပင်ဖြစ်စေကာမူ အသိပညာ၊ ဝါသနာနှင့် စေတနာကို အရင်းခံမှုတို့စွမ်းနိုင်သမျှ ပေါင်းစည်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ရင်း လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကို တဖြည်းဖြည်းချင်း မြှင့်တင်တိုးချဲ့ဆောင်ရွက်နေခြင်းသည် လွယ်ကူလှသော လုပ်ဆောင်ချက်မဟုတ်ကြောင်း တွေ့မြင်ရပေသည်။

၅။ သို့ဖြစ်၍ ယခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ရခြင်းဖြစ်ပါသည်။

၆။ Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနည်းတူ နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံတည်ဆောက်ရေးတွင် ပေါင်းစည်းအင်အားကို အရင်းခံအခြေပြုလျက် မိမိတို့ရပ်ရွာ၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးအတွက် တတ်စွမ်းသမျှဝိုင်းဝန်းကူညီပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

## Green Life (အစိမ်းရောင်ဘဝ)
## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာအုပ်စု၊ ဒီပဲယင်းကွဲကျေးရွာတွင် ဆရာလေး ဒေါ်အိန္ဒြသိင်္ဂီ ၏ ဆက်သွယ်မှု ဖြင့် ၂၀၁၁ ခုနှစ်တွင် ရန်ကုန်မြို့နေဒေါက်တာခင်ဇော်ဝင်း (တမ္ဗဒီပလူမှု အဖွဲ့အစည်း၊ ရန်ကုန်)က ဒီပဲယင်းကွဲ ကျေးရွာသို့ လာရောက်၍ လူငယ်များကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသင်တန်းများ (၅) ရက်ခန့် ပို့ချခဲ့ပြီး ထိုနှစ်တွင်ပင် ဒီပဲယင်းကွဲ လူငယ်များမှ စုပေါင်း၍ Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းကို ၎င်းကျေးရွာသူ၊ ကျေးရွာသားများဖြစ်ကြသည့် ဦးကျော်မင်းဦး (ဥက္ကဋ္ဌ)၊ ဒေါ်အေးမြသန္တာလှိုင် (အတွင်းရေးမှူး)၊ ဒေါ်မို့မို့ဝင်း(ဘဏ္ဍာရေး မှူး)၊ ဦးကျော့ကျော့မောင် (စာရင်းကိုင်)၊ ဒေါ်ချမ်းမြငြိမ်း(စာရင်းစစ်)၊ ဦးမျိုးမြင့်မြတ်(အဖွဲ့ဝင်) နှင့် ဒေါ်မိုးယုခိုင်(အဖွဲ့ဝင်) တို့က အမှုဆောင်များအဖြစ် တာဝန်ယူလျက် အသင်းဝင် အင်အား (၄၈)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

၂။ Green Life အဖွဲ့သည် လူငယ်များဖြင့် ဖွဲ့စည်းထားရှိပြီး ဒီပဲယင်းကွဲကျေးရွာအတွင်း အိမ်တိုင်းတွင် အမှိုက်စွန့်ပစ်ရန် ဆာလာအိတ် များထားရှိပေးခြင်း၊ ကျေးရွာတွင်းလမ်းဆုံလမ်းခွတိုင်းတွင် အမှိုက်ပုံးများထားရှိပေးခြင်းတို့ဖြင့် အမှိုက်များစနစ်တကျ စွန့်ပစ်ရေးကို စည်းရုံးပညာပေးဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ၎င်းအမှိုက်များအား လဝက်တွင် (၁)ကြိမ်၊ လကုန်တွင် (၁)ကြိမ်၊ ရွာတောင်ပိုင်း နှင့် မြောက်ပိုင်း (၂) ကြိမ်ခွဲ၍ အမှိုက်များစွန့်ပစ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ တစ်ရွာလုံးနီးပါးပါဝင်ဆောင်ရွက်လာပြီး ပလပ်စတစ်အမှိုက်များကို ခွဲခြား၍ စနစ်တကျ စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိနေပြီဖြစ်သည့်အပြင် ကျေးရွာသူကျေးရွာသားစေတနာရှင်များကလည်း အဖွဲ့ရန်ပုံငွေသို့ ငွေကြေးများ ထည့်ဝင်လှူဒါန်းပေးလျက်ရှိပါသည်။ ထို့အပြင် အမှိုက်များထဲမှ ပြန်လည်ရောင်းချနိုင်သည့် ပစ္စည်းများကို ရွေးထုတ်၍ ပြန်လည်ရောင်းချ ခြင်းမှလည်း ရန်ပုံငွေ ရရှိပါသည်။ ယခုအခါ Green Life အဖွဲ့တွင် ကျေးရွာလူငယ် ၂၈၀ ဦးကျော် ပါဝင်လျက်ရှိပြီး အဓိကအားဖြင့် အဖွဲ့ဝင် လူငယ် (၁၀၀) ဦးခန့်ဖြင့် ပလပ်စတစ် အမှိုက်သန့်ရှင်းရေးနှင့် စွန့်ပစ်ခြင်းများကို အလှည့်ကျ ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာ (၇) ရွာတွင်ပါ စနစ်တကျ အမှိုက်စွန့်ပစ်ရေး အတွက် ကူညီပေးလျက်ရှိပါသည်။

၃။ ဒီပဲယင်းကွဲကျေးရွာသည် လူမှုရေး၊ သာရေးနာရေး၊ ပညာရေး၊ စီးပွားရေးတို့တွင်သာမက Green Life အဖွဲ့၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက်ကိုလည်း စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အတုယူဖွယ်ကျေးရွာ၊ စံပြုထိုက်သည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ Green Life (အစိမ်းရောင်ဘဝ) အသင်း၏ ပလပ်စတစ်ကင်းစင်ရေး လှုပ်ရှားဆောင်ရွက်အောင်မြင်နေမှု များသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော Beat Plastic Pollution (ပလပ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့) နှင့်လည်း ကိုက်ညီလျက်ရှိပြီး မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု မဖြစ်အောင် ၎င်းလူငယ်များ၏ အသိပညာဖြင့် ဆောလျင်စွာ ကြိုးပမ်းအားထုတ်မှုသည် နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာနေ လူငယ်များအတွက် စံပြု အတုယူဖွယ်ဖြစ်ပါသည်။

## Green Life (အစိမ်းရောင်ဘဝ)
## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းအမှုဆောင်များ



ဦးမျိုးမြင့်မြတ်



ဦးကျော်မင်းဦး



ဦးကျော့ကျော့မောင်



ဒေါ်အေးမြသန္တာလှိုင်



ဒေါ်ချမ်းမြမြဝင်း



ဒေါ်မို့မို့ဝင်း



ဒေါ်မိုးယုခိုင်

ကျေးရွာတွင်းရှိလမ်းများတွင် အမှိုက်ပုံးများ ချထားဆောင်ရွက်နေပုံ



ကျေးရွာအတွင်းရှိအိမ်များတွင် ဆာလာအိတ်များ ချိတ်ဆွဲဆောင်ရွက်နေပုံ




*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

အမှိုက်ပုံးနှင့်ဆာလာအိတ်များထဲမှ အမှိုက်များအား အိတ်ကြီးထဲပေါင်းထည့်နေပုံ



အမှိုက်များထဲမှ ဘူးခွံ၊ပုလင်းခွံနှင့် ရေဘူးဟောင်းများ ရှာဖွေနေပုံ



အိတ်ကြီးထဲမှအမှိုက်များကို စွန့်ပစ်ရန် ထော်လာဂျီပေါ်သို့တင်နေပုံ



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်တင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မုတ်သားဖွယ်ရာမိုးရေချိန်များမှာ ရွှေကျင်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၃ ဒသမ ၀၇ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၂၉ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၁၂ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ရှမ်းရွာသစ်တွင် ၁ ဒသမ ၅၆ လက်မနှင့် မုဒုံမြို့တွင် ၁ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**



ဇူလိုင် ၂ ရက်က ကြည့်မြင်တိုင် အထက (၂) ထီးတန်းခန်းမ၌ ခရီးသွားပြည်သူများနှင့် ကျောင်းသားကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဟောပြောပွဲပြုလုပ်ရာ ယာဉ်ထိန်းတပ်ဖွဲ့စု (၄၀) မှ တပ်စုမှူး ဒုတိယရဲမှူး အောင်နိုင်ဦးက ဟောပြောစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

*** ရှေ့ဖုံးမှ**

အခြေခံ၍ ရေးဆွဲထားပါကြောင်း၊ အဆိုပါ စီမံကိန်းတွင် ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပါဝင်သက်ဆိုင်သူအားလုံးတို့၏ ဆောင်ရွက်ရန်တို့ကို အခန်းကဏ္ဍအလိုက် ထည့်သွင်းရေးဆွဲထားကြောင်း၊ ထို့အပြင် လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မိမိကျရာအခန်းကဏ္ဍမှ ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ လူမှုအဖွဲ့အစည်းများသည် မဲစာရင်းပြုစုခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း စသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊လုပ်ငန်းစဉ်များအပေါ် လေ့လာသုံးသပ်ဆွေးနွေးအကြံပြုပေးစေလိုပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ အောင်မြင်ခဲ့ခြင်းမှာ လူမှုအဖွဲ့အစည်းများ၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရှင်သန်မှု၊ နိုင်ငံတော်၏ ရေရှည်အကျိုးကို ကြည့်ရှု၍ လူမှုအဖွဲ့အစည်းများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် IFES မှ Country Director Mr. Paul Guerin OBE က သုံးသပ်ဆွေးနွေးပွဲ အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မဟာဗျူဟာစီမံကိန်းပါ အခန်းအလိုက် တက်ရောက်လာသော လူမှုအဖွဲ့အစည်းများက အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဆွေးနွေး အကြံပြုတင်ပြကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာ စီမံကိန်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် သုံးသပ်ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၁/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာမြလေးစိန် ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်)သင်တန်းသားများနှင့်တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့နယ်ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်) သို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဒါရှီခေါ်နန်းက ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်) နှင့် သက်ဆိုင်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက သားဖွားဆရာမများသည် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ရှေ့တန်းမှ တာဝန်ယူဆောင်ရွက်နေသူများဖြစ်ကြောင်း၊ သားဖွားဆရာမများအနေဖြင့် သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) သင်တန်းကို ယခုထက် ပိုမိုတက်ရောက်သင်ကြားနိုင်ရေးအတွက် အရေအတွက် တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ သားဖွားဆရာမများအတွက် စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကို အထူးဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သားဖွားဆရာမများ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူပြုနိုင်စေရန် သားဖွားဆရာမများနှင့် သက်ဆိုင်သည့် ဆေးပညာရပ်များ အပါအဝင် ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးရန်အတွက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ ထည့်သွင်းထားသော မိုဘိုင်းတက်ဘလက်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အား အသုံးပြုခြင်းဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို သိရှိနိုင်ခြင်း၊ နောက်ဆုံးပေါ် ဆေးပညာရပ်များကို သိရှိနိုင်ခြင်း၊ ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများနှင့် ချိတ်ဆက်၍ ကျွမ်းကျင်မှုဆိုင်ရာ ကူညီထောက်ပံ့မှုရယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် သားဖွားဆရာမများ၏ ရာထူးအဆင့်ဆင့်တိုးတက်နိုင်မှု အခွင့်အလမ်းရရှိနိုင်ရေးအတွက်လည်း အပြည့်အဝဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သားဖွားသင်တန်းသူများ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှု၍ ပြင်ဆင်မွမ်းမံထားရှိသော သားဖွားသင်တန်းသူ အဆောင်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ထောက်ပံ့ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ အေစီယူ၏ (၄၇) ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ကျင်းပသည့် (၄၇) ကြိမ်မြောက်အေစီယူ ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။





အဆိုပါအစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိစီးပွားရေး တိုးတက်မှုနှင့် အလားအလာများ၊ ၂၀၁၇ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း အေစီယူ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အေစီယူစနစ်အတွင်း ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ပိုမိုတိုးတက်လာစေရေး၊ Cybersecurity အရေးကြီးမှုနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အေစီယူပိုမိုကျယ်ပြန့်ပြီး အားကောင်းခိုင်မာလာစေရန် ဆောင်ရွက်မှုများနှင့် ပတ်သက်၍တက်ရောက်လာသောအဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇွန် ၃၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးသင့်ဒေသများအား ထိရောက်စွာကူညီဆောင်ရွက်ပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူအများက တစ်စိတ်တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ကြမှသာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယမန်နေ့ မွန်းတည့် ၁၂ နာရီက ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ၌ တောင်သူများနှင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ယခုနှစ်ဇွန်လအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ထိခိုက်မှုရှိခဲ့သောစိုက်ကွင်းများအား ပျက်စီးမှုအနည်းဆုံး ဖြစ်စေရန် ဌာနဆိုင်ရာများမှ တောင်သူများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးနေမှုများနှင့် လာမည့်စိုက်ပျိုးရာသီအချိန်မီမျိုးစေ့သွင်းအားစုနှင့် နည်းပညာပေးရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသ၏ရေစီးရေလာကောင်းမွန်ရေး အထောက်အကူပြုချောင်းကောမြောင်းကောများ ပြန်လည်တူးဖော်နိုင်ရေးလုပ်ငန်းများသည် မဖြစ်မနေဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ခုဖြစ်သည့်နည်းတူ စိုက်ပျိုးမြေများကို ရေသွင်းရေနုတ်စနစ်ကောင်းမွန်သော အဆင့်မြင့်လယ်ယာစနစ်ပြောင်းလဲရေး၊ စိုက်ချိန် စိုက်ရက် စိုက်စနစ်များကို ရာသီဥတုနှင့်အညီ ချိန်ဆဆောင်ရွက်ရေး၊ ဈေးကွက်ဝင်ဈေးကောင်းရ သီးနှံများအဖြစ် နိုင်ငံတကာစံချိန်စံညွှန်းမီ စိုက်ပျိုးထုတ်လုပ်နိုင်ရန် နည်းပညာများပြောင်းလဲ ကျင့်သုံးရေးစသည့်လုပ်ငန်းစဉ်များကို တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ပြည်သူနှင့်အတူ လက်တွဲညီပူးပေါင်းဆောင်ရွက်နိုင်မှသာ သိသာထင်ရှားသောအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မကွေးမြို့ ဖိုလေးလုံးကျေးရွာ၌ GAP စနစ်ဖြင့် စိုက်ပျိုးသောမိုးနှမ်းစိုက်ခင်းအား ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ထိခိုက်ပျက်စီးခဲ့ပြီးသော သီးနှံများ၏ ဆုံးရှုံးရမှုကို ကာမိစေရန် လာမည့်သီးနှံရာသီအတွက် လိုအပ်သောမျိုးစေ့၊ သွင်းအားစုနှင့် ထွန်ယက်ရေးလုပ်ငန်းများကို နိုင်ငံတော်အပိုင်းမှ အထိုက်အလျောက် ကူညီပံ့ပိုးပေးနိုင်ရေးဆောင်ရွက်နေသကဲ့သို့ တောင်သူများအပိုင်းမှလည်း ပညာရှင်များ၏ နည်းပညာအကြံဉာဏ်များကို တိကျစွာလိုက်နာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ တောင်သူများဘက်မှ စနစ်တကျလိုက်နာ ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို အသေးစိတ်ရှင်းလင် ဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လှူဒါန်းသော စားသောက်ဖွယ်ရာများ၊ တိရစ္ဆာန်ကုသဆေးဝါးများနှင့် တိရစ္ဆာန်အစာများကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ ဒေသနေပြည်သူများကိုယ်စား ပွင့်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

မကွေးတိုင်းဒေသကြီးအနေဖြင့် ယခုနှစ် နွေစပါး ၆၅၃၇၈ ဧကစိုက်ပျိုးခဲ့ပြီး ၂၂၇ ဧက ပျက်စီးခဲ့ကာ နွေနှမ်း ဧက၅၆၆၅၀ စိုက်ပျိုးခဲ့ပြီး ၃၂၅၂၇ ဧက ပျက်စီးခဲ့သည်။ အလားတူမိုးနှမ်း ၂၆၉၂ ဧက၊ ပဲတီစိမ်း ၅၁၆၇ ဧက၊ ဖူးစားပြောင်း ဧက ၆၇၀၊ မိုးမြေပဲ ၃၁၂ ဧက၊ ဧရာတ်စို ၁၉၉ ဧကအပါအဝင် မိုးကြီးရွာသွန်းမှုကြောင့် ရေကြီးရေလျှံပြီး သီးနှံစုံစုစုပေါင်း ၆၆၀၄၆ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးမြို့ ဖိုလေးလုံးကျေးရွာတွင် GAP စနစ်ဖြင့် စိုက်ပျိုးသောမိုးနှမ်းစိုက်တောင်သူများနှင့်တွေ့ဆုံပွဲ သို့ တက်ရောက် ဆွေးနွေးကြပြီး မိုးနှမ်းစိုက်ခင်းအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကယားပြည်နယ်အတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဇွန် ၂၉ ရက်မွန်းလွဲ ၂ နာရီတွင် ပျဉ်းမနား-ကင်းသာ - ကိုးကွေ့လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနား - လိန်းလီ - ပင်လောင်းလမ်းပေါ်ရှိ လိန်းလီကြိုးတံတားသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တံတားကြီးရေရှည်တည်တံ့နိုင်ရေးအတွက် ကျွမ်းကျင်သူများ၊ နည်းပညာရှင်များနှင့် ပူးပေါင်းပြီးစစ်ဆေးထိန်းသိမ်းသွားရန် မှာကြားသည်။

ယင်းနောက် ပျဉ်းမနား - ပင်လောင်းလမ်း (ကိုးကွေ့ - ပင်လောင်းအပိုင်း) လမ်းကွေ့များအား လမ်းချဲ့ခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ထားရှိခြင်းနှင့် ခရီးသွားပြည်သူများ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် Guard Rail များဆောင်ရွက်ထားရှိမှု၊ အောင်ပန်း - ပင်လောင်း - မိုးဗြဲ - လွိုင်ကော်လမ်း (ပင်လောင်း - လွိုင်ကော်အပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် လွိုင်ကော်-ဘောလခဲ - ဖားဆောင်းလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ထူးချောင်းတံတားကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ သံလွင်တံတား (ဖားဆောင်း) ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် မယ်စဲ့မြို့သို့ ရောက်ရှိပြီး မြန်မာ - ထိုင်းနယ်စပ် မယ်စဲ့ - နန်းမန်း - BP (13) လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့တွင် အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၂) မှ တာဝန်ယူတည်ဆောက်နေသော နည်းပညာတက္ကသိုလ် (လွိုင်ကော်)၏ ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ နှစ်ထပ် RC တစ်လုံးဆောက်လုပ်ခြင်းနှင့် ထမင်းစားဆောင်တစ်ထပ်နှစ်လုံးတည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် တာဝန်ရှိသူက အလျားပေ ၂၀၀၊ အနံ ၃၅ ပေ နှစ်ထပ် RC တစ်လုံးဆောက်လုပ်နေမှုနှင့် အလျားပေ ၆၀၊ အနံပေ ၄၀ ပေ တစ်ထပ်နှစ်လုံး ထမင်းစားဆောင်ဆောက်လုပ်နေမှု၊ အဆောင်အဝင်လမ်း ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး သတ်မှတ်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။




ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များအား မှာကြားသည်။

**သတင်းစဉ်**

# မန္တလေးစာတိုက်ကြီး၌ ခေတ်မီကောင်တာအသစ်ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၌ စာတိုက်ကောင်တာသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်ဖွင့်လှစ်ပေးသည်။



အခမ်းအနားသို့ ဂျပန်နိုင်ငံပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ Director General Mr. EiJiMakiguchi၊ Japan Post မှ Executive Vice President Mr.KunioTanigaki၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ CounsellorMr. Kawyuki Takimi၊ Nagata Myanmar မှ Managing Director Mr.KatsutoshiYabui နှင့် တာဝန်ရှိသူများ၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မန္တလေးတိုင်းဒေသကြီးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားကြပြီး ခေတ်မီကောင်တာသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ ခေတ်မီကောင်တာသစ်သည် ဂျပန်-မြန်မာစာပို့လုပ်ငန်း နည်းပညာအကူအညီပေးရေး၏ အစီအစဉ်တစ်ရပ်ဖြစ်ပြီး မြန်မာ့စာတိုက်လုပ်ငန်းက ပြည်သူများအတွက် စာတိုက်ဝန်ဆောင်မှုများ ပေးရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သည့် ခေတ်မီစာတိုက်ကောင်တာသစ်တွင် မြန်မာ့စာတိုက်လုပ်ငန်းနှင့် ကြော်ငြာလုပ်ငန်းများအကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Nagata Co.,Ltd မှ ကောင်တာလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် IT နည်းပညာသုံး Queuing Machine Wireless System အား ကူညီဖြည့်ဆည်းပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အထက(၁၁)မှ ကျောင်းသား၊ ကျောင်းသူလေးများအား လိပ်စာအပြည့်အစုံ ရေးသားတတ်စေရန်နှင့် စာပို့သင်္ကေတသုံးစွဲနည်းနှင့် လိပ်စာမှန်မှ စာဝေမြန်မည်ဖြစ်သည့်အတွက် အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားတက်ရောက်လာသူများက မန္တလေးစာတိုက်ကြီး ကောင်တာသစ်ဖွင့်ပွဲ အမှတ်တရပို့စကတ်များအား မိတ်ဆွေများထံသို့ ပေးပို့ခဲ့ကြသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူများက မန္တလေးစာတိုက်ကြီးအတွင်း ကောင်တာသစ်တွင် Queuing Wireless System အသုံးပြုပုံများ၊ e-post Delivery Monitoring System အသုံးပြု၍ စာတိုက်ဝန်ဆောင်မှုများ ဆောင်ရွက်နေမှုများနှင့် မြန်မာ့စာတိုက်လုပ်ငန်းမှ တိုးချဲ့ဆောင်ရွက်လျက်ရှိသော ပြည်သူ့အကျိုးပြုဝန်ဆောင်မှုအသစ်များကို စိတ်ဝင်တစားလေ့လာကြည့်ရှု ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကိုယ်တိုင်သိ၊ တစ်ဆင့်ပွား၊ ကျန်းမာစေဖို့ သတင်းစကား(၁)

ဒေါက်တာဖြူဖြူအေး(ကျန်းမာရေးအသိပညာ)၊ ဒေါက်တာဇော်လင်း(ငှက်ဖျား)

**"သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှု စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းခန့်မှာ လူကြီးများ ဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ၏ ပစ်မှတ်သည် ကလေးများသာမကဘဲ လူကြီး၊ လူငယ်မရွေး အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိနေသည်ကို အထူးသိစေလိုပါသည်"**

### မိုးရာသီနှင့်အတူ

ကျွန်ုပ်တို့နိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဥတုသုံးလီ ရှိသည့်အနက် မိုးဥတုသည် ဇွန်လမှ အောက်တိုဘာလအထိ ဖြစ်သည်ဟု မှတ်သားခဲ့ဖူးပါသည်။ ယခုနှစ်များအတွင်း သတိပြုမိသည်မှာ ဧပြီလ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် လွန်သည်နှင့် ကောင်းကင်တွင် မိုးရိပ်ကဆင်လာတတ်သည်။ ဘင်္ဂလား ပင်လယ်အော်တွင်လည်း မုန်တိုင်းက တဝေ့ဝေ့။ မုန်တိုင်းသည် များသောအားဖြင့် မုတ်သုံရာသီကို တစ်ပါတည်း ခေါ်လာလေ့ရှိသည်။ မုန်တိုင်းအပြီးတွင် ပိုမိုသရုပ်ပီပြင်လာတော့သည်။

ပူပြင်းခြောက်သွေ့သော နွေ၏သရုပ်အစား မိုးစက်မိုးပေါက်များဖြင့် အေးချမ်းသောမုတ်သုံ၏ နေ့ရက်များ ဝင်ရောက်လာတော့သည်။ မိုးသက်လေတွင် မြေသင်းနံ့ တကြိုင်ကြိုင်နှင့် အေးချမ်းသော မိုးဦးကျကာလများပင်။ ကောင်းကင်တွင် ခဲသားရောင်မိုးတိမ်များ ခြယ်သလျက်။ မိုးရေဖျန်း၍ စိမ်းမြလန်းဆန်းသောပတ်ဝန်းကျင်က ညို့မှိုင်းအုပ်ဆိုင်းစွာရှိတတ်သည်။

တစ်ခါတစ်ရံတွင်တော့ မိုးတိမ်ကြားကထွက်ပြူလာသော နေရောင်ခြည်ဖြင့် တောက်ပလာတတ်သည်။ ထိုသို့ စိမ်းလန်းသော၊ လတ်ဆတ်သောလှပမှုများ၏ နောက်ကွယ်တွင် လူကြီး၊ လူငယ်မရွေးကို ဆိုးကျိုးပေးနိုင်သော အန္တရာယ်တစ်ခုက ကပ်ပါလာတတ်သည်မှာ နှစ်စဉ်နှစ်တိုင်း ပုံမှန်ဖြစ်နေပေပြီ။ ယင်းမှာမိုးရာသီတွင် အများဆုံးဖြစ်ပွားလေ့ရှိသော **"သွေးလွန်တုပ်ကွေး"**ရောဂါပင်ဖြစ်ပါသည်။

### အန္တရာယ်၏အတိမ်အနက်

နိုင်ငံတစ်ဝန်းကြည့်လျှင် တစ်နှစ်ပတ်လုံး ကြိုးကြားကြိုးကြားဖြစ်တတ်သော်လည်း ဖြစ်ပွားနှုန်းက မိုးရာသီတွင် အမြင့်ဆုံးဖြစ်၏။ ရောဂါဖြစ်ပွားမှု ဂရပ်တွေကို ကြည့်လျှင် မေလလယ်ခန့်မှ တရိပ်ရိပ်တက်လာသော ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့မှာ အမြင့်ဆုံးရောက်နေသည်ကို တွေ့ရမည်။ အထူးသဖြင့် ကပ်ရောဂါ အသွင်ဖြစ်ပွားခဲ့သည့် ၂၀၀၉၊ ၂၀၁၅ နှင့် ၂၀၁၇ ခုနှစ်များတွင် ပို၍ထင်ရှားစွာ တွေ့ရသည်။

ထို့ကြောင့် ယခုဇူလိုင်လဆန်းမှစ၍ လာမည့်သီတင်းပတ်များသည် အလွန်အရေးကြီးသော ကာလများဖြစ်ကြောင်း သတိပေးအပ်ပါသည်။

သွေးလွန်တုပ်ကွေးရာဇဝင်ကိုကြည့်ပါက ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ပြီး ဖြစ်ပွားသူ ၁၆၅၄ ဦးအနက် ၉၁ ဦး သေဆုံးခဲ့သည်ကို တွေ့ရသည်။ ယခင်က ရန်ကုန်တိုင်းဒေသကြီးနှင့် ဆက်စပ်လျက်ရှိသော ဒေသကြီး များတွင်သာ ဖြစ်ပွားခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် နယ်မြေတဖြည်းဖြည်းတိုးချဲ့လာကာ ၂၀၁၅ ခုနှစ်မှစတင်ကာ နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ဖြစ်ပွားလာခဲ့သည်။ သွေးလွန်တုပ်ကွေးက တောင်တန်း၊ မြေပြန့်၊ မြစ်ဝကျွန်းပေါ် ဒေသစွဲမထား၊ မခွဲခြားတော့။ တစ်နိုင်ငံလုံးကို ဖြန့်ကြက်ထားလေသည်။

ကျွန်ုပ်တို့ အမြဲလိုပင် ထိတ်လန့်တကြားဖြစ်ရသော သေဆုံးမှုများကလည်း နှစ်စဉ်ရှိမြဲပင်။ ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ်က စာရင်းများအရ ၃၁၂၈၈ ဦးဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၉၂ ဦးရှိခဲ့ပါသည်။

ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လတတိယပတ် အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် ဖြစ်ပွားသူစုစုပေါင်း ၄၀၀၀ ကျော်နှင့် သေဆုံးသူရှစ်ဦးရှိပြီဖြစ်ကြောင်း စာရင်းရရှိပါသည်။ ထို့ကြောင့်လည်း ဖြစ်ပွားမှုနှုန်း မြင့်တက်လာသော ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုကို ဦးစားပေးဒေသများအဖြစ် သတ်မှတ်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စောစီးစွာ စတင်ခဲ့သည်။ အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါသည်။

### ပစ်မှတ်သဖွယ်

သွေးလွန်တုပ်ကွေးရောဂါကို လွန်ခဲ့သောနှစ်များစွာက အသက် ၁၅ နှစ်အောက်ကလေးငယ်များတွင် အများဆုံးဖြစ်ပွားလေ့ရှိကြောင်း မှတ်သားရပါသည်။ ရောဂါက တဖြည်းဖြည်း နယ်ချဲ့လာ၏။ ၂၀၁၇ ခုနှစ် စာရင်းများအရ အသက် ၁၅ နှစ်အထက်တွင် ဖြစ်ပွားသူ ၃၇၆၆ ဦးနှင့်သေဆုံးသူ ၂၇ ဦးရှိကြောင်း တွေ့ရသည်။

ထို့အပြင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှု စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းခန့်မှာ လူကြီးများဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ၏ ပစ်မှတ်သည် ကလေးများသာမကဘဲ လူကြီး၊ လူငယ်မရွေး အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိနေသည်ကို အထူးသိစေလိုပါသည်။

### ထူးခြားသောသဘာဝပိုင်ရှင် ခြင်ကျား

သွေးလွန်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးတစ်မျိုး ကူးစက်မှုကြောင့်ဖြစ်ပွားပါသည်။ ဒင်ဂီးဗိုင်းရပ်စ် (Dengue Virus) ဟုခေါ်ပါသည်။ ပိုးမျိုးကွဲ လေးမျိုးရှိသည်။ အဆိုပါ ဗိုင်းရပ်စ်ကိုအေးဒီးစ် (Aedes) အမည်ရှိခြင်ကျားက သယ်ဆောင်လာကာ ခြင်ကိုက်ခံရခြင်းဖြင့် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပြန့်ပွားခြင်းဖြစ်သည်။

အေးဒီးစ်ခြင်ကျားကို ကျန်းမာရေးဝန်ထမ်းများက "မြို့သားခြင်" ဟု အမည်ပေးထားကြ၏။ အဘယ်ကြောင့်နည်း။ မြို့ဆန်သည့် သဘာဝများရှိနေခြင်းကြောင့် ဖြစ်ပေမည်။ သူက ရေကြည် ရေသန့်ကိုမှ ကြိုက်သည်။ ရေကြည် ရေသန့်တွင် မွေးဖွားကာ ရေကြည် ရေသန့်တွင် မျိုးဆက်အတွက် ဥချပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ အိမ်တွင်း အိမ်ပြင်ရှိ ရေသိုလှောင်ထားရာ နေရာများသည် သူတို့အကြိုက်ဖြစ်၏။ အိမ်တစ်အိမ်အတွင်းက ဘုရားပန်းအိုး၊ နတ်တင်သည့်စင်မှ ရေထည့်ထားသော အိုးခွက် ကစ၍ မြေပြင်ပေါ်ရှိတာယာများ၊ ဘူးခွံများ၊ အုန်းမှုတ်ခွက်ပါမကျန် ကျေးလက်တောရွာရှိ ခြံစည်းရိုးတိုင်လုပ်ထားသည့် ဝါးဆစ်ခေါင်းလေးများအထိ နေရာယူတတ်သည်။ ယင်းနေရာများသည် သူတို့အသိုက်အမြုံ။

လူသွေးကိုအလိုရှိသည်မှာ ခြင်မ ဖြစ်သည်။ မျိုးဆက်ပြန့်ပွားရေးအတွက် ဥချဖို့ အာဟာရကို လူသွေးမှရယူသည်။ ထို့ကြောင့် သွေးစုပ်ရန်အလို့ငှာ လူကိုလာကိုက်ပါသည်။ ကိုက်ပုံကိုက်နည်းက စိတ်ဝင်စားစရာပင်။ လူတစ်ဦးတည်းကို ဗိုက်ဝအောင်ကိုက်ခဲသည်။ သူကိုက်နေစဉ်တွင် လူက နည်းနည်းလေးလှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း ထပျံကာ နောက်တစ်ဦးကို ပြောင်းတတ်သည်။ သို့ဖြင့် ပထမအချီတွင် အနည်းဆုံးလူ သုံး၊လေးဦးကို ကိုက်တတ်သည်။ သို့သော် ဥချဖို့ အားမလုံလောက်သည့်အတွက် ဒုတိယအချီ လှုပ်ရှားရပြန်သည်။ ပထမနည်းအတိုင်းပင်။

ထို့ကြောင့် သူတစ်ခါဥဖို့အရေး လူခြောက်ဦးမှ ရှစ်ဦးခန့်အထိ သွေးစုပ်ခံရသည်။ ထို့နောက်တွင်တော့ ဥချပါသည်။ အေးဒီးစ်ခြင်ကျားမတစ်ကောင်သည် တစ်ကြိမ်လျှင် ဥပေါင်း၁၀၀ မှ ၁၅၀ အထိ ရာနှင့်ချီ၍ ဥချတတ်သည်။

### ကိုယ်တိုင်သိက ဆင့်ပွားရ

"ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏" စကားရှိပါသည်။ မှန်ပါသည်။ ရောဂါကိုမဖြစ်ခင်ကြိုတင် ကာကွယ်ထားခြင်းဖြင့် ဖြစ်ပွားမှုတားဆီးထားခြင်းသည် ရောဂါဖြစ်မှ ကုသရသည့် ဒုက္ခများကို ကင်းဝေးစေပါသည်။ ကလေးငယ်တစ်ဦး သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လာပါက မိခင်၊ ဖခင်တို့ မည်မျှစိတ်နှလုံး ပူပန်ရပါသနည်း။မိသားစု၏ စိုးရိမ်ထိတ်လန့်မှုများ မည်မျှအထိ မြင့်တက်သွားပါသနည်း။

ခြင်ကိုက်မခံရအောင်ဆောင်ရွက်ခြင်းသည် အကျိုးရှိ၍ ထိရောက်သော ကာကွယ်ခြင်းနည်းလမ်းဖြစ်ပါသည်။

အထူးသဖြင့် နေ့အချိန်တွင် မိမိပတ်ဝန်းကျင်၌ အေးဒီးစ်ခြင်ကျားရှိနေတတ်ပါသည်။ အိမ်ရှိလူတိုင်းနှင့် ကျောင်းတက်ရသော ကလေးငယ်များကိုလည်း ခြင်ကိုက်မခံရအောင် အဝတ်အစားလုံခြုံစွာ ဝတ်ဆင်ပေးဖို့ နှိုးဆော်လိုပါသည်။ ကျောင်းက ဆရာ ဆရာမ များလည်း သတိပြုကြစေလိုပါသည်။ ထို့အပြင် ရနိုင်ပါက ခြင်နိုင်ဆေးလိမ်းထားခြင်းဖြင့်လည်း ကာကွယ်နိုင်ပါသည်။

ထို့အပြင် နေ့၊ ညမရွေး ခြင်ထောင်ဖြင့် အိပ်ခြင်းဖြင့် ခြင်ကိုက်မခံရစေဖို့ ကာကွယ်ထားရန်လိုပါသည်။ အထူးသဖြင့် မူကြိုကျောင်းမှ ကလေးငယ်များကို နေ့လယ် အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ရန် အရေးကြီးပါသည်။

ဖျားနာပါက သွေးလွန်တုပ်ကွေးဖြစ်နိုင်ကြောင်းကိုလည်း သတိချပ်ရပေမည်။ မပေါ့အပ်ပါ။

သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။ ဖော်ပြပါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို မိသားစုအတွင်း တစ်ဦးချင်းစီကစ၍ လိုက်နာကျင့်သုံးပြီး ခင်မင်ရင်းနှီးရာ ဆွေမျိုးမိတ်သင်္ဂဟတို့သို့ သတင်းစကား ပြန့်ပွားဆောင်ရွက်ပေးပါက မိမိအကျိုး၊ အများအကျိုး သယ်ပိုးရာရောက်မည်ဖြစ်ပါကြောင်း အားပေးတိုက်တွန်းအပ်ပါသည်။ ။



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)နှင့် အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)တို့ကို စစ်ဆေး

**နေပြည်တော် ဇူလိုင် ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂၃) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး Machine Tool Assembly Shop တွင် Rolling Machine ဖြင့် စမ်းသပ်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပိုမို အရည်အသွေးကောင်းမွန်စွာဖြင့် လျင်မြန်စွာ ထုတ်လုပ်နိုင်ရေးအတွက် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်ရုံအတွင်းရှိ စက်ပစ္စည်းများ အသင့်ရောင်းချနိုင်ရန် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်ဝင်စက်ပစ္စည်းအသစ်များထုတ်လုပ်နိုင်ရေး တီထွင်ဖန်တီးကြရန် ရှိပြီးပညာရပ်များ တိမ်ကောပျောက်ပျက်မသွားစေရေး ဆင့်ပွားသင်တန်းများပေးရန်၊ စက်ပစ္စည်းကိရိယာများကို အရည်အသွေးပြည့်မီရန်နှင့် ရေရှည်အသုံးပြုနိုင်ရန် စီမံထုတ်လုပ်ကြရန် မှာကြားသည်။

**အသင့် လွှဲပြောင်းပေးနိုင်**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁ ရက် ညနေပိုင်းတွင် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅)အကြီးစားစက်ရုံသို့ ရောက်ရှိပြီး လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး CAAM (Commission on Accreditation of Ambulance, Myanmar) ၏ သတ်မှတ်ချက်နှင့်အညီ အထူးအလေးထားဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအပ်နှံနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။ ယခုအချိန်ထိ လူနာတင်ယာဉ် အစီး ၅၀ မှာ အသင့်လွှဲပြောင်းပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❍ *ကျောဖုံးမှ*

ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်း၊ စနစ်ပြောင်းပြီး ဆောင်ရွက်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ လူတွေရဲ့ ကိုယ်ကျင့်တရားကို ထိခိုက်စေတဲ့ အဂတိလိုက်စားမှုကို တားဆီးတိုက်ဖျက်ရေးအတွက် ထိထိရောက်ရောက် လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အဂတိလိုက်စားမှုမှာ ပါဝင်ခြင်းမရှိကြဘဲ အဂတိလိုက်စားမှုကို နားလည်ရှောင်ကြဉ်ကြဖို့ လိုအပ်ပါတယ်။ ဒါမှ မိမိတို့နိုင်ငံမှာ စီးပွားရေးမြင်ကွင်းကောင်းတစ်ခု ပေါ်ထွက်လာပြီး ရင်းနှီးမြှုပ်နှံချင်သူတွေအနေနဲ့ နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမှာ တတ်နိုင်သလောက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြဖို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်” ဟု ပြောကြားသည်။

**တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာဖြစ်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က “ကျွန်တော်တို့ဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နေတဲ့ အချိန်ကာလမှာ အားလုံးတက်ညီလက်ညီ ပါဝင်လာခြင်းဟာ အလွန်ကြီးမားတဲ့ အောင်မြင်မှုလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ လက်ရှိ ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒါဟာ တစ်နှစ်၊ နှစ်နှစ် အကျိုးသက်ရောက်မှု မရှိသေးပေမယ့် ဆယ်စုနှစ်တစ်ခုလောက် ကြာတဲ့အခါ အကျိုးသက်ရောက်မှု အများကြီးကို ခံစားရမှာ ဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလမ်းစဉ်ကို ချမှတ်တဲ့နေရာမှာ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုမှာ အဂတိလိုက်စားမှုကို ပိုမိုပြီး ထိရောက်အောင် ဆောင်ရွက်သွားဖို့ဆိုတဲ့ လမ်းညွှန်ချက်ရှိပါတယ်။ အဲ့ဒီလမ်းညွှန်ချက်အရ ကျွန်တော်တို့ကော်မရှင်အနေနဲ့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

“ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုနဲ့ ချိတ်ဆက်နေတယ်ဆိုတာ လုပ်ငန်းရှင်များ အသိပဲ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုကြောင့် စီးပွားရေးပိုင်းရော အုပ်ချုပ်ရေးပိုင်းမှာပါ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်ပါတယ်။ စီးပွားရေးပိုင်းကိုကြည့်ရင် အဂတိလိုက်စားမှု မြင့်မားလာလေလေ စီးပွားရေးကျဆင်းလာလေလေ၊ ဝင်ငွေကွာဟချက်ကြီးမားလေလေ ဆင်းရဲနွမ်းပါးမှု ကြီးထွားလေလေ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးပိုင်းကလည်း အဂတိလိုက်စားမှု မြင့်မားလေလေ အုပ်ချုပ်မှုစွမ်းရည် ကျဆင်းလေလေ ဖြစ်ပါတယ်။ အုပ်ချုပ်မှုစွမ်းရည်ကျဆင်းရင် မျှဝေမှု၊ ပြည်သူ့ဘဏ္ဍာခွဲဝေမှု မမျှမတဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု ကြီးထွားလေလေ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှု ထိခိုက်စေတာကြောင့် ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို နိုင်ငံရေးစိတ်စေတနာပြည့်ဝစွာဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကုန်သည်စက်မှုအသင်းချုပ်ကြီးက ကျွန်တော်တို့နဲ့ အတူတကွပူးပေါင်းပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ခြင်း ပူးတွဲကြေညာချက်ကို စောစီးစွာ လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းမှာ ထူးခြားလေးနက် ဂုဏ်သိက္ခာရှိမှာဖြစ်ကြောင်း တင်ပြလိုပါတယ်” ဟု ပြောကြားသည်။




**ဦးစားပေး လုပ်ငန်းတစ်ခု**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး၊ ပညာပေးရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်၊ အဂတိလိုက်စားမှုဆန့်ကျင်ရေးကျင့်ဝတ်ရေးဆွဲရေး(Code of Conduct- CoC )၊ မဖြစ်ပွားအောင် တားဆီးကာကွယ်သည့် နည်းလမ်းများနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေကိုဆန်းစစ်သည့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌထံမှ သိရသည်။

ကုန်သည်စက်မှုအသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က “ကုန်သည်ကြီးများ အသင်းချုပ်မှာ United Nations Global Compact (UNGC) အဖွဲ့မဝင်ရသေးသူတွေ ဝင်ရောက်ဖို့ တိုက်တွန်းပါတယ်။ အဲဒီလိုဝင်ရောက်ရင် ကတိကဝတ်လေးခု ပြုရမှာ ဖြစ်ပါတယ်။ တစ်က လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမယ်၊ နှစ်က မိမိဝန်ထမ်းတွေကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမယ်၊ သုံးက ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းတဲ့ ကတိကဝတ်ထိန်းသိမ်းဖို့နဲ့ လေးက အဂတိလိုက်စားမှုအပေါ် ထိန်းသိမ်းမယ် ဆိုတာပါ။ ဒါကြောင့် ဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ အဂတိလိုက်စားမှုက နှစ်ပိုင်းပါပါတယ်။ ယူတဲ့သူကို ယူတာမျိုးမဖြစ်အောင် ကြိုတင်ကာကွယ်သလို၊ လုပ်ငန်းရှင်တွေဘက်ကလည်း အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုတဲ့ ကျင့်ဝတ်ရေးဆွဲရေး(CoC) ကို လုပ်ရပါမယ်။ ကုမ္ပဏီတစ်ခုချင်းက ကျင့်ဝတ် (CoC) ရေးဆွဲပြီး လိုက်နာရပါမယ်။ ဒီနေ့ အခမ်းအနားက ကတိကဝတ်ထိုးရုံတင်မကပဲ ကုမ္ပဏီလုပ်ငန်းရှင်တွေအားလုံး မပြုစုတတ်ရင် တတ်နိုင်သမျှ လုပ်ပေးပါမယ်။ ကျွန်တော့်မှာ ကျင့်ဝတ် ရေးဆွဲပုံ ရေးဆွဲနည်း အဆင်သင့်ရှိပါတယ်။ ကော်မရှင် ဥက္ကဋ္ဌနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ပေးပါမယ်” ဟု ထည့်သွင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသူများက သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြပြီး ဒေါက်တာအောင်ထွန်းသက်၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးတို့က ပြန်လည်ဖြေကြားပေးခဲ့သည်။

**ထုတ်ပြန်**

ဆက်လက်၍ အဂတိလိုက်စားမှုဆန့်ကျင်ခြင်း ပူးတွဲကြေညာချက်ကို UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး ကျင့်ဝတ်ပြည့်ဝသည့် စီးပွားရေးလုပ်ငန်း အလေ့အကျင့်များ ဖွံ့ဖြိုးလာစေရန်နှင့် အဂတိလိုက်စားမှုကို ဆန့်ကျင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်သည်စက်မှုအသင်းချုပ်၏ အသင်းဝင်ကုမ္ပဏီများအား စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း (Code of Conduct) ကို ရေးဆွဲပြီး လိုက်နာလုပ်ဆောင်ကြစေရေး ပူးပေါင်းကူညီရန်၊ အဂတိလိုက်စားမှုဆိုင်ရာ အသိပညာပေး အစီအစဉ်များနှင့် စွမ်းရည်မြှင့်အစီအစဉ်များ စီစဉ်သွားရန်၊ လုပ်ငန်းကုမ္ပဏီများနှင့် ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များကြားတွင် အဂတိလိုက်စားမှု ဆန့်ကျင်ခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် အလေ့အကျင့်ကောင်းများ ဝေမျှနိုင်ရေး ကွန်ရက်များ တည်ဆောက်ရေး၊ United Nations Global Compact Network Myanmar နဲ့ ချိတ်ဆက် ဆောင်ရွက်၍ လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်မည်ဟု ကြေညာချက်ထုတ်နိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယနေ့ကျင်းပသည့် အဂတိလိုက်စားမှုဆန့်ကျင်ခြင်း ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ UMFCCI ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

✪ *ကျောဖုံးမှ*

**“အမျိုးသမီးနှင့်ဥပဒေ”** ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းပို့ချကြပြီး ဗဟိုအမျိုးသမီးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဒေါ်ဇင်မာအောင်က စုံညီတွေ့ဆုံပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့မှုများ၊ တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းလာသည့် စာတမ်းဆိုင်ရာများနှင့် မေးခွန်းများ၊ ဆောင်ရွက်ရမည့်တာဝန်များ၊ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးလုပ်ငန်းကော်မတီရုံးများတွင် အသုံးပြုရန် ကွန်ပျူတာများ ထောက်ပံ့ပေးအပ်ပြီး မွန်းလွဲပိုင်းတွင် စုံညီတွေ့ဆုံပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

နေပြည်တော်၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပခဲ့သည့် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ စွမ်းရည်တိုးတက်စေရန် ရုံးလုပ်ငန်း လုပ်ထုံး လုပ်နည်းများ၊ ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများ၊ အမျိုးသမီးများနှင့် ဥပဒေဆိုင်ရာစည်းမျဉ်း စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများ၊ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဟောပြောပို့ချ ဆွေးနွေးခဲ့သည့်အပြင် အမျိုးသမီးများ ကြုံတွေ့ရင်ဆိုင်နေရသည့် အခက်အခဲများကို လုပ်ငန်းကော်မတီအနေဖြင့် ကူညီဆောင်ရွက်ပေးရန်အတွက် နည်းလမ်းများကို ဆွေးနွေး အဖြေရှာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို၊ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဒလမြို့နယ်၌ ကျင်းပ

**ဒလ ဇူလိုင် ၂**

ရန်ကုန်တောင်ပိုင်ခရိုင် ဒလမြို့နယ် ခနောင် ရွာမကျေးရွာအုပ်စု ခနောင်လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်၌ ၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂ ရက် နံနက် ၇ နာရီခွဲခန့်က အဆိုပါနေရာ၌ ကျင်းပသည်။



ပထမဦးစွာ ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက မြို့နယ်ပညာရေးမှူး ဦးအောင်နိုင်စိုးအား လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မင်းကွန်ဇံအား လည်းကောင်း ပျိုးပင်များကို ပေးအပ်ပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ကျွန်း၊ ယူကလစ်၊ မယ်ဇလီ၊ စိန်ပန်း၊ ခရေစသည့် အရိပ်ရသစ်ပင်ပေါင်း ၁၂၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဒလ (ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အဆင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်တွေ ဇူလိုင် ၂



**ရခိုင်ပြည်နယ်အဆင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Program-CMP) အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုက ယခုဆွေးနွေးပွဲသည် ရည်ရွယ်ချက်ကောင်းကောင်းနှင့် အနှစ်သာရ ပြည့်ပြည့်ဝဝ ဆောင်ရွက်သွားနိုင်မည်ဆိုလျှင် နိုင်ငံအတွက်၊ ပြည်သူများအတွက် အကောင်းဆုံးအကျိုးရလဒ်ရရှိမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း "တရားမျှတရေး အတူတကွမြှင့်တင်ပေး" ဆောင်ပုဒ်ကို ဖော်ဆောင်ပြီး တရားစီရင်ရေး သုံးနှစ်တာမဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သုံးနှစ်တာစီမံကိန်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရှေ့ပြေးတရားရုံးများအဖြစ် ဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ယင်းစီမံကိန်းပြီးဆုံးသည့်အခါ စီမံကိန်းအပေါ်အခြေခံပြုပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းသစ် ၂၀၁၈-၂၀၂၂ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအစီအစဉ်ကို နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် စစ်တွေခရိုင်တရားရုံးနှင့် စစ်တွေမြို့နယ်တရားရုံးတို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် အမှုစစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်ကြရမည့် ဆက်စပ်ဌာနအဖွဲ့အစည်းများအနေဖြင့် ပြည်သူများအကျိုးကို ရှေးရှုပြီး မှုခင်းစီမံခန့်ခွဲရေးလုပ်ငန်းများအောင်မြင်ရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်ကက တရားစီရင်းရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအကြောင်းနှင့် ပြောင်းလဲကျင့်သုံးမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုးက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP)ဖြင့် ဆောင်ရွက်ကျင့်သုံးမည့် လုပ်ငန်းစဉ်အဆင့်ဆင့်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာကြသော ဌာနဆိုင်များနှင့် ဖိတ်ကြားထားသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေးဦးစီးမှူးတို့က ပြန်လည်ဖြေကြားကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုပြုလုပ်မည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ကျင့်သုံးမည့် လုပ်ငန်းစဉ်အဆင့်ဆင့်များကို ပြည်သူများ သိရှိနိုင်ရန်အတွက် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရေးဆွဲသည့်တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ အရ နိုင်ငံတစ်ဝန်း တရားရုံးများတွင် ကျင့်သုံးမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ရခိုင်ပြည်နယ်၌ စစ်တွေခရိုင် တရားရုံးနှင့် စစ်တွေမြို့နယ် တရားရုံးတို့တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ကျင့်သုံးမည်ဖြစ်ရာ လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်တရားလွှတ်တော်မှ တရားစွဲအဖွဲ့အစည်းများ၊ တရားစီရင်ရေးနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများ၊ ရှေ့နေများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီညှိနှိုင်း

**စစ်တွေ ဇူလိုင် ၂**



နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ပြန်လည်ဝင်ရောက်လာသူများအတွက် လက်ခံရေးစခန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဆောင်ရွက်ထားရှိမှု၊ လက်ခံရေးစခန်းများတွင် ဝန်ထမ်းများ တာဝန်ချထားပြီး ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဖြည့်စွက်ဆွေးနွေး ပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက ဒေသတွင်း တိမ်းရှောင်သူများနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသူများကို စိစစ်ပြီး ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီသို့ လွှဲပြောင်းပေးနိုင်ရေးတို့ကို လုပ်ငန်းအလိုက် ဆောင်ရွက်ရန်နှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် လက်ခံရေးစခန်းများ၏ လုံခြုံရေး စသည့်ကဏ္ဍတို့ကို ကော်မတီအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ပေါင်းစပ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(မြန်/ဆက်)**

# ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိပြင်ကျေးရွာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား အသက်ကယ်အင်္ကျီများ ထောက်ပံ့

**စစ်တွေ ဇူလိုင် ၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိပြင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အသက်ကယ်အင်္ကျီများကို ယနေ့မွန်းလွဲပိုင်းက သွားရောက်ထောက်ပံ့ လှူဒါန်းပေးခဲ့သည်။

**လက်တွေ့သရုပ်ပြ**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်၊ ရခိုင်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ထွန်းလှနှင့် ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိပြင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် မြစ်ကူး၊ ချောင်းကူး၍ ပညာဆည်းပူးနေကြရသော ကျောင်းသား ကျောင်းသူ ၆၀ အတွက် အသက် ကယ်အင်္ကျီများအား ထောက်ပံ့ပေးအပ်ကြပြီး လက်တွေ့သရုပ်ပြ ဝတ်ဆင်ပေးခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ရေလမ်းခရီးဖြင့် ကျောင်းတက် ကျောင်းဆင်း ပြုလုပ်ရသော ကျောင်းသား ကျောင်းသူပေါင်း လေးထောင်ကျော်ရှိကြောင်း သိရပြီး အသက်ကယ်ဝတ်စုံများအား ကျောင်းသားဦးရေအလိုက် ဖြန့်ဝေပေးထားကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခြင်းနှင့် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၂၄ ရက်တွင် နယ်ခြားမှတ်တိုင် ၃၉ မှ ၄၀ အထိနှင့် နယ်ခြားမှတ်တိုင် ၄၈ မှ ၄၉ အထိ လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် နယ်ခြားမှတ်တိုင် ၄၉ မှ ၅၀ အထိ လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် နယ်ခြားမှတ်တိုင် ၄၀ မှ ၄၁ အထိနှင့် နယ်ခြားမှတ်တိုင် ၅၀ မှ ၅၁ အထိ လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် နယ်ခြားမှတ်တိုင် ၅၁ မှ ၅၁-၅ အထိလည်းကောင်း၊ ဇွန် ၃၀ ရက်တွင် နယ်ခြားမှတ်တိုင် ၄၂-၁-၂ မှ ၄၂ အထိနှင့် နယ်ခြားမှတ်တိုင် ၅၃ မှ ၅၄ အထိ လည်းကောင်း မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းကို ဇွန် ၂၂ ရက်တွင် တစ်ကြိမ်၊ ဇွန် ၂၇ ရက်တွင် တစ်ကြိမ်နှင့် ဇွန် ၃၀ ရက်တွင် တစ်ကြိမ် ဆောင်ရွက်ခဲ့သည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ၁၄ ကြိမ်၊ မတ်လတွင် ခုနစ်ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် ၁၈ ကြိမ် စုစုပေါင်း ၅၅ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်း ရှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# မောင်တောမြို့နယ် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆွေးနွေးပွဲ (စကားဝိုင်း)ကျင်းပ

**မောင်တော ဇူလိုင် ၂**

မောင်တောမြို့နယ် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆွေးနွေးပွဲ(စကားဝိုင်း)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အ.ထ.က(၁)အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးခင်အောင်က အမှာစကားပြောကြားပြီး Development Media Group (DMG) မှ အယ်ဒီတာချုပ်နှင့် အမှုဆောင် ဒါရိုက်တာ ဦးအောင်မင်းဦးက မီဒီယာလုပ်ဆောင်မှုများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်များကို မီဒီယာမှတစ်ဆင့် ထောက်ပြဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နုက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း မြင့်မားလာစေရန် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဓိကကဏ္ဍရပ် တစ်ရပ်အဖြစ် ပါဝင်နေကြောင်း ပြောကြားခဲ့သည်။ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဆရာမောင်အုန်းကြည်က နယ်မြေဒေသလုံခြုံရေးကလည်း အရေးကြီးကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အဆိုပါဆွေးနွေးပွဲ (စကားဝိုင်း)၌ ရပ်မိရပ်ဖ ဦးအောင်ကျော်ညွန့်ကလည်း နယ်ဘက်၌ တာဝန်ကျသူ ဆရာ ဆရာမများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာနှင့် လုံခြုံမှုအခြေအနေများ ဆွေးနွေးတင်ပြသည်။ **သက်လွင်စိုး (မြန်/ဆက်)**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် သင်္ချာဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019 SAMPLE QUESTION**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**
**MATHEMATICS Time Allowed: (3) Hours**
**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**

**SECTION (A)**
**(Answer ALL questions)**

1.(a) If f: R  R is defined by $f(x) = x^2 + 3$, find the function g such that $(g.f)(x)= 2x^2+3$. (3 marks)

(b) The expression $6x^2 - 2x+3$ leaves a remainder of 3 when divided by x-p. Determine the values of p. (3 marks)

2.(a) Find the coefficient of $x^{-10}$ in the expansion of $(2-\frac{1}{x^2})^8$. (3 marks)

(b) Which term of the A.P. 6, 13, 20, 27, … is 111? (3 marks)

3.(a) If $A=\begin{pmatrix}2&0\\1&5\end{pmatrix}, B=\begin{pmatrix}1&0\\2&k\end{pmatrix}$ find the value of k such that AB = BA. (3 marks)

(b) If a die is rolled 60 times, what is the expected frequency of a number divisible by 3 turns up? (3 marks)

4.(a) In the given figure, AB = BC. Find x and y.



(3 marks)

(b) It is given that $\vec{a}$ and $\vec{b}$ are non-zero and non-parallel vectors. If $3\vec{a}+x(\vec{b}-\vec{a})=y(\vec{a}+2\vec{b})$, find the values of x and y. (3 marks)

5.(a) Prove that $\operatorname{cosec}\theta=\frac{\cos 2\theta}{\sin\theta}+\frac{\sin 2\theta}{\cos\theta}$. (3 marks)

(b) Evaluate $\lim_{x\to 2}\frac{x^3-8}{x^2+3x-10}$ and $\lim_{x\to\infty}\frac{\sqrt{2x}-\sqrt{a}}{\sqrt{2x}+\sqrt{a}}$. (3 marks)

**SECTION (B)**
**(Answer any FOUR questions)**

6.(a) A function f is defined by $f(x) = 3x – 1$. Determine whether $(f^{-1}\circ f^{-1})(x)$ is the same as $(f^{-1}\circ f^{-1})(x)$. (5 marks)

(b) Given that $f(x)=x^3+px^2-2x+4\sqrt{3}$ has a factor $x+\sqrt{2}$ find the value of p. Show that $x-2\sqrt{3}$ is also a factor and solve the equation $f(x) = 0$. (5 marks)

7.(a) Let $j^+$ be the set of all positive integers. Is the function $\odot$ defined by $x \odot y = x + 3y$ a binary operation on $j^+$? Why? If it is a binary operation, find $(2\odot 3)\odot 4$. Solve the equation $(k\odot 5) – (3\odot k) = 2k + 8$. (5 marks)

(b) The first three terms in the expansion of $(a + b)^n$, in ascending powers of b, are denoted by p, q and r respectively. Show that $\frac{q^2}{pr}=\frac{2n}{n-1}$. (5 marks)

8.(a) Find the solution set of the inequation $2 + 3x > 5x^2$ and illustrate it on the number line. (5 marks)

(b) The sum of four consecutive numbers in an A.P. is 28. The product of the second and third numbers exceeds that of the first and last by 18. Find the numbers. (5 marks)

9.(a) The product of the first 3 terms of a G.P. is 1 and the product of the third, fourth and fifth terms is $11\frac{25}{64}$. Find the fifth term of the G.P. (5 marks)

(b) Show that the matrix $A=\begin{pmatrix}2&3\\3&2\end{pmatrix}$ satisfies the equation $A^2 – 4A – 5I = O$, where I is the unit matrix of order 2. (5 marks)

10.(a) Find the inverse of the matrix $\begin{pmatrix}7&8\\5&6\end{pmatrix}$ and use it to solve the system of equations $7x + 8y = 10, 5x + 6y = 7$. (5 marks)

(b) A coin is tossed three times. Head or tail is recorded each time. Drawing a tree diagram, find the probabilities of getting exactly one head, and getting no heads. (5 marks)

**SECTION (C)**
**(Answer any THREE questions)**

11.(a) Two circles intersect at A, B. At A a tangent is drawn to each circle meeting the circles again at P and Q respectively. Prove that $\angle ABP=\angle ABQ$. (5 marks)

(b) In $\Delta ABC$, AD and BE are altitudes. If $\angle ACB=45^\circ$, prove that $\alpha(\Delta DEC)=\alpha(ABDE)$. (5 marks)

12.(a) In $\Delta ABC$, $AB=AC$. P is a point on BC, and Y is a point on AP. The circles BPY and CPY cut AB and AC respectively at X and Z. Prove XZ // BC. (5 marks)

(b) Given that $\sin\alpha=\frac{15}{17}$ and that $\cos\beta=-\frac{3}{5}$ and that $\alpha$ and $\beta$ are in the same quadrant, find without using tables, the values of sin $2\alpha$, $\cos\frac{\alpha}{2}$ and $\cos 2\beta$. (5 marks)

13.(a) A town A is 50 miles away from a town B in the direction N 35° E and a town C is 68 miles from B in the direction N 42°12' W. Calculate the distance and bearing of A from C. (5 marks)

(b) If $y=x^2+2x+3$, show that $(\frac{d^2y}{dx^2})^3+(\frac{dy}{dx})^2=4y$. (5 marks)

14.(a) The vector $\overrightarrow{OP}$ has a magnitude of 26 units and has the same direction as $\begin{pmatrix}-5\\12\end{pmatrix}$. The vector $\overrightarrow{OQ}$ has a magnitude of 20 units and has the same direction as $\begin{pmatrix}3\\4\end{pmatrix}$. Find the magnitude of $\overrightarrow{PQ}$. (5 marks)

(b) Find the stationary points of the curve $y = x^2(3 – x)$ and determine their natures. (5 marks)

## ဂျပန်နိုင်ငံ Kenko Tokina Group ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနှစ်ဆုရရှိ

**မန္တလေး ဇူလိုင် ၂**

ဂျပန်နိုင်ငံ Kenko Tokina Group မှ ဦးစီး၍ International Filter Photo Contest ၂၀၁၇ - ၂၀၁၈ ဓာတ်ပုံပြိုင်ပွဲကျင်းပရာ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ကျော်ကျော်ဝင်းနှင့် မန္တလေးမြို့မှ မျိုးမင်းကြွယ် (ရွှေတောင်ကြား) နှစ်ဦးတို့ ဆုရရှိကြကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲသည် အင်တာနက်မှ ပေးပို့ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်ပြီး ယှဉ်ပြိုင်ပေးပို့သော ဓာတ်ပုံများသည် Kenko Tokina ကုမ္ပဏီမှ ထုတ်လုပ်သောFilter မှန်ဘီလူးများ တပ်ဆင်၍ ရိုက်ကူးယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သည်။



Jury special prize ဆုရရှိသော မျိုးမင်းကြွယ်(ရွှေတောင်ကြား) ၏ ဓာတ်ပုံ



KT special prize ဆုရရှိသော ကျော်ကျော်ဝင်း၏ ဓာတ်ပုံ

နိုင်ငံတကာအသီးသီးမှ ဓာတ်ပုံဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ Grand prize ဆုကို ဂျပန်နိုင်ငံမှ ရရှိခဲ့သည်။ ဆုအမျိုးအစားများမှာ Grand prize၊ Jury special prize၊ KT special prize၊ Excellent works ဆုနှင့် PCC prize ဆုများ ဖြစ်သည်။ မြန်မာနိုင်ငံမှ ရရှိသောဆုမှာ မန္တလေးမြို့မှ ဓာတ်ပုံဆရာ မျိုးမင်းကြွယ်(ရွှေတောင်ကြား) က Jury special prize ဆုရရှိပြီး ဆုကြေးငွေမှာ ဂျပန်ယန်းငွေ (တစ်သိန်း)၊ ရန်ကုန်မြို့ မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌ ကျော်ကျော်ဝင်းက KT special prize ဆုရရှိပြီး ဆုကြေးအဖြစ် Filter မှန်ဘီလူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## လူထုအခြေပြု ဆယ်ကျော်သက်လူငယ် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အလုပ်ရုံဆွေးနွေး

**ပင်းတယ ဇူလိုင် ၂**

ရှမ်းပြည်တောင်ပိုင်း နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် MPPR(The Offical Representative Of Pathfinder International) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်အဆင့် လူထုအခြေပြုဆယ်ကျော်သက်လူငယ်လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းမင်းထွဋ်နှင့် MPPR အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါက်တာဖြိုးသက်လွင်တို့က လူထုအခြေပြုဆယ်ကျော်သက် လူငယ်လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဒေါက်တာသန်းမင်းထွဋ်က ပင်းတယမြို့နယ်တွင်သာမက တစ်နိုင်ငံလုံးအနေဖြင့် ကြည့်မည်ဆိုလျှင် ဆယ်ကျော်သက်လူငယ်များ၏ ကလေးမွေးဖွားမှုနှုန်း တဖြည်းဖြည်းမြင့်မားလာကြောင်း၊ အသိပညာပေးမှု နည်းပါးသည့်အတွက် Single Mother များ၊ မလိုလားအပ်သော ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ဝန်ဖျက်ချမှုများရှိလာပြီး ထိုမှတစ်ဆင့် HIVAIDS ကူးစက်မှုများရှိလာသဖြင့် လူငယ်များအကြား လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဗဟုသုတများ သိရှိနားလည်စေရန် ရည်ရွယ်ပြီး ယခုလို အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ MPPR အဖွဲ့မှ စီမံကိန်းမန်နေဂျာနှင့် ဦးအောင်မိုး ဦးဆောင်သောအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့်၊ နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးညီလေးချမ်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆယ်ကျော်သက်လူငယ်များက ကျန်းမာရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပု UNHCR ၏ အာရှပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဇူလိုင် ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုသည် UNHCR ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Indrika Ratwatte, ဒုတိယညွှန်ကြားရေးမှူး Mr.Bernard Doyle နှင့် အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးစခန်း တည်ဆောက်ထားမှု၊ ကြားစခန်းနှင့် IDP Camp များ တည်ဆောက်ထားမှု၊ အစိုးရမှ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး Mr.Indrika Ratwatte က ပြင်သစ်နိုင်ငံ၏အစီအစဉ်ဖြင့် လူသားချင်းဆိုင်ရာ အကူအညီများပေးသွားမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

**တာဝန်ရှိသူများနှင့် တွေ့ဆုံ**

Mr. Indrika Ratwatte နှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် ခေါင်းဒုက္ခာ IDP Camp သို့ သွားရောက်ပြီး စခန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ အဆိုပါအဖွဲ့သည် ဇူလိုင် ၃ ရက်တွင် မောင်တောဒေသသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်သူရ၊ ဟန်လင်းနိုင်**



# တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား၌ ရွှေ့ပြောင်းအလုပ်သမား ၁၆ ဦး လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇူလိုင် ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ် ၂ ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆ ဦးကို ဇူလိုင် ၂ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများမှာ ထိုင်းနိုင်ငံ Border Pass သက်တမ်းလွန်ခြင်း၊ အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင် CNCMC တို့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခု လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆ ဦး အပါအဝင် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂ ရက်အထိ တရားမဝင် မြန်မာရွှေ့ပြောင်း အလုပ်သမား အမျိုးသား ၃၅၃ ဦး၊ အမျိုးသမီး ၁၆၀ နှင့် ကလေး ၁၉ ဦး စုစုပေါင်း ၅၃၂ ဦး ရှိပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိရာ ဇူလိုင် ၁ ရက်တွင် ဥရုချောင်း ရေကြီး ရေလျှံမှုဖြစ်ကာ လုံးခင်းတံတားပေါ် ရေကျော်ခဲ့သဖြင့် တံတားတွင် တင်ကျန်ရစ်သော အမှိုက်သရိုက်များကြောင့် ရေစီးတွင် မျောပါခြင်းမဖြစ်စေရန် ဌာနဆိုင်ရာများနှင့် လူမှုရေး အဖွဲ့အစည်းများက ဆယ်ယူစဉ်။

နီတိုး(မိုးညှင်း)

# မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

**မိတ္ထီလာ ဇူလိုင် ၂**

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်က ရဲရိပ်သာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကိုက ပညာသင်စရိတ် ထောက်ပံ့ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကိုနှင့် ဇနီး ခရိုင်ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဌေးဌေးမြင့်တို့က ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

၂၀၁၈-၂၀၁၉ ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ခုနစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၈၅၀၀ နှုန်းဖြင့် အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**




# နည်းပညာဝန်ဆောင်မှု အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းခြင်း

မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူဗဟိုပြုသော ငွေကြေးဝန်ဆောင်မှုများကို ခေတ်မီနည်းပညာများအသုံးပြုကာ အစဉ်အလေးထားဆောင်ရွက်ပေးလျက်ရှိရာ Myanmar Mobile Money (MMM) နှင့် အကျိုးတူပူးပေါင်း၍ Point of Sale (POS) စက်များဖြင့် ငွေလက်ခံပေးခြင်း၊ ငွေထုတ်ပေးခြင်း၊ တယ်လီဖုန်းဘီလ်ဖြည့်တင်းပေးခြင်း၊ Bank to Business Transfer (B2B)၊ အငြိမ်းစားလစာထုတ်ပေးခြင်းစသည့် လုပ်ငန်းစဉ်များကို ခရိုင်၊ မြို့နယ်ဘဏ်ခွဲပေါင်း ၂၈၁ ဘဏ်တွင် Cash Point အဖြစ် MPT, MecTel, Mytel အသုံးပြုသူ Customer များကို မိုဘိုင်းဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ထို့အတူ မည်သည့် Sim Card ကိုင်ဆောင်သူကိုမဆို မိုဘိုင်းဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ပြီး Wave Money, OK$ တို့နှင့်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ နည်းပညာသည် တစ်နေ့ထက်တစ်နေ့ ပိုမိုသာလွန်ကောင်းမွန်နေသောကြောင့် မြန်မာ့စီးပွားရေးဘဏ်သည် စိတ်ချလုံခြုံပြီး စနစ်ကျသည့် မည်သည့်နည်းပညာကိုမဆို အကျိုးတူပူးပေါင်းဆောင်ရွက်လိုသောကြောင့် နည်းပညာကုမ္ပဏီများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ အဆိုပြုကမ်းလှမ်း ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**


# ဖားကန့်မြို့နယ်အတွင်း ဥရုချောင်းရေများ ဝင်ရောက်မှုကြောင့် စာသင်ကျောင်းရှစ်ကျောင်း ခေတ္တပိတ်ထားရ

**ဖားကန့် ဇူလိုင် ၂**

ကချင်ပြည်နယ် မိုးညှင်ခရိုင် ဖားကန့်မြို့နယ် ဥရုချောင်း အထက်ပိုင်း ကန်စီးဒေသ၌ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ယမန်နေ့က မြို့နယ်အတွင်း ပုံမှန်ဝင်ရောက်နေကျနေရာများသာ ဥရုချောင်းရေများ ဝင်ရောက်ခဲ့သော်လည်း ယနေ့နံနက်ပိုင်းမှ စတင်၍ တရိပ်ရိပ်မြင့်တက်လာပြီး စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့ရာ လူများဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေရသောကြောင့် စာသင်ကျောင်းရှစ်ကျောင်းအထိ ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဥရုချောင်းရေများ ဝင်ရောက်မှုကြောင့် ယနေ့ မွန်းတည့် ၁၂ နာရီမှစ၍ ဖားကန့်မြို့နယ်အတွင်းမှ စာသင်ကျောင်းများဖြစ်သည့် အ.ထ.က(လုံးခင်း)၊ အ.လ.က(မရှီကထောင်)၊ အ.လ.က(နမ့်မဖြစ်)၊ အ.လ.က(ခိုမ)၊ မူလွန်(အေးမြသာယာ)၊ အ.မ.က(နန့်နားလိုင်း)နှင့် အ.မက(နန့်စပိန်း)တို့ ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှသိရပြီး ရေဘေးသင့်ပြည်သူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ စီမံမှုဖြင့် ထမင်းထုပ်များ ဝေငှလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖားကန့်မြို့နယ်အတွင်း ဥရုချောင်းရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များ၌ ရေများဝင်ရောက်လျက်ရှိပြီး လူများပြောင်းရွှေ့ပေးနေရ

**ဖားကန့် ဇူလိုင် ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဥရုချောင်းအထက်ပိုင်း ကန်စီးဒေသ၌ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ယမန်နေ့က မြို့နယ်အတွင်း ပုံမှန်ဝင်ရောက်နေကျ နေရာများသာ ဥရုချောင်းရေများ ဝင်ရောက်ခဲ့သော်လည်း ယနေ့နံနက်ပိုင်းမှစတင်၍ တရိပ်ရိပ်မြင့်တက်လာပြီး စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကာ လူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေရကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ငှက်ပျောတောရပ်ကွက် အနိမ့်ပိုင်းတွင် ၁၂ ပေခန့်နှင့် မြို့လမ်းမပေါ်တွင် ခုနစ်ပေခန့်၊ မော်ဝမ်းရပ်ကွက် ဝန်ထမ်းအိမ်ရာဘက်ခြမ်းတွင် လေးပေခန့်၊ မရှီကထောင်ရပ်ကွက်တွင် ငါးပေခန့်၊ မြို့မကျောက်ဝိုင်းတွင် ၁၀ ပေခန့်၊ လုံးခင်းကျေးရွာ ရပ်ကွက် (၁)(၂)(၃)(၄)နှင့် ရပ်ကွက်(၅)အနိမ့်ပိုင်းတွင် လည်းကောင်း၊ အောင်ရာရွာ၊ စွတ်အောင်ရွာတို့တွင် လည်းကောင်း ဥရုချောင်းရေများ ဝင်ရောက်လျက်ရှိပြီး လုံးခင်းကြိုးတံတားနှင့် ဖားကန့်ကြိုးတံတားတို့ပေါ်တွင် တစ်ပေခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

ဥရုချောင်းရေများ နေအိမ်များအတွင်းဝင်ရောက်မှုကြောင့် ပြောင်းရွှေ့ရသော ပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက အန္တရာယ်ကင်းစွာ ပြောင်းရွှေ့နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပေါ်ရေဘေးသင့်ပြည်သူများအား မြို့မဏိဇေယျာဘုန်းကြီးကျောင်း ဓမ္မာရုံတွင် လည်းကောင်း၊ လုံးခင်းကျေးရွာအုပ်စုမှ ရေဘေးသင့်ပြည်သူများအား လုံးခင်းခရစ်ယာန်ဘုရားကျောင်းများတွင် လည်းကောင်း ခေတ္တ နေရာချထားပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြိုင်ကြီးငူ - အထူးဒေသနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေး



**နေပြည်တော် ဇူလိုင် ၂**

ကရင်ပြည်နယ် ဘားအံခရိုင် မြိုင်ကြီးငူ-အထူးဒေသရှိ ဒေသနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်မှ စတင်၍ JICA အစီအစဉ်ဖြင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၅ ဒသမ ၂၄ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၅၉ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင်တို့အား တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ပြီး မြိုင်ကြီးငူ-အထူးဒေသနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော် ဓာတ်အားစနစ် (National Grid) မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ခဲ့သည်။

ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကရင်ပြည်နယ်အစိုးရနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၄ နာရီ မီးရရှိရေးအစီအစဉ်တွင် လှိုင်းဘွဲ့မြို့နယ်ရှိ ၂၀ အမ်ဗွီအေ ဒိုင်းပြဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းကြိုး ၂၅ မိုင်သွယ်တန်းကာ မြိုင်ကြီးငူ-အထူးဒေသတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီး ၁၁ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ အဆိုပါ ၁၁ ကေဗွီ ဓာတ်အားလိုင်း နှစ်လိုင်းမှတစ်ဆင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်သို့ ဓာတ်အားပို့လွှတ်ကာ အိမ်သုံးမီတာ ၁၇၂ လုံးကိုလည်းကောင်း၊ အလင်းရောင်စီမံချက် (One Stop Service) စနစ်ဖြင့် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ပန်းကုန်းကျေးရွာတွင် အိမ်သုံးမီတာ ၃၉ လုံး၊ မအဲကျေးရွာတွင် အိမ်သုံးမီတာ ၅၉ လုံး၊ ကမော့လဲကျေးရွာတွင် အိမ်သုံးမီတာ အလုံး ၂၀၀၊ တောင်စွန်းကျေးရွာတွင် အိမ်သုံးမီတာ ၈၂ လုံး၊ တခွက်ဖိုးကျေးရွာ တွင် အိမ်သုံးမီတာ အလုံး ၂၂၀ စုစုပေါင်း ကျေးရွာ ငါးရွာတွင် အိမ်သုံးမီတာ အလုံး ၆၀၀ တပ်ဆင်ပေးခဲ့ပြီး ဇွန် ၇ ရက်မှ စတင်ကာ ၂၄ နာရီဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

မြိုင်ကြီးငူ-အထူးဒေသကို ယခင်က 200 KVA Diesel Generator ဖြင့် တစ်နေ့လျှင် နှစ်နာရီခွဲခန့်သာ ဓာတ်အား ဖြန့်ဖြူးပေးနိုင်သည်။

ယခုအခါ ၂၄ နာရီ လျှပ်စစ်မီးရရှိသောကြောင့် မြိုင်ကြီးငူ-အထူးဒေသနှင့် ပတ်ဝန်းကျင်ကျေးရွာ ငါးရွာအနေဖြင့် အသေးစား စက်မှုလုပ်ငန်းများဖြစ်သည့် အသားတုလုပ်ငန်း၊ အိမ်သုံးပရိဘောဂလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုအဆင်ပြေလာကြောင်းနှင့် ထင်း၊ မီးသွေးသုံးစွဲမှု လျော့နည်းလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျော့နည်းသွားသည်ဟု ဒေသခံများထံမှ သိရကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းဘဲတန်း၌ AMI မီတာများတပ်ဆင်ခြင်းနှင့် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကွပ်ကဲမှုအောက်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် လမ်း ၃၀ တွင် AMI Meter များ တပ်ဆင်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းရေး၊ ဗို့အားကောင်းမွန်စေရေးအတွက် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများကို ယနေ့ နံနက်က ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ (စီမံ) ဦးခိုင်ဇော်ငြိမ်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ (အင်ဂျင်နီယာ) ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အရာထမ်း၊ အမှုထမ်းအင်အား ၁၃၂ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ ပန်းဘဲတန်းမြို့နယ် ၂၇ လမ်း အလယ်ဘလောက်နှင့် ၂၈ လမ်း အလယ်ဘလောက်တို့တွင် AMI Meter အလုံး ၂၁၀ အား တပ်ဆင်ခြင်းနှင့် ဓာတ်တိုင် ၁၂ တိုင်ရှိ ရှုပ်ထွေးဆားဗစ်ကြိုး ၃၁၀ ချောင်းတို့ကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ကျင်းပမည်ဖြစ်ပြီး စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက်များပြားနေသောကြောင့် ယခင်နှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းများမှာ တိုက်ရိုက် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ကျန်ငါးသင်းမှာ ခြေစစ်ပွဲကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေမြဝတီအသင်း၊ GV Athletic အသင်း၊ RDZ အသင်း၊ AMM အသင်းနှင့် Comrade အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းငါးသင်းသည် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးရသည့် ထိပ်ဆုံးသုံးသင်းမှာ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ခြေစစ်ပွဲအဖြစ် ဇူလိုင် ၉ ရက်တွင် GV Athletic အသင်းနှင့် ရွှေမြဝတီအသင်း၊ AMM အသင်းနှင့် RDZ အသင်း၊ ဇူလိုင် ၁၁ ရက်တွင် RDZ အသင်းနှင့် Comrade အသင်း၊ AMM အသင်းနှင့် GV Athletic အသင်း၊ ဇူလိုင် ၁၃ ရက်တွင် Comrade အသင်းနှင့် AMM အသင်း၊ ရွှေမြဝတီအသင်းနှင့် RDZ အသင်း၊ ဇူလိုင် ၁၅ ရက်တွင် AMM အသင်းနှင့် ရွှေမြဝတီအသင်း၊ GV Athletic အသင်းနှင့် Comrade အသင်း၊ ဇူလိုင် ၁၇ ရက်တွင် RDZ အသင်းနှင့် GV Athletic အသင်း၊ Comrade အသင်းနှင့် ရွှေမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲများကို အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ဖူဆယ်လိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ PU အသင်းအပါအဝင် MIC အသင်း၊ VUC အသင်း၊ ရန်ကုန်စီးတီးအသင်း၊ UPT အသင်း၊ White Colour အသင်း၊ Titans XII အသင်း၊ မြို့မအသင်းနှင့် ယူ-၁၉ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားပြီး ခြေစစ်ပွဲအောင်သုံးသင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ယူ-၁၉ အသင်းသည် အာရှ ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်မည့်အသင်းဖြစ်ပြီး ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုသုံးသင်းရဖူးပြီး ယခုရာသီတွင် MIC နှင့် PU အသင်းသာ ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ *ကျောဖုံးမှ*

ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းစဉ်များတွင် တရုတ်၊ မြန်မာ၊ လာအို၊ ဩစတြေးလျ၊ အမေရိကန် စသည့်နိုင်ငံတကာမှ ကယ်ဆယ်ရှာဖွေရေးသမားပေါင်း ၁၀၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။ အသက် ၂၅ နှစ်အရွယ် ဘောလုံးနည်းပြ Ekapol Chanthawong နှင့် တောဝက်အမည်ရ ဘောလုံးအသင်းမှ အသက် ၁၂ နှစ်မှ ၁၆ နှစ်အရွယ် ကလေး ၁၂ ဦးသည် ဇွန် ၂၃ ရက်က အဆိုပါဂူသို့ အလည်သွားရင်း ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**



# မန္တလေးဘူတာသို့ ရောက်ရှိခဲ့သော မြစ်ကြီးနားမြို့မှ အမျိုးသမီးလေးဦးအား ၎င်းတို့၏ မိဘများထံအပ်နှံ

**မန္တလေး ဇူလိုင် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မြေရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဇော်လင်း၊ ရထားရဲတပ်ဖွဲ့အမှတ်(၁)တပ်ခွဲ မြစ်ကြီးနား ရထားရဲစခန်း စခန်းမှူး ရဲအုပ်နေမင်းထွန်းတို့သည် ဇွန် ၂၇ ရက် ည ၁၁ နာရီက အမှတ် (၄) တပ်ခွဲမှူး ဒုရဲမှူး တင်မောင်ထွန်းထံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်နယ်မြေ ၅ မှ အမျိုးသမီးငယ်လေးဦး ပျောက်ဆုံးသွားသဖြင့် ကူညီစုံစမ်းရှာဖွေပေးနိုင်ရန် ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့သည်။

အဆိုပါ အမှတ်(၄)တပ်ခွဲမှူး ဒုရဲမှူး တင်မောင်ထွန်း၊ မန္တလေးရထားရဲစခန်းမှူး ရဲအုပ်စိုးဦး ဦးဆောင်သောအဖွဲ့ဝင် ခြောက်ဦး၊ မြန်မာ့မီးရထားမှ လက်မှတ်သိမ်း ဦးချစ်ဝင်းထွန်း၊ ဦးအောင်နိုင်ဦးတို့နှင့်အတူ ဇွန် ၂၈ ရက်က မြစ်ကြီးနားဘက်မှ မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်လာသော ရထားများအား ပိတ်ဆို့ရှာဖွေစစ်ဆေးရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အမှတ် (၄၂)အစုန် မြစ်ကြီးနား-မန္တလေး ရထားရိုးရိုးတန်းတွဲ (၆)မှ ဆင်းလာသည့် မငွါးဒူဆဲ(၁၅ နှစ်)၊ မနားစာဒွေ့(၁၅ နှစ်) နှင့် မငွါးမာချာ(၁၆ နှစ်)၊ မနားယိုဒွေ့(ကျောင်းသူ) နယ်မြေ ၅ ပမ္မတီးရပ်ကွက် မြစ်ကြီးနားမြို့နေသူတို့အား တွေ့ရှိသဖြင့် ရထားရဲစခန်းသို့ ခေါ်ဆောင်လာပြီး မြစ်ကြီးနားနယ်မြေရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဇော်လင်းနှင့် အုပ်ထိန်းသူမိဘများထံ မန္တလေးမြို့သို့ လာရောက်ခေါ်ဆောင်နိုင်ရေးအတွက် ဆက်သွယ်အကြောင်းကြားခဲ့သည်။

ဇွန် ၂၉ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်၌ မငွါးဒူဆဲ၏ ဖခင်ဖြစ်သူ ဦးငွါးဆားဟဲ၊ မငွါးမာချာ၏ ဖခင်ဖြစ်သူနှင့် မနားဆာဒွေ့ ဦးလေးဖြစ်သူ ဦးငွါးယောဟဲ့၊ မနားယိုဒွေ့၏ ဖခင်ဖြစ်သူ ဦးဖူရဲဆာတို့သည် မော်တော်ယာဉ်ဖြင့် မန္တလေးရထားရဲစခန်းသို့ ရောက်ရှိဆက်သွယ်လာရာ စခန်းမှူး ရဲအုပ်စိုးဦးက မြန်မာ့မီးရထားတိုင်း အမှတ် ၃ လက်မှတ်သိမ်း ဦးဇော်ထိုက်နှင့် အဖွဲ့ဝင် နှစ်ဦးတို့၏ ရှေ့မှောက်တွင် ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဖမ်းဆီးခံရိုက်တာသတင်းထောက် နှစ်ဦးအား စွဲချက်တင်ရန် သင့်မသင့် ဇူလိုင် ၉ ရက် အမိန့်ချမှတ်မည်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့ကို ယနေ့ နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ရောက်ရှိခဲ့ပြီး ခရိုင်တရားရုံး၏ တရားခွင်အမှတ်(၆) ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က စွဲချက်တင်ရန် သင့်မသင့် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များအား ကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ်-၄ တရားလို ရဲမှူးကြီးယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ) ဝလုံးပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှ အမှုလိုက်ဥပဒေအရာရှိက သုံးဦးကို ပယ်လိုက်တဲ့အတွက် တရားလိုပြသက်သေ ၂၂ ဦးထိ စစ်ဆေးခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် အမှုအားဆွဲချက်မတင်မီ စွဲချက်တင်ရန်သင့်မသင့်ကို ဒီနေ့ရုံးချိန်းမှာ စွပ်စွဲခံရသူ နှစ်ဦးရဲ့နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်ကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြည့်ပြည့်စုံစုံ ကြားနာရတာဖြစ်ပါတယ်။ နောက်ရက်သတ္တပတ် ရုံးချိန်းကိုတော့ ဇူလိုင် ၉ ရက် တနင်္လာနေ့မှာ စွဲချက်တင်သင့်မသင့် အမိန့်ကို ချမှတ်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# မှုခင်းကျူးဆင်းရေး ကျောင်းသား ကျောင်းသူများအား အသိပညာပေး

**ကျိုက်ထို ဇူလိုင် ၂**


မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး၏ ညွှန်ကြားချက်ဖြင့် ကျိုက်ထိုမြို့မစခန်းမှူး ဒုရဲမှူးမြင့်ဌေးနှင့် တပ်ဖွဲ့ဝင်များသည် ယမန်နေ့က ကျိုက်ထိုမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းအိနှင့် ကျောင်းသား ကျောင်းသူ ၃၈၀ အား မှုခင်းများနှင့် သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကိုရဲ**


# ဆွစ်ဇာလန်ရဲ့ တန်ပြန်တိုက်စစ်ကို သတိပြုရမယ့်ပွဲ

**ဝင်းမြတ်**

**၃ ဇူလိုင် ၂၀၁၈ ည ၉း၃၀ (Saint-Petersburg Stadium)**



ဇူလိုင် ၃ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ခြေစွမ်းညီမျှနေတဲ့ ဆွီဒင်နဲ့ ဆွစ်ဇာလန်တို့ ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ ကောင်းပါတယ်။



### ဆွီဒင်ရဲ့အခြေအနေ

ဆွီဒင်အနေနဲ့ အုပ်စု(စ)မှာ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့် တက်ရောက်လာနိုင်တာဖြစ်သလို အုပ်စုအတွင်းမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာတွေ့ရပါတယ်။ တစ်ဦးချင်း ခြေစွမ်းပိုင်းသာမန်သာရှိခဲ့ပေမယ့်လည်း အသင်းလိုက် စွမ်းဆောင်ရည်ကောင်းသလို အုပ်စုတွင်းမှာ ဂျာမနီတစ်သင်းတည်းကိုသာ နောက်ဆုံးမိနစ်မှ အရေးနိမ့်ခဲ့ရတာလည်း ဖြစ်ပါတယ်။

### ဆွစ်ဇာလန်ရဲ့အခြေအနေ

ဆွစ်ဇာလန်ကတော့ အုပ်စု(င) မှာ အုပ်စုဒုတိယနေရာနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဆွစ်ဇာလန်အနေနဲ့လည်း တစ်ဦးချင်း ခြေစွမ်းပိုင်း သာမန်သာရှိပေမယ့် အသင်းလိုက် စွမ်းဆောင်ရည် ကောင်းမွန်ကာ ဒီဇီမာလီ၊ ရှာကွီရီတို့ရဲ့ တန်ပြန်တိုက်စစ်တွေက လျင်မြန်မှုရှိတာကို တွေ့ရပါတယ်။

### သုံးသပ်ချက်

နှစ်သင်းစလုံး တစ်ဦးချင်းခြေစွမ်းထက် အသင်းလိုက်ဟန်ချက်ကိုသာ အဓိကထားတဲ့ အသင်းတွေဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါပေမယ့် ဆွစ်ဇာလန်ကတော့ အသင်းလိုက် ခြေစွမ်း ပိုမိုညီညွတ်တာကို သတိပြုရမှာပါ။ ဆွစ်ဇာလန် ကပ်နိုင်မယ်။

# ၁၆ သင်းအဆင့်ကို ကျော်ဖြတ်လာမယ့် အင်္ဂလန်

**၄ ဇူလိုင် ၂၀၁၈ နံနက် ၀၀း၃၀ (Otkrytiye Arena )**



လာမယ့် ဇူလိုင် ၄ ရက် နံနက်ပိုင်းမှာလည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးရဲ့ ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ဆက်လက်ကျင်းပမှာဖြစ်ပြီး ကိုလံဘီယာနဲ့ အင်္ဂလန်တို့ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိနိုင်ပါတယ်။



### ကိုလံဘီယာရဲ့အခြေအနေ

ကိုလံဘီယာဟာ အုပ်စု(ဇ)မှာ အကောင်းဆုံး ခြေစွမ်းတွေနဲ့အတူ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်ကို တက်ရောက်လာနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ကိုလံဘီယာဟာ အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဖယ်ကာအိုပုံမှန်ဂိုးသွင်းခြေမရသေးတာကို သတိပြုရမှာ ဖြစ်သလို ဂျိမ်းစ်ရိုဒရီဂေးဇ်လည်း ဒီပွဲမှာ ပါဝင်နိုင်ဖို့ မသေချာတာတွေကို သတိပြုရမှာဖြစ်ပါတယ်။

### အင်္ဂလန်ရဲ့အခြေအနေ

အင်္ဂလန်ကတော့ အုပ်စု(ဆ)မှာ အုပ်စုဒုတိယနေရာကိုသာ ရယူနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့ပါတယ်။ ဘယ်လ်ဂျီယံကို အရေးနိမ့်ခဲ့ရတယ် ဆိုပေမယ့်လည်း အဆိုပါပွဲမှာ အင်္ဂလန်တို့ ကစားသမားအစုံ ထုတ်မသုံးခဲ့ပါဘူး။ အထူးသဖြင့် ဟယ်ရီကိန်းခြေစွမ်းပြနေလို့ အင်္ဂလန်တိုက်စစ်က ပိုမိုထက်မြက်နေတာ တွေ့ရပါတယ်။

### သုံးသပ်ချက်

ဒီနှစ်သင်းဟာ စုဖွဲ့မှုအရ မကွာပေမယ့် လက်ရှိစွမ်းဆောင်ရည်မှာ အင်္ဂလန်က တိုက်စစ်ကစားပုံ ပိုမိုကောင်းမွန်နေတာ တွေ့ရပါတယ်။ ရိုဒရီဂေးဇ်သာ မပါနိုင်ခဲ့ရင် ကိုလံဘီယာ ပိုမိုအားလျော့နိုင်လို့ အင်္ဂလန် ကပ်နိုင်မယ်။

# အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန် ကရာတေးကစားသမားများ လေ့ကျင့်နေ

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် ကရာတေးအားကစားနည်း ဝိတ်တန်း ၁၅ တန်း ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ အားကစားသမားများ စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။ **(ယာပုံ)**

"ကျွန်မတို့ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲနဲ့ ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမားတွေ လေ့ကျင့်နေတာပါ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာက ကယားပြည်နယ်မှာ ကျင်းပခဲ့တဲ့ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲမှာ အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲအတွက် လူရွေးချယ်လိုက်တာ ဖြစ်ပြီး အဲဒီနောက်ပိုင်းမှာ ကျင်းပတဲ့ ဂျပန် CUP၊ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားပြိုင်ပွဲတွေမှာ ကြည့်ပြီး လက်ရည်ကောင်းတဲ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူလည်း ဖြစ်တယ်ဆိုရင် ထပ်မံရွေးချယ်ခဲ့ပါတယ်၊ အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွေမှာ ကရာတေးကစားသမားတွေ အားနည်းတယ်။ အခုလက်ရှိ ကစားသမားတွေက လက်ရည်ကောင်းပေမယ့် လက်ရွေးစင်ဖြစ်ဖို့ ဆက်လက်သင်ကြားပေးသွားရမှာ ဖြစ်ပါတယ်၊ အခု စခန်းသွင်းလေ့ကျင့်နေတာက အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၁ ဦး ထဲက ထပ်မံရွေးချယ်ရမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ဝိတ်တန်း ၁၅ တန်း ပြိုင်မယ်။ အမျိုးသား၊ အမျိုးသမီး၊ ကီလိုတန်းအလိုက် တစ်ဦးချင်း၊ အသင်းလိုက်၊ ခတ၊ ကုမိတဲ့ ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်"ဟု အုပ်ချုပ်၊ နည်းပြမန်နေဆိုင်မိန့်က ပြောသည်။



အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနေသော မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်သည် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်များရရှိရန် မျှော်မှန်ထားကြောင်း သိရသည်။ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်သည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် ငွေနှစ်ခု၊ ကြေးနှစ်ခု ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပမည် ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ ဘောလုံး၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ဗိုဗီနမ်၊ မြားပစ်၊ ဝူရှူး၊ ဂေါက်သီး၊ လေ့လှော်နှင့် ပီတန်းပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ဘရာဇီးတို့ မက္ကဆီကို ကိုနိုင်ပြီး ကွာတားဖိုင်နယ်တက်

ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇူလိုင် ၂ ရက် တနင်္လာနေ့ ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည်။ ဘရာဇီးနှင့် မက္ကဆီကိုပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဘရာဇီးအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်း၌ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၅၁ မိနစ်တွင် ဝီလီယံ၏ ဖြတ်တင်ဘောကို နေမာက အနီးကပ် ပိတ်သွင်းယူခဲ့သည်။ **(အပေါ်ပုံ)** ပွဲပြီးခါနီး ၈၈ မိနစ်တွင် ဖာမီနိုက ဘရာဇီးအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် ဘရာဇီးအသင်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားသည်။

ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ခရိုအေးရှားနှင့် ဒိန်းမတ်ပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ခရိုအေးရှားအသင်း နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။ ယင်းပွဲတွင် ဒိန်းမတ်အသင်းသည် ပွဲအစ တစ်မိနစ်ဝန်းကျင်တွင် ဂျော်ဂျန်ဆန်က သွင်းယူခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားတွင် အစောဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ပွဲချိန် ၄ မိနစ်တွင် မန်ဇူကစ်က ချေပဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ အထိ နှစ်သင်းစလုံး ထပ်မံဂိုးမရှိခဲ့ဘဲ အချိန်ပိုကစားခဲ့ရာ ပြောင်းလဲမှုမရှိခဲ့ပေ။ ယင်းနှစ်သင်း ပယ်နယ်တီကန်သွင်းခဲ့ရာ ခရိုအေးရှား အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်ရုရှားအသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။ **သီဟ**

# မြန်မာ ယူ-၁၉ အသင်း အဖွင့်ပွဲတွင် သရေကျ

**ရန်ကုန် ဇူလိုင် ၂**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းနှင့် တီမောအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် အဖွင့်ပွဲတွင် ရှုံးကန်ခဲ့ရပြီး တီမောအသင်းထံမှ သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်လာပြီဖြစ်သည်။ တီမောအသင်းသည် ကစားသမားများ ခန္ဓာကိုယ်ထွားကျိုင်းသလို ကစားပုံမှာလည်း ယခင်ကထက် တိုးတက်မှုများရှိလာသောကြောင့် မြန်မာအသင်းအနေဖြင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း နှစ်ဂိုးပြန်ပေးခဲ့ရပြီး ပွဲပြီးခါနီးတွင် ချေပဂိုးပြန်သွင်းနိုင်သောကြောင့် သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အမာခံကစားသမားများဖြစ်သည့် ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ပြည့်စုံနိုင်စသည့် အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး တီမောအသင်း၏ တုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ တီမောအသင်း၏ ခြေစွမ်းမှာ တိုးတက်မှုရှိလာသလို မြန်မာအသင်း၏ ခြေစွမ်းမှာလည်း စင်ကာပူ ယူ-၂၃ အသင်းကိုခြေစမ်းပွဲတွင် အနိုင်ရခဲ့သည့်ခြေစွမ်းမျိုး ပြသနိုင်ခြင်းမရှိသောကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ၁၃ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ပြည့်စုံနိုင် ကန်သွင်းရာ တိုင်ထိထွက်ခဲ့ပြီး ရဲရင့်အောင်က ပိတ်သွင်းယူခဲ့သောကြောင့် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ရခဲ့သော်လည်း တိုင်ထိထွက်ခဲ့၍ နှစ်နာခဲ့ရသည်။ မိနစ် ၂၀ နောက်ပိုင်းတွင် တီမောအသင်း ကစားပုံပြန်ကောင်းလာပြီး ပထမပိုင်းပြီးခါနီးတွင် အဝေးကန်ချက်ဖြင့် ချေပဂိုးရယူခဲ့သည်။ ဒုတိယပိုင်းတွင်မြန်မာ ယူ-၁၉ အသင်း ကစားသမားများ အပြောင်းအလဲပြုလုပ်သော်လည်း တိုက်စစ်အားတက်မလာဘဲ ၆၁ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ မြန်မာ ယူ-၁၉ အသင်းအတွက် ချေပဂိုးကို ၈၇ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ခေါင်းတိုက်သွင်းယူခဲ့သည်။ **ရဲရင့်ရှိုင်း**

# အရှေ့တောင်အာရှ ကာယဗလနှင့်ကြံ့ခိုင်မှုပြိုင်ပွဲတွင် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၂**

ဇွန် ၂၅ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် 15th South East Asian Bodybuilding and Physique Sports Championship 2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လက်ရွေးစင်အားကစားသမား ရှစ်ဦးက ပွဲစဉ် ရှစ်မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် စတုတ္ထ၊ ပဉ္စမဆုတို့ကို ထိုက်တန်စွာရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်ကာယဗလ နှင့် ကာယကြံ့ခိုင်မှုအားကစားသမားများအား မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်နှင့် အလှူရှင်များက ဂုဏ်ပြုသည့် အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Royal Granden ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား ၆၀ ကီလိုတန်း ကာယဗလပြိုင်ပွဲတွင် ကျော်မင်းသန်းနှင့် အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲ၌ သောင်းတန်တို့က ရွှေတံဆိပ်တစ်ဆုစီတို့အား မြန်မာနိုင်ငံကာယဗလနှင့်ကြံ့ခိုင်မှုအဖွဲ့ချုပ်က အမေရိကန်ဒေါ်လာ ၂၀၀ နှင့် ငွေကျပ် နှစ်သိန်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီက အမေရိကန်ဒေါ်လာ ၁၀၀၊ အလှူရှင် ဦးမျိုးက အမေရိကန်ဒေါ်လာ ၂၀၀၊ ဦးမြင့်သိန်းနှင့် ဦးနေဝင်းတို့က အမေရိကန်ဒေါ်လာ ၁၀၀ စီကိုလည်းကောင်း၊ MKT ဆောက်လုပ်ရေးမှ ဦးမျိုးမြင့်က ငွေကျပ် ငါးသိန်းတို့ကိုလည်းကောင်း၊ Fit Way GYM မှ ငွေကျပ်သုံးသိန်း၊ ရွှေတံဆိပ်နှစ်ဆုအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၇၀၀ နှင့် ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ အမျိုးသား ၆၅ ကီလိုတန်းမှ ထွန်းဝင်းနိုင်နှင့် Women Athletic Physique ပြိုင်ပွဲတွင် နှင်းနှင်းတို့မှ ငွေတံဆိပ်တစ်ခုစီတို့အား မြန်မာနိုင်ငံကာယဗလနှင့် ကြံ့ခိုင်မှုအဖွဲ့ချုပ်မှ အမေရိကန်ဒေါ်လာ ၂၀၀ နှင့် ငွေကျပ်နှစ်သိန်း၊ အလှူရှင် နှစ်ဦးက အမေရိကန်ဒေါ်လာ ၁၀၀ စီ၊ MKT ဆောက်လုပ်ရေးမှ ဦးမျိုးမြင့်က ငွေကျပ်သုံးသိန်းနှင့် Fit Way GYM မှ ငွေကျပ် သုံးသိန်း၊ ငွေတံဆိပ်နှစ်ဆုအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၄၀၀ နှင့် ငွေကျပ်ရှစ်သိန်းစီကို လည်းကောင်း၊ Model Physique ပြိုင်ပွဲတွင် (ပဉ္စမအဆင့်ရရှိသူ မသန္တာဦး၊ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်များအား ဂုဏ်ပြုဆုငွေများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီနှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အလှူရှင်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၃ - ၇ - ၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ဥပဒေရေးရာ အဖြာဖြာ **အလည်လွန် အလွယ်လုပ် အလွဲဖြစ်**
၉း၁၀ - ရာဇဝင်ထဲက သမိုင်းအနုပညာ **ဆယ်ပွင့်ပန်း** (ပန်းတော့လုပ်ငန်း)
၁၀း၃၀ - **အမျိုးသမီးကဏ္ဍမြင့်မားရေး အားလုံးပူးပေါင်း ဆောင်ရွက်ပေး**
၁၁း၃၀ - **ကျေးလက်တေးသံနားဆင်ဖို့ ရိုးရာတူရိယာဖန်တီးစို့**
၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **"မဟာကာလီ"**(အပိုင်း-၂၁)
၁၃း၁၀ - ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်၊ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြပွဲ သုံးရာသီအလှ သဘာဝ၊ ခေတ်အဆင်နှင့် ယနေ့ အသွင်၊ သံစဉ်ဖလှယ်ကြ ဂီတညီအစ်မ၊ အကယ်ဒမီ ရွှေပန်းချီအငြိမ့်ဖျော်ဖြေပွဲ (အပိုင်း-၂)
၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** (အပိုင်း -၅၃)

**ညပိုင်း**

၁၆း၂၅ - YTN (Science) ချည်မျှင် နည်းပညာသစ် ရရှိစေခြင်း
၁၇း၂၀ - **ရေနံချောင်းမြို့မှ ဖိုလ်ချုပ်အောင်ဆန်းအကြောင်း တစေ့တစောင်း**
၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈း၃၅ - ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး ဝင်ငွေခွန်ဥပဒေနှင့်ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် စပ်လျဉ်း၍ ပြင်ဆင်မှုလျှောက်ထားခြင်းအကြောင်း သိကောင်းစရာများ (အပိုင်း -၁)
\- အနုပညာခန်းရိပ်သာ အဆိုတော်အကော်ဒီယံ အုန်းကျော်အကြောင်း တွေ့ဆုံမေးမြန်းခြင်း

# ဘားအံမြို့နယ်တွင် ဆီဘောက်ဆာ တွဲယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ လောင်စာဆီများသိမ်းဆည်းရမိ

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ်၌ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့သည် ဇူလိုင် ၁ ရက်က အခွန်ပေးဆောင်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းလာသော စက်သုံးဆီများ တင်ဆောင်လာသည့် တွဲယာဉ်ဘောက်ဆာနှစ်စီး တွေ့ရှိသဖြင့် ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် နံနက် ၅ နာရီခွဲခန့်က ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့ဖြင့် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအနီး ဘားအံ-အိန္ဒုကားလမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် မြဝတီဘက်မှ ဘားအံဘက်သို့ အောင်နိုင်မြင့် မောင်းနှင်၍ ယာဉ်နောက်လိုက် အောင်မင်းထွန်း လိုက်ပါလာသော 2J/ ----ဖူဆိုတွဲယာဉ်နှင့် ထက်အောင်မောင်းနှင်ပြီး ယာဉ်နောက်လိုက် နိုင်ထွေး(ခ)သားချစ်လိုက်ပါလာသော 4P/--- ဟီးနိုးယာဉ်နှစ်စီးသည် လောင်စာဆီများ တင်ဆောင်လာသည်ကို တွေ့ရှိသဖြင့် ထိန်းသိမ်းခဲ့သည်။

ထို့နောက် အဆိုပါ လောင်စာဆီများနှင့် ပတ်သက်၍ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့မှနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း ဘားအံမြို့ရှိ ဆိုင်အမှတ် ၀၈၆၂ အကြီးတန်းဆိုင်မန်နေဂျာ ဦးဇော်ဝင်းထွန်းနှင့် ပူးပေါင်းစစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှစ်စီးရှိ စုစုပေါင်း ခတ်ဆီဂါလန် ၁၅၀၀၀ အနက် ဂါလန် ၅၆၀၀ အတွက်သာ တရားဝင်အခွန်ပေးဆောင်ထားပြီး ကျန်ရှိသည့် ဂါလန် ၉၄၀၀ ခန့်မှာ အခွန်ပေးဆောင်ထားခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်စက်သုံးလောင်စာဆီများ သယ်ဆောင်လာသူများဖြစ်ကြသည့် ညောင်ဦးမြို့ သီရိမင်္ဂလာလမ်း အမှတ် ၁ နယ်မြေနေသူ အောင်နိုင်မြင့်(၂၈နှစ်)၊ အောင်မင်းထွန်း၂၈နှစ်)လိပ်စာတူ၊ သန်လျင်မြို့နယ် အောင်ချမ်းသာအပိုင်း(၄)နေသူ ထက်အောင်(၂၇နှစ်)နှင့် ညောင်လေးပင်မြို့နယ် အောင်ချမ်းသာလမ်း အမှတ် ၄ ရပ်ကွက်နေသူ နိုင်ထွေး(ခ) သားချစ် (၂၅ နှစ်)တို့ လေးဦးကို ဘားအံမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဆောမြို့နယ်၌ အရက်ကြောင်နေသူက ဓားဖြင့်ထိုး၍ သုံးဦးသေ၊ နှစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ပိန်းချောင်းကျေးရွာ၌ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီခွဲက အရက်ကြောင်နေသူတစ်ဦးက ဓားဖြင့်ထိုး၍ လူသုံးဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီခွဲက ဆောမြို့နယ် ပိန်းချောင်းကျေးရွာ၌ ဆန်းထွန်း(၄၁ နှစ်)သည် အရက်ကြောင်ကြောင်၍ စိတ်ဖောက်ပြန်ကာ တစ်ရွာတည်းနေ ဒေါ်ဝဲစိန်၏နေအိမ်အောက်ထပ်၌ ဒေါ်ဝဲစိန်(၆၉ နှစ်)နှင့် ၎င်း၏သား အောင်မျိုးထွန်း (၂၉နှစ်)တို့အား လည်းကောင်း၊ နေအိမ်၌ ရှိနေသည့် ဒေါ်မြကြည်(၄၉)နှစ်)အား လည်းကောင်း၊ ဒေါ်မြကြည်၏ နေအိမ်ရှေ့လမ်းပေါ်၌ မမြသဉ္ဇာလှိုင်(၁၇နှစ်)အား လည်းကောင်း အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားမြှောင်ဖြင့် ဝင်ရောက်ထိုးခဲ့သဖြင့် ဒေါ်ဝဲစိန်ပါ လေးဦးတို့တွင် ဒဏ်ရာတစ်ချက်စီ (စိုးရိမ်ရ)တို့ရရှိခဲ့သည်။

ထို့နောက် ဆန်းထွန်းသည် ရွာလမ်းမကြီးအတိုင်း ထွက်ခွာ၍ ကျေးရွာစာကြည့်တိုက်အနီး၌ မိမိကိုယ်ကို ဓားဖြင့်ထိုးခဲ့ရာ ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် ၎င်းနှင့်အတူ ဒဏ်ရာရရှိသူ လေးဦးတို့အား ဆေးရုံသို့ပို့ဆောင်စဉ် မမြသဉ္ဇာလှိုင်၊ ဒေါ်ဝဲစိန်နှင့် ဒေါ်မြကြည်တို့မှာ သေဆုံးသွားသောကြောင့် ဆန်းထွန်းအား လောင်းရှည်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# လားရှိုးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ ၁၃ ဦး ဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၂**

ရှမ်းပြည်နယ် လားရှိုးမြို့ နောင်လန်းကျေးရွာအနီး လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းကြီး မိုင်တိုင်အမှတ်(၁၅၈/၁-၂)ကြား၌ ဇူလိုင် ၁ ရက် ညနေ ၃ နာရီ မိနစ် ၅၀ က ယာဉ်တိုက်မှုဖြစ်ပွား၍ ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းကြီးပေါ်၌ ဇူလိုင် ၁ ရက် ညနေပိုင်းက လားရှိုးဘက်မှ မန္တလေးဘက်သို့ ဟန်မြင့်မိုရ်ရွာနေ နိုင်းနိုင်း(၄၀နှစ်)မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ် MDY 6J/----ယာဉ်သည် ရှေ့ယာဉ်တစ်စီးအား ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မန္တလေးဘက်မှ လားရှိုးဘက်သို့ မန္တလေးမြို့နေ ဇော်လင်းအောင်(၃၅ နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက် ပခုက္ကူမြို့နယ် ကိုင်းစံပြရွာနေ နေထက်နိုင်(၁၇ နှစ်)လိုက်ပါ လာသည့် 7C/----- ၂၂ ဘီးယာဉ်အား မိုင်တိုင်အမှတ်(၁၅၈/၁-၂)အကြားအရောက် မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် နိုင်းနိုင်း၊ နေထက်နိုင်နှင့် MDY 6J/----- ယာဉ်ပေါ်ပါ ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာနေ သိန်းကိုကို(၃၂ နှစ်)ပါ ၁၁ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် MDY 6J/---- ယာဉ်မောင်း နိုင်းနိုင်းအား နောင်မွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# နေပြည်တော်အတွင်း ဆိုင်ကယ်နှင့် ကားဘက်ထရီအိုးများခိုးယူသောအဖွဲ့များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး ဖုန်းမြင့်၊ ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းစစ်ဆေးစဉ် နေပြည်တော် ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်နှင့် ကားဘက်ထရီအိုးများ ခိုးယူသောအဖွဲ့များ ဖမ်းဆီးရမိခဲ့ပြီးနောက် ထပ်မံစစ်ဆေးရာမှ ဇူလိုင် ၁ ရက်တွင် ခိုးမှုများ ထပ်မံဖော်ထုတ်နိုင်ကြောင်း သိရသည်။

ပျဉ်းမနားမြို့ ဦးကျေးရပ်ကွက်အတွင်း၌ ယခင်က ခိုးမှုများဖြင့် ထောင်မှလွတ်လာသူ ဝက်ဖမ်း(ခ)ဇော်သက်ဦး၊ (၂၀ နှစ်)နှင့် အောင်မျိုးထက်(ခ)ကျော် ခိုင်စိုးတို့နှစ်ဦးမှာ ညဥ့်အချိန်များတွင် ဆိုင်ကယ်များ ခိုးယူနေကြောင်း သတင်းအရ ဒုရဲအုပ် သက်နိုင်ဦးနှင့်အဖွဲ့က ဦးကျေးရပ်ကွက်အတွင်း လိုက်လံဖမ်းဆီးရာ အောင်မျိုးထက်အား အရိုးအသွား ၁၈ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အောင်မျိုးထက်အား စစ်ဆေးရာ ၎င်းနှင့် ဝက်ဖမ်းတို့မှာ လွန်ခဲ့သောတစ်လခန့်မှစ၍ နေအိမ်ခြံဝင်းများမှ ဆိုင်ကယ်များအား ခိုးယူခဲ့ပြီးနောက် မိတ္ထီလာမြို့နေ အာကဖတ်(ခ)သိန်းအောင်နှင့် မိုးမောင်(ခ)မျိုးမင်းဦး (ခ) ကရင်းဘိုင်တို့ထံသို့ သွားရောက်ရောင်းချကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါသတင်းအရ ဒုရဲအုပ် သက်နိုင်ဦးနှင့်အဖွဲ့က မိတ္ထီလာမြို့ ပြည်သာယာတောင် ၅ လမ်းနေ အာကဖတ်(ခ) သိန်းအောင်နှင့် မိုးမောင်(ခ)မျိုးမင်းဦး(ခ)ကရင်းဘိုင်တို့အား သွားရောက်စစ်ဆေးနေစဉ် ထပ်မံ၍ ရာဇာလင်း(၃၂နှစ်)နှင့် အောင်ရှင်း(၃၀ နှစ်)တို့မှာ TVS FZ ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ပြီးနောက် သိန်းအောင်ထံသို့ ရောင်းချရန် ရာဇာလင်းက အောင်ရှင်းအား ၎င်းဆိုင်ကယ်နှင့်အတူ စေလွှတ်လိုက်ကြောင်း သိရသည်။

အဆိုပါသတင်းအရ စောင့်ဆိုင်းနေစဉ် အောင်ရှင်းအား သက်သေခံဆိုင်ကယ်နှင့်အတူ မိတ္ထီလာမြို့၌ ဖမ်းဆီးရမိခဲ့ကာ ရာဇာလင်းကိုလည်း ပျဉ်းမနားမြို့ ပေါင်းလောင်း ၁၄ လမ်းပေါ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် ရာဇာလင်း၊ အောင်ရှင်း၊ အောင်ခိုင်စိုး၊ သိန်းအောင်၊ မိုးမောင်(ခ)မျိုးမင်းဦးတို့ထံမှ သက်သေခံ ဆိုင်ကယ်လေးစီး၊ အောင်ခိုင်စိုးနှင့် ဝက်ဖမ်းတို့ ခိုးယူခဲ့သော ရေမော်တာသုံးလုံး၊ ချက်ဖောင်း(ခ)ကြည်လင်းနှင့် စိုးလင်းတို့ထံမှ သံသေတ္တာတစ်လုံး၊ ရွှေထည် သုံးကျပ်သား၊ ငွေကျပ် ၃၄၅၀၀၀၊ အခြားစာရွက်စာတမ်းများ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးစဉ် ရန်ကုန် - မန္တလေး အမြန်လမ်းဘေးတွင် ရပ်နားထားသော ကုန်ကားများမှ ကားဘက်ထရီ ၁၂ လုံးခန့်ကို ခိုးယူခဲ့သော ဥယျာဉ်စု ၄ လမ်းနေ မွေးနီမ (ခ) မဇင်မာအေးနှင့် တရုတ်ကြီး(ခ)သူရဇော်တို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါအမှုများမှ ဖမ်းဆီးရမိသူများအား စစ်ဆေးစဉ် စုစုပေါင်းခိုးမှု ၁၂ မှု ထပ်မံ ဖော်ထုတ်နိုင်ခဲ့ပြီး သက်ဆိုင်ရာ နယ်မြေရဲစခန်းများ၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# မိတ္ထီလာ၌ မူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ဦးဖမ်းမိ

**မိတ္ထီလာ ဇူလိုင် ၂**

မိတ္ထီလာမြို့ အမှတ်(၂) နယ်မြေရဲစခန်းမှ ဒုရဲအုပ်လှမျိုးသူနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁ ရက်က မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက် နယ်မြေ (၅)နေ ထက်ဝေအောင် (ခ) ခေါင်းကြီး နေအိမ်တွင် မူးယစ်ဆေးဝါးသတင်းအရ ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ထက်ဝေအောင်(ခ) ခေါင်းကြီး (၂၈နှစ်)၏ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ပြား၊ အလေးချိန် ၂ ဒသမ ၉ ဂရမ်နှင့် မူးယစ်ဆေးဝါးသုံးဆောင်ရာတွင် အသုံးပြုသော ပစ္စည်းများ၊ မူးဆေးဝါးရောင်းရငွေကျပ် ၁၃၀၀၀ နှင့် ဖုန်းတစ်လုံးတို့အား ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်သူ ထက်ဝေအောင် (ခ) ခေါင်းကြီးအား အမှတ်(၂) နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားသည်။

**တင်လှိုင် (မိတ္ထီလာ)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိသည့် သစ်များနှင့် သစ်တင်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၈ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၃၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈၂၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၆၅၆ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၄၇၇ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထူးခြားသည့် ဖမ်းဆီးမှု အနေဖြင့် ဇူလိုင် ၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် တိုယိုတာခရောင်း ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသော ပိတောက်ခဲရွေ ၀ ဒသမ ၃၄၀၆ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၂၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အဂတိ ပယ်ချ
ပြည်သာယာ

# လက်ဝဲဝါဒီ မက္ကဆီကိုမြို့ဝန်ဟောင်း အိုဘရာဒါ မက္ကဆီကို၏ ပထမဆုံး သမ္မတဖြစ်လာ



**မွန်တီဗီဒီယို ဇူလိုင် ၂**
လက်ဝဲဝါဒီ ယခင်မက္ကဆီကိုမြို့ဝန်ဟောင်း အန်ဒရီ မန်နျူရယ်လိုပက်ဇ်အိုဘရာဒါသည် ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့သော မက္ကဆီကို သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း ကြေညာခဲ့သည်။

အိုဘရာဒါသည် မဲထက်ဝက်ကျော်ဖြင့် အနိုင်ရရှိပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ခဲ့ရာ အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ရွေးကောက်ပွဲညသည် သမိုင်းဝင်ပြီး မမေ့နိုင်သည့် အခိုက်အတန့်တစ်ခုဖြစ်ခဲ့ကြောင်း ပြောခဲ့သည်။

အိုဘရာဒါသည် အမျိုးသားပြန်လည်နိုးထရေးလှုပ်ရှားမှုအဖွဲ့ (ဆိုရှယ်လစ်ဝါဒီထောက်ခံ လက်ဝဲနိုင်ငံရေးအဖွဲ့သစ်) ကို ဦးဆောင်သူဖြစ်သည်။ အိုဘရာဒါ၏ အဓိကပြိုင်ဘက် ရီကာဒိုအနာရာသည် အမျိုးသားအကောင်အထည်ဖော်ရေးပါတီကို ဦးဆောင်သူဖြစ်သည်။ အမျိုးသားအကောင်အထည်ဖော်ရေးပါတီကို ယခင်ဘဏ္ဍာရေးဝန်ကြီး ဂျို့စ်အန်တိုနီယိုမီဒေက ထောက်ခံခဲ့သည်။

လိုပက်ဇ်အော်ဘရာဒိုသည် နှစ်ပေါင်း ၉၀ အတွင်း မက္ကဆီကို၏ ပထမဆုံးသမ္မတဖြစ်လာခဲ့သည်။

၎င်း သမ္မတဖြစ်လာသည့်အပေါ် အမေရိကန်ပြည်ထောင်စု၊ ဗင်နီဇွဲလား၊ ကနေဒါ၊ ဘိုလီးဗီးယား၊ အီကွေဒေါ၊ ကိုလံဘီယာနှင့် အယ်လ်ဆယ်ဗ်ဗေးဒါးနိုင်ငံတို့မှ အကြီးအကဲများကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**အေအက်ဖ်ပီ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လေ့ကျင့်ရေးလေယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်မှူးနှစ်ဦး သေဆုံး

**ဒါကာ ဇူလိုင် ၂**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်း ဂျက်စောခရိုင်၌ ဇူလိုင် ၁ ရက်က လေတပ်မှ လေ့ကျင့်ရေးလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်စစ်တပ် ပြည်သူ့ဆက်ဆံရေးဌာန (အိုင်အက်စ်ပီအာရ်)က ပြောခဲ့သည်။

လေယာဉ်ပျက်ကျမှုတွင် လေ့ကျင့်ရေးလေယာဉ်ပေါ်၌ လိုက်ပါလာခဲ့သော လေယာဉ်မှူးနှစ်ဦးဖြစ်သည့် လေတပ်ဗိုလ်ကြီး မက်ဆာရာဂျူအစ်စလမ်နှင့် လေတပ်ဗိုလ်ကြီး အန်နာယက်ကက်ဘာပိုလာ့ရှ်တို့ နှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း အိုင်အက်စ်ပီအာရ်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် အဆင့်မြင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း အိုင်အက်စ်ပီအာရ်က ပြောခဲ့သည်။ လေယာဉ်သည် ညပိုင်းလေ့ကျင့်ပျံသန်းမှုအတွက် မြို့တော်ဒါကာမှ ၁၆၄ ကီလိုမီတာအကွာ ဂျက်စော ခရိုင်ရှိ ဘီအေအက်ဖ် လေတပ်စခန်းဖြစ်သော မာတီယာရာမန်မှ ပျံသန်းလာခဲ့ပြီး မကြာမီ ကျေးရွာတစ်ရွာရှိ ရေပြင်ပေါ်သို့ ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၂၀ က ပျက်ကျခဲ့ကြောင်း ဂျက်စောပြည်နယ် ကော့ဝေလီ ရဲစခန်း စခန်းမှူး အဘူလ်ဘတ်ရှာ မီယာက ပြောခဲ့သည်။

**ဆင်ဟွာ**



# ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေး အစီအစဉ်တစ်ခု အမေရိကန်က အဆိုပြုမည်

**ဝါရှင်တန် ဇူလိုင် ၂**
အမေရိကန်နိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး အစီအစဉ်တစ်ခုအတွက် မြောက်ကိုရီးယားနိုင်ငံအား အဆိုပြုသွားရန် အစီအစဉ်ရှိကြောင်း အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘိုလ်တန်က မကြာသေးမီက ပြောကြားလိုက်သည်။

အဆိုပါ အစီအစဉ်နှင့်ပတ်သက်ပြီး မကြာခင်ကာလတွင် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုသည် မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးသွားလိမ့်မည်ဖြစ်ကြောင်း ဘိုလ်တန်က ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး တစ်နှစ်တာအတွင်း တိုက်ချင်းပစ်ဒုံးကျည်စခန်းများနှင့် နျူကလီးယားစမ်းသပ်နေရာများကို မည်သို့မည်ပုံ ဖျက်သိမ်းသွားမည်နည်းဆိုသည့် လမ်းပြမြေပုံတစ်ခုကို အမေရိကန်ကျွမ်းကျင်သူများနှင့် အစီအစဉ်ရေးဆွဲလုပ်ဆောင်သွားမည့်အကြောင်းကိုလည်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ဟောင်းတစ်ဦးက ပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် စင်ကာပူနိုင်ငံ၌ ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့သော ထိပ်သီးအစည်းအဝေးတွင် မြောက်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် မြောက်ကိုရီးယားအရာရှိများ ပန်မွန်ဂျုံးရွာ၌ တွေ့ဆုံ

**ပြုံယမ်း ဇူလိုင် ၂**
အမေရိကန်နှင့် မြောက်ကိုရီးယားမှ ကိုယ်စားလှယ်အဖွဲ့များသည် တနင်္ဂနွေနေ့က ငြိမ်းချမ်းရေးကျေးရွာဖြစ်သည့် ပန်မွန်ဂျုံးကျေးရွာ၌ တွေ့ဆုံခဲ့ပြီး အလုပ်သဘောဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ကင်းစင်ရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ကြောင်း ယူဆရသည်။ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် Sung Kim က အမေရိကန်သံအမတ်က ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

လွန်ခဲ့သည့်လက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်များကို အကောင်အထည်ဖော်ရန် နှစ်ဖက်စလုံးမှ ဆွေးနွေးခဲ့ကြကြောင်း ၎င်းတို့က ပြောသည်။ မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ကိုမူ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Choe Son Hui က ဦးဆောင်လာခဲ့ကြောင်း တောင်ကိုရီးယား ယွန်ဟပ် သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားစစ်ပွဲအတွင်း ပျောက်ဆုံးနေသော၊ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လွှတ်ပေးရေး မြောက်ကိုရီးယားထံ တောင်းဆိုခဲ့သည်။ တနင်္ဂနွေနေ့ ဆွေးနွေးပွဲမှာ ယခုသီတင်းပတ်နှောင်းပိုင်းတွင် မြောက်ကိုရီးယားသို့ လာရောက်မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုအတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်ဟုလည်း ယူဆကြသည်။


**အင်န်အိတ်ချ်ကေ**

# အိန်ဂျလာမာကယ်၏ ရွှေ့ပြောင်းဒုက္ခသည်များ လက်ခံရေးမူဝါဒနှင့် ပတ်သက်၍ အငြင်းပွားပြီးနောက် ပြည်ထဲရေးဝန်ကြီး ရာထူးမှနုတ်ထွက်မည်ဟုဆို

**ဘာလင် ဇူလိုင် ၂**
ဂျာမနီပြည်ထဲရေးဝန်ကြီး ဟိုရက်စ်ဆီဟိုဖာသည် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ရွှေ့ပြောင်းဒုက္ခသည်များ လက်ခံရေးမူဝါဒနှင့် ပတ်သက်၍ အငြင်းပွားပြီးနောက် ပြည်ထဲရေးဝန်ကြီးအဖြစ်မှလည်းကောင်း၊ CSU ပါတီဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်မည်ဟု ၎င်းတို့ပါတီ၏ တံခါးပိတ်အစည်းအဝေးတွင် ခြိမ်းခြောက်ထားကြောင်း ပါတီသတင်းအရင်းအမြစ်များမှ ပြောသည်။ ဆီဟိုဖာသည် အိန်ဂျလာမာကယ်၏ ပါတီဖြစ်သည့် CDU ပါတီနှင့် နှစ်ပေါင်းများစွာ မဟာမိတ်အဖြစ် ရပ်တည်လာသည့် ရပ်တည်ချက်မှာလည်း အဆုံးသတ်သွားနိုင်သည်။ ထိုသို့ဆိုလျှင် ဂျာမနီမှ အာဏာရ ညွန့်ပေါင်းအစိုးရသည် ပါလီမန်တွင် နေရာများ ဆုံးရှုံးနိုင်ပြီး တိုင်းပြည်မှာလည်း နိုင်ငံရေးအကျပ်အတည်းထဲသို့ ကျရောက်သွားနိုင်သည်။ ဆီဟိုဖာ၏ နုတ်ထွက်မည်ဆိုသည့်သတင်းကြားပြီးသည့်နောက်ပိုင်းတွင် CDU ပါတီသည် မာကယ်၏ ဥရောပဖြေရှင်းချက်ဖြစ်သည့် ဒုက္ခသည်လက်ခံရေးမူဝါဒကို ထောက်ခံကြောင်း ဖော်ပြခဲ့ကြသည်။ ဆီဟိုဖာနှင့် အိန်ဂျလာမာကယ်တို့မှာ ဂျာမနီနိုင်ငံ၏ ဒုက္ခသည်လက်ခံရေးမူဝါဒအပေါ်တွင် အငြင်းပွားခဲ့ကြသည်။ ဆီဟိုဖာက ဥရောပသမဂ္ဂနိုင်ငံများတွင် ဒုက္ခသည်များ မှတ်ပုံတင်သည်နှင့်တစ်ပြိုင်နက် နေရပ်သို့ပြန်ပို့လိုပြီး အိန်ဂျလာမာကယ်ကမူ ထိုသို့ ပြုလုပ်မည့် လုပ်ဆောင်ချက်ကို သဘောမတူပေ။

ဆီဟိုဖာနှင့် စနေနေ့က တွေ့ဆုံခဲ့သော တွေ့ဆုံမှုအပြီးတွင် အိန်ဂျလာမာကယ်က ၎င်းတို့နှစ်ဦးတွေ့ဆုံပွဲမှ ရလဒ်များမှာ ကျေနပ်ဖွယ်ကောင်းကြောင်း ၎င်း၏ မဟာမိတ်ပါတီဖြစ်သော CSU ပါတီနှင့် ရှေ့ဆက်၍ လက်တွဲဆောင်ရွက်သွားရန်လည်း မျှော်လင့်ထားကြောင်း ပြောသည်။ သို့သော် ဆီဟိုဖာကမူ စနေနေ့က ပြုလုပ်ခဲ့သော အစည်းအဝေးမှာ ကျေနပ်ဖွယ်မရှိကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ရေနံဈေးကွက် လျှော့ချရန် အမေရိကန်၏ ကြိုးပမ်းမှုကို အီရန်အပြစ်တင်

**တီဟီရန် ဇွန် ၂**

ကမ္ဘာ့ရေနံဈေးကွက်အတွင်း အီရန်၏ ဈေးကွက်ရရှိမှုကိုလျှော့ချရန် ဆော်ဒီအာရေဗျကို ရေနံများများထုတ်လုပ်ရန် အမေရိကန်က တောင်းဆိုထားရာ ယင်းလုပ်ရပ်ကို အီရန်က ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။

အီရန်၏ ရေနံဈေးကွက်ကို လုယူရန် ကြိုးစားသည့် မည်သူမဆို တန်ရာတန်ကြေး ပြန်ပေးဆပ်ရမည်ဟု အီရန်ဒုတိယသမ္မတ အက်ရှာဂျာဟန်ဂျီရီက တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။ ရေနံစိမ်းတင်ပို့ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများကိုလည်း အီရန်နိုင်ငံမှ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆော်ဒီကို ရေနံပိုမိုထုတ်လုပ်ရန် တောင်းဆိုထားသည်ဟု ပြောခဲ့သည့်အတွက် ယင်းကြေညာချက်ကို တုံ့ပြန်သည့်အနေဖြင့် အီရန်ဘက်မှ ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံမှ ရေနံတင်သွင်းမှုကို လက်မခံရန် အမေရိကန်က မဟာမိတ်နိုင်ငံများကို တိုက်တွန်းပြီးနောက်ပိုင်း ကမ္ဘာ့ရေနံလိုအပ်ချက်အတွက် ဆော်ဒီကို ပိုမိုထုတ်လုပ်ခိုင်းခြင်းဖြစ်သည်ဟု ယူဆရသည်။

**အင်န်အိတ်ချ်ကေ**

### အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲမှုကြောင့် ၁၉ ဦးထက်မနည်းသေဆုံး

**ဂျာလာလာဘတ် ဇွန် ၂**

အာဖဂန်နစ္စတန်နိုင်ငံ ဂျာလာလာဘတ်မြို့ အရှေ့ပိုင်း၌ အာဖဂန်သမ္မတ အာရှက်ဂန်နီနှင့် တွေ့ဆုံရန် သွားရောက်သောလူများမှာ အသေခံဗုံးခွဲမှုကြောင့် လူ ၁၉ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။

အာဖဂန်သမ္မတမှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့် မီတာ ၂၅၀ ခန့်အကွာတွင်ရှိပြီး သမ္မတကို ထိခိုက်မှုမရှိကြောင်း သိရသည်။ ယင်းဗုံးပေါက်ကွဲမှုမှာ တနင်္ဂနွေနေ့ကဖြစ်ပွားခဲ့ပြီး သမ္မတ လာရောက်လည်ပတ်ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ခြံဝင်း၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အုပ်ချုပ်ရေးမှူး ခြံဝင်းအတွင်း လာရောက်သူပြည်သူများနှင့် ရောနှောပါလာသူတစ်ဦး၏ အသေခံဗုံးခွဲမှုဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ယင်းသို့ အသေခံဗုံးပေါက်ခွဲမှုကြောင့် လူ ၁၉ ဦးထက်မနည်းသေဆုံးခဲ့ပြီး လူ ၂၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းလုပ်ရပ်မှာ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။ တိုက်ခိုက်သူများမှာ လူအုပ်ကိုပစ်မှတ်ထား၍ တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။ အဓိကတရားခံကို စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျော်ဒန်နယ်စပ်မှာ ပိတ်မိနေတဲ့ နေရပ်စွန့်ခွာ ဆီးရီးယားပြည်သူများ

**ခြူးစန္ဒီဓွေး**




ဆီးရီးယားနိုင်ငံတောင်ပိုင်း မြို့တော်ဒါရာမှာ အစိုးရက သူပုန်အဖွဲ့တွေနဲ့ အကြီးအကျယ် ထိုးစစ်ဆင်တိုက်ပွဲတွေ ဖြစ်ပွားနေပါတယ်။ ကြောက်မက်ဖွယ်တိုက်ပွဲတွေကို ရှောင်ရှားရင်းထွက်ပြေးလာကြတဲ့ ထောင်ပေါင်းများစွာသော ပြည်သူတွေဟာ ဂျော်ဒန်နယ်စပ်မှာ စုပုံနေကြပါတယ်။

**နယ်စပ်တံခါးဖွင့်မပေးတဲ့ ဂျော်ဒန်**

တိုက်ပွဲတွေ ဖြစ်နေတဲ့အတွက် သူတို့ရဲ့နေရပ်ကို ပြန်ဖို့ဆိုတာ မဖြစ်နိုင်သလို ဒီတိုက်ပွဲတွေရဲ့ဘေးလွတ်ရာကို ရှောင်ရှားဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးဖြစ်နေတယ်။ အကြောင်းကတော့ သူတို့ရဲ့တစ်ခုတည်းသော ထွက်ပေါက်ဖြစ်တဲ့ ဂျော်ဒန်နယ်စပ်ကို ပိတ်ထားလို့ပါပဲ။ ဒီတော့ တိုက်ပွဲတွေ ရှောင်ရှားဖို့ နေရပ်ကနေ စွန့်ခွာလာကြတဲ့ ပြည်သူတွေအတွက်ကတော့ ဂျော်ဒန်နယ်စပ်မှာပဲ သောင်တင်နေကြပါတော့တယ်။ ဂျော်ဒန်နယ်စပ်ရဲ့လက်ရှိအခြေအနေကတော့ အတော်လေးကို ဆိုးရွားနေပါတယ်။ ခိုလှုံနေထိုင်ရာနေစရာလည်း မရှိဘူး၊ သောက်သုံးရေအလုံအလောက်မရှိတဲ့အပြင် မိလ္လာစနစ်တွေလည်း မရှိဘူးလို့ အဲဒီနေရာမှာရောက်ရှိနေကြတဲ့ အကူအညီပေးရေးအဖွဲ့တွေက ပြောပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့တွေကတော့ ထုံးစံအတိုင်း ဂျော်ဒန်နိုင်ငံကို နယ်စပ်ဂိတ်ဖွင့်ပေးဖို့ တောင်းဆိုကြပါတယ်။

**နယ်စပ်မှာ စုပြုံရောက်ရှိ**

အခုဆီးရီးယား အစိုးရတပ်ဖွဲ့တွေ ထိုးစစ်ဆင်တိုက်ပွဲတွေ ဖြစ်နေတာကတော့ သူပုန်တွေနောက်ဆုံးထိန်းချုပ်ထားရာ မြို့နှစ်မြို့ထဲက တစ်မြို့ကို ပြန်လည်ရရှိရေး ပြင်းထန်တဲ့တိုက်ပွဲတွေ ဆင်နွှဲနေတာပဲဖြစ်တယ်။ အဲဒီမြို့တွေဟာ ဂျော်ဒန်နယ်စပ်နဲ့ မိုင်အနည်းငယ်လောက်ပဲ ကွာဝေးတဲ့အတွက် တကယ်တမ်းစစ်ဖြစ်လာတဲ့အခါ မြို့ပေါ်က ထောင်ပေါင်းများစွာသော လူတွေဟာ အိုးအိမ်တွေကိုစွန့်ခွာပြီး ဂျော်ဒန်နယ်စပ်ကို စုပြုံရောက်ရှိလာပါတော့တယ်။ ၂၀၁၆ ခုနှစ် ဂျော်ဒန်-ဆီးရီးယားနယ်စပ်မှာ အသေခံကားဗုံးခွဲမှုဖြစ်ပွားပြီးတဲ့နောက် ဂျော်ဒန်နယ်စပ်ကို ဂျော်ဒန်ဘက်ကနေ ပိတ်လိုက်ပါတယ်။ အဲဒီကားဗုံးခွဲမှုကြောင့် ဂျော်ဒန်နယ်စပ်စောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ရပါတယ်။ ဂျော်ဒန်နိုင်ငံနည်းတူပဲ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ လက်ဘနွန်နဲ့ တူရကီနိုင်ငံတို့မှာလည်း ဆီးရီးယားက ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေ အုံနဲ့ကျင်းနဲ့ကို လက်ခံထားရပါတယ်။ ဆီးရီးယားနိုင်ငံရဲ့ ပြည်တွင်းစစ်ဖြစ်ပွားနေတဲ့ ခုနှစ်အတွင်းမှာ ဆီးရီးယားနိုင်ငံသား ၁၂ သန်းခန့်ဟာ အိမ်နီးချင်းနိုင်ငံတွေကို နယ်စပ်ကနေ ဖြတ်ကျော်ပြီး ထွက်ပြေးခဲ့ကြပါတယ်။ အဲဒီလူဦးရေပမာဏဟာ ဆီးရီးယားနိုင်ငံလူဦးရေရဲ့ ထက်ဝက်နီးပါးခန့်ရှိပါတယ်။

**ဂျော်ဒန်နိုင်ငံရဲ့ဝန်ထုပ်ဝန်ပိုး**

ဒီဒုက္ခသည်တွေကို လက်ခံထားရတဲ့ အိမ်ရှင်နိုင်ငံတွေရဲ့ဒုက္ခကလည်း မသေးပါဘူး။ ဒီလူတွေကို ထောက်ပံ့ပေးထားရတဲ့အတွက် စီးပွားရေးအရရော၊ ရပ်ဝတ္ထုပိုင်းဆိုင်ရာအရပါ ရုန်းကန်လာရမှုတွေ ရှိလာပါတယ်။ ဂျော်ဒန်နိုင်ငံမှာဆိုရင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီမှာ တရားဝင် မှတ်ပုံတင်ထားတဲ့ ဆီးရီးယားဒုက္ခသည်ပေါင်း ခြောက်သိန်းခြောက်သောင်းခန့်ကို လက်ခံထားရပါတယ်။ ဒါက တရားဝင်စာရင်းဇယားတွေအရပါ။ ဂျော်ဒန်နိုင်ငံက အရာရှိတွေပြောတာကတော့ ဒီစာရင်းတွေဟာ အတိအကျမမှန်နိုင်ဘူး။ ဂျော်ဒန်နိုင်ငံမှာ ရောက်နေတဲ့ တကယ့်အရေအတွက်အမှန်ဟာ ဒီထက်ပိုပြီးလည်း များပါတယ်။ ဘာလို့လဲဆိုရင် စာရင်းမသွင်းဘဲ နေထိုင်နေကြတဲ့ ဆီးရီးယားဒုက္ခသည် ထောင်နဲ့သောင်းနဲ့ချီပြီး ရှိနေလို့ပါလို့ ပြောပါတယ်။ ဒီလိုမျိုး ဆီးရီးယားက ဒုက္ခသည်တွေကို လက်ခံထားရတဲ့အတွက် ဂျော်ဒန်နိုင်ငံဟာ ဝန်ထုပ်ဝန်ပိုးဖြစ်နေရတာတော့ အမှန်ပါပဲ။ နိုင်ငံက စီးပွားရေးကျဆင်းမှုတွေကြောင့် မပြေလည်ရတဲ့ကြားထဲ ဒီလောက်လူတွေ အများကြီးကို ရေရှည်မှာ ဆက်လက်ထားဖို့ဆိုရင် တကယ်မလွယ်ပါဘူး။ အရင်က ပင်လယ်ကွေ့နိုင်ငံတွေက အထောက်အပံ့ကို ရခဲ့လို့ အဆင်ပြေခဲ့ပေမယ့် ကြားထဲမှာလည်း ရေနံဈေးကျဆင်းမှုတွေ၊ အခြားသောပြဿနာတွေကြောင့် အထောက်အပံ့တွေ ရပ်ဆိုင်းသွားခဲ့ပါတယ်။ အဲဒီအခါမှာ ဂျော်ဒန်နိုင်ငံအနေနဲ့ အတော်လေးအကျပ်ရိုက်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကို ပေးစရာတွေလည်းရှိနေပြီး တိုင်းပြည်ရဲ့ခြိုးခြံချွေတာရေးမူဝါဒအဖြစ် အခွန်တွေတိုးမြှင့်ကောက်ခံဖို့ စီစဉ်တဲ့အခါမှာတော့ အုံကြွမှုတွေဖြစ်လာပါတယ်။ အဲဒီအတွက် ဝန်ကြီးချုပ်နေရာလည်း အပြောင်းအလဲဖြစ်သွားပါတယ်။

**ထပ်မံလက်ခံဖို့ မဖြစ်နိုင်**

အဲဒီလို အဆင်မပြေမှုတွေရှိနေတဲ့အတွက် ဂျော်ဒန်ဟာလည်း ဆီးရီးယားက ဒုက္ခသည်တွေကို ထပ်မံလက်ခံဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့်လည်း ဂျော်ဒန်ဝန်ကြီးချုပ်က ဆီးရီးယားဘက်ခြမ်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေပေးဖို့ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို စေလွှတ်ပေးမယ်လို့ ပြောခဲ့ပါတယ်။ ဂျော်ဒန်နိုင်ငံရဲ့ နယ်စပ်တံခါးကို ဖွင့်ပေးဖို့တော့ မျှော်လင့်လို့မရပါဘူး။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းကပဲ အဆိပ်ပြင်းတဲ့ ကင်းမြီးကောက်အကိုက်ခံရတဲ့အတွက် ကလေးငယ်ငါးဦးထက်မနည်း သေဆုံးသွားခဲ့တယ်။ ဒါဟာ လုံလောက်တဲ့ ဆေးဝါးကုသမှုမရတာကြောင့်ပါလို့ ဒေသတွင်းတက်ကြွလှုပ်ရှားသူတွေက ပြောပါတယ်။

**နယ်စပ်ဂိတ်ဖွင့်ပေးဖို့ တောင်းဆို**

ဒါရာမြို့မှာရောက်ရှိနေတဲ့ ဆေးဝါးကုသမှုနှင့် သက်သာချောင်ချိရေးသမဂ္ဂ၊ ဆေးဝါးပေးရဟိတအဖွဲ့နဲ့ ရှေ့နေအုပ်စုကတော့ စနေနေ့က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲကြောင့် လူပေါင်းနှစ်သိန်းကျော် နေရပ်ကနေ ထွက်ပြေးခဲ့ကြပြီး ဂျော်ဒန်နယ်စပ်မှာတော့ လူပေါင်း ခုနစ်သောင်းခွဲခန့် ရောက်ရှိနေတယ်လို့ ပြောပါတယ်။ ကုလသမဂ္ဂရဲ့ အနိမ့်ဆုံးခန့်မှန်းမှုအရတော့ လူပေါင်း တစ်သန်းခြောက်သောင်းခန့်ဟာ တိုက်ပွဲကြောင့် ထွက်ပြေးခဲ့ရတယ်လို့ သိရပါတယ်။ နေရပ်ကနေ ထွက်မပြေးဘဲ ကျန်ရစ်နေတဲ့လူတွေအတွက် အန္တရာယ်ဟာလည်း မသေးပါဘူး။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေပေးဖို့ဆိုတာ တကယ်ကိုခက်ခဲတဲ့ အခြေအနေတစ်ရပ်ပါပဲလို့ ဒါရာမြို့ အနောက်ပိုင်းမှာနေတဲ့ ဆေးသမဂ္ဂမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘာဟာမာဟာမီဒ်က ပြောပါတယ်။ ဂျော်ဒန်နယ်စပ်ကို ဆက်လက်ပိတ်ထားတာဟာ ရှုးသွပ်မှုတစ်ခုပါပဲလို့လည်း ပြောပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့ကတော့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်က ဆီးရီးယားအစိုးရရဲ့ ပြင်းထန်တဲ့ တိုက်ပွဲတွေကို ရပ်ပေးဖို့ တောင်းဆိုခဲ့ပြီး ဒါဟာ အရပ်သားတွေကို ပျက်စီးစေတဲ့ အကြောင်းတရားလို့လည်း ပြောခဲ့ပါတယ်။ ဂျော်ဒန်နိုင်ငံက ဒေသခံတွေကလည်း နယ်စပ်ကို ဖွင့်ပေးဖို့ သူတို့အစိုးရကို တောင်းဆိုမှုတွေ ပြုလာတယ်လို့ သိရပါတယ်။

**အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ပေးရန်လို**

ဒီတော့ ဂျော်ဒန်နယ်စပ်ကို ဖွင့်ပေးသင့်၊ မပေးသင့်ဆိုတာ အရေးကြီးတဲ့ အခန်းကနေ ပါဝင်လာပြီပဲဖြစ်တယ်။ ပြီးခဲ့တဲ့ သောကြာနေ့ကတော့ ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နဲ့ တွေ့ဆုံခဲ့ပြီး နယ်စပ်အရေးကိစ္စနဲ့ ပတ်သက်ကာ ဆွေးနွေးခဲ့ပါတယ်။ အဲဒီအစည်းအဝေးအပြီးမှာတော့ ဆီးရီးယားနိုင်ငံသားတွေရဲ့ လုံခြုံရေးကို ဆီးရီးယားနိုင်ငံအတွင်းမှာပဲ ဆက်လက် ဆောင်ရွက်သင့်တယ်လို့ ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဖာဒီက ပြောပါတယ်။ ဆီးရီးယားနိုင်ငံသားတွေကို သူ့နိုင်ငံအတွင်းမှာပဲ လုံခြုံစိတ်ချစွာနေနိုင်ရေး လိုအပ်တဲ့ အကူအညီတွေ၊ ကာကွယ်မှုတွေ ပေးသွားဖို့ အပြည်ပြည်ဆိုင်ရာက အဖွဲ့အစည်းတွေပေါင်းစည်းပြီး လုပ်ကိုင်ကြဖို့ ဆွေးနွေးသွားရမှာပဲဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။ ဒ့ါအပြင် ဂျော်ဒန်နိုင်ငံအပါအဝင် ဆီးရီးယားနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ တိုင်းပြည်တွေဟာ ဆီးရီးယားဒုက္ခသည်တွေကို လက်ခံခဲ့ပြီးဖြစ်ပါတယ်။ ဒီတော့ အဓိကလုပ်ဆောင်ရမယ့် အရာကတော့ စစ်ပွဲတွေဖြစ်နေတဲ့ နှစ်ဖက်အဖွဲ့အစည်းအကြား အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ပေးရမှာပဲဖြစ်တယ်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိမှသာ ပြည်သူတွေ ချမ်းသာရာ ရရှိမှာပဲဖြစ်တယ်လို့ မစ္စတာ ဆာဖာဒီက ဆက်ပြောပါတယ်။ ဂျော်ဒန်နိုင်ငံအနေနဲ့ ဆီရီးယားနိုင်ငံသားတွေအတွက် ကျောင်းတွေ၊ နေစရာနေရာတွေ ဖွင့်ပေးခဲ့ပါတယ်။ အခုလည်း တတ်နိုင်တဲ့ဘက်က ကူညီသွားမှာပါလို့ပဲ ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့ နယ်စပ်ဂိတ်ကို ဖွင့်ပေးမယ်လို့တော့ ပြောမသွားခဲ့ပါဘူး။ အပြည်ပြည်ဆိုင်ရာက အဖွဲ့အစည်းတွေအနေနဲ့လည်း ဆီးရီးယားဒုက္ခသည်တွေကို ကူညီရာမှာ ဂျော်ဒန်နိုင်ငံနဲ့အတူ ပူးပေါင်းကူညီဖို့ တိုက်တွန်းထားပါတယ်။ ဘာလို့လဲဆိုရင် ဒုက္ခသည်တွေအားလုံးကို အကူအညီပေးဖို့ဆိုတာ ဂျော်ဒန်နိုင်ငံတစ်နိုင်ငံတည်း မတတ်နိုင်လို့ပါလို့ နိုင်ငံခြားရေးဝန်ကြီးက ပြောသွားပါတယ်။

ဒီလိုဆိုရင် ဂျော်ဒန်နိုင်ငံရဲ့ နယ်စပ်ကို ဖွင့်ပေးဖို့ဆိုတာ မျှော်လင့်လို့ မရတော့ပါဘူး။ ဒီတော့ နယ်စပ်မှာ သောင်တင်နေတဲ့ နေရပ်စွန့်ခွာထွက်ပြေးလာတဲ့ ဆီးရီးယားပြည်သူတွေကို ဆီးရီးယားနိုင်ငံအတွင်းမှာပဲ ကူညီနိုင်မယ့်နည်းလမ်းတွေ ရှာဖွေရတော့မှာပါ။ နှစ်ဖက်အဖွဲ့အပစ်အခတ်ရပ်စဲဖို့ဆိုတာကတော့ လက်ရှိမှာ မဖြစ်နိုင်တဲ့ အိပ်မက်တစ်ခုလိုပဲ ရှိနေပါတယ်။

**ကိုးကား- နယူးယောက်တိုင်းမ်**

> “၂၀၁၆ ခုနှစ် ဂျော်ဒန်-ဆီးရီးယားနယ်စပ်မှာ အသေခံကားဗုံးခွဲမှုဖြစ်ပွားပြီးတဲ့နောက် ဂျော်ဒန်နယ်စပ်ကို ဂျော်ဒန်ဘက်ကနေ ပိတ်လိုက်ပါတယ်။ အဲဒီကားဗုံးခွဲမှုကြောင့် ဂျော်ဒန်နယ်စပ်စောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ရပါတယ်။ ဂျော်ဒန်နိုင်ငံနည်းတူပဲ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ လက်ဘနွန်နဲ့ တူရကီနိုင်ငံတို့မှာလည်း ဆီးရီးယားက ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေ အုံနဲ့ကျင်းနဲ့ကို လက်ခံထားရ”

# စဉ်ဆက်ဖွံ့ဖြိုး ပြည့်အကျိုး ထိုးဖောက်ဆောင်ရွက် ပူးပေါင်းလက်

✱ Kေင်သစ် (မန်းတက္ကသိုလ်) ✱

**ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ရပ်ချမှတ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အဆိုပါပန်းတိုင်များကို ပြည့်ဝစွာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် အဖွဲ့ဝင်နိုင်ငံများကို နှိုးဆော်တိုက်တွန်းထားသည်မှာ အားလုံးအသိပင် ဖြစ်ကြပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်** "Sustainable Development Goals"- SDGs **(၁၇)ရပ်အနက် အမှတ်စဉ်(၁၂)တွင် စဉ်ဆက်မပြတ် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေးဟူ၍ ဖော်ပြပါရှိပါသည်။**

SDGs များ ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန် အတွက် နိုင်ငံအစိုးရများက ကြိုးပမ်းသကဲ့သို့ ကမ္ဘာသိ အဖွဲ့အစည်းများ၊ Institution များ၊ ဘဏ်ကြီးများ၊ ကော်ပိုရေးရှင်းများကလည်း ယင်းတို့ တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းကူညီ ဆောင်ရွက်လျက်ရှိနေသည်ကို သတိပြုမိပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်ခံယုံကြည်ပြီး ကုလသမဂ္ဂအသိအမှတ်ပြု The Internation Co-operative Alliance(ICA) အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးကလည်း SDGs များကို အကောင်အထည်ဖော်နိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိနေသည်မှာ ငြင်းဖွယ်မရှိပေ။ စတင်ဖွဲ့စည်းခဲ့သည့် ၁၈၉၅ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၁၂၃ နှစ်တိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကောင်းတွေ လက်ဝယ်ပိုက်ထားခဲ့သည့် ICA တွင် အဖွဲ့ဝင် ၁၀၇ နိုင်ငံ၊ သမဝါယမအသင်း၊ ကောင်စီ၊ အဖွဲ့ချုပ် ၃၀၈ ဖွဲ့၊ လုပ်ငန်းစုံသမဝါယမအသင်း ၂ ဒသမ ၆ သန်းတို့မှ သမဝါယမအသင်းသား ကမ္ဘာ့ပြည်သူ ၁ ဒသမ ၂ ဘီလီယံ ကျော်တို့ဖြင့် ဖွဲ့စည်းရပ်တည် ရှင်သန်လျက်ရှိသည်မှာ အံ့မခန်း တွေ့မြင်နေရပါသည်။

**အပြည်ပြည်ဆိုင်ရာသမဝါယမနေ့**

နှစ်စဉ်ဇူလိုင်လ ပထမစနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက သတ်မှတ်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိကြပါသည်။ ICA အဖွဲ့ဝင်ဖြစ်သည့် စာရေးသူတို့နိုင်ငံတွင်လည်း ၁၉၉၅ ခုနှစ်မှစ၍ နိုင်ငံတစ်ဝန်းရှိ သမဝါယမအသင်းများကို ကိုယ်စားပြု၍ ပြည်ထောင်စုအဆင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ICA Day အခမ်းအနားကို နှစ်စဉ်ကျင်းပဆောင်ရွက်ခဲ့သည်ကို အောက်မေ့သတိရနေမိပါသည်။ ယခုနှစ် ၂၀၁၈ ဇူလိုင်လ ၇ ရက်နေ့ စနေနေ့သည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဖြစ်သည့်အတွက် ICA Day ဂုဏ်ပြု အခမ်းအနားကို နေပြည်တော်ရှိ ရုံးအမှတ်(၁၆) သမဝါယမဦးစီးဌာနတွင် ဓာတ်ပုံပြပွဲ၊ အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချခြင်းတို့ အပါအဝင် ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်မည်ဟု ကြားသိရပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသည့် ကမ္ဘာ့သမဝါယမများနည်းတူ မြန်မာ့သမဝါယမ အဖွဲ့အစည်းများကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို ဦးတည်လုပ်ဆောင်နေသည်မှာလည်း မျက်မှောက်ကာလတွင် ထင်သာမြင်သာရှိရှိ၊ ပွင့်ပွင့်လင်းလင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်လာရပါသည်။ ၃၁-၅-၂၀၁၈ ရက်နေ့အထိ အသင်းသား ပြည်သူ ၄ ဒသမ ၂၅ သန်းတို့ ပါဝင်ဖွဲ့စည်းထားသည့် သမဝါယမအသင်းပေါင်း ၄၀၅၅၄ သင်းတို့က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အလေးထားဦးစားပေးဆောင်ရွက်လျက်ရှိနေသည်မှာ လက်တွေ့ကျသည့် လုပ်ဆောင်မှုဟု ရှုမြင်မိပါသည်။

သမဝါယမအသင်းတစ်သင်းကို ဖွဲ့စည်းရာမှာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းကို အခြေခံထားခြင်းမဟုတ်ဘဲ ဒေသတစ်ခုရှိ ဆန္ဒတူသူများ အတူတကွ လုပ်ငန်းဆောင်ရွက်နိုင်ရန် အသင်းသား အများစု၏ဆန္ဒကိုအခြေခံပြီး ဖွဲ့စည်းထားခြင်းဖြစ်သလို အသင်းကို ဦးဆောင်ဦးရွက်ပြုမည့် အမှုဆောင် ဒါရိုက်တာအဖွဲ့ကို ရွေးချယ်တာဝန်ပေးအပ်ရာမှာလည်း အသင်းသားများ၏ ဆန္ဒနှင့်အညီ ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်၍ အသင်းသားတစ်ဦးချင်းစီ၏ ပူးပေါင်းဆောင်ရွက်နိုင်မှု (Member Participate) သည် လွန်စွာမှ အရေးကြီးလှပါသည်။ မြန်မာ့သမဝါယမများ၏ ရေရှည်တည်တံ့မှုကို ကြည့်လျှင် ၁၉၀၅ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၁၁၃ နှစ်ကျော် ရှင်သန်ရပ်တည်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်း သက်ဆိုင်ရာ အစိုးရအဆက်ဆက်၏ မြန်မာ့သမဝါယမများအပေါ် ငွေကြေးအပါအဝင် ကူညီထောက်ပံ့ပေးခဲ့မှုများ ဆိတ်သုဉ်းခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဟု ဆို၍ရက ဆိုနိုင်ပါသည်။ ယင်းသို့သော အခြေအနေမျိုးကြားမှ လတ်တလောကာလများတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေထောက်ပံ့ပေးခြင်း ငွေကျပ် ၅၃၄ ဒသမ ၄၇၃ ဘီလီယံ၊ လယ်ယာသုံးစက်ကိရိယာများအား HP အရစ်ကျပေးချေသည့် စနစ်ဖြင့် ရောင်းချပေးခြင်း ငွေကျပ် ၁၃၅ ဒသမ ၁၉၅ ဘီလီယံ၊ စက်မှုလယ်ယာမြေ အဆင့်မြှင့်တင်ပေးခြင်း ငွေကျပ် ၂၆ ဒသမ ၆၃၂ ဘီလီယံ၊ လယ်ယာသွင်းအားစုနှင့် လယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများကို လက်တွေ့ကျကျ အားထုတ်ကြိုးပမ်း လုပ်ဆောင်ပေးနေခြင်းများသည် နောင်အနာဂတ်ကာလ သမဝါယမကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေသည်ဟု မှတ်ယူရမည် ဖြစ်ပေသည်။

**မီးမောင်းထိုးပြနေ**

ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအပါအဝင် စိုက်ပျိုး၊ မွေးမြူရေး သမဝါယမအသင်းသား ၃၂ ဒသမ ၂ သိန်းအား အသေးစားအရင်းအနှီးချေးငွေကျပ် ၆၆၆ ဒသမ ၆၆ ဘီလီယံကျော်ကို ၂၀၁၈ ခုနှစ် မေလကုန်အထိ ထုတ်ချေးကူညီထောက်ပံ့ပေးထားသည့် သမဝါယမအသင်းများ၏ လူတန်းစားခွဲခြားမှုမရှိဘဲ အဓိကကျသည့် အခြေခံလူတန်းစားများကို ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုများကလည်း "စဉ်ဆက်ဖွံ့ဖြိုးပြည့်အကျိုး" ဟု ဆိုနိုင်ပေသည်။ ကျေးလက်ဒေသကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်ဆိုင်ကြုံတွေ့နေကြရသည့် ငွေကြေးခက်ခဲမှုကို တစ်ထောင့် တစ်နေရာမှ ပံ့ပိုးဖြည့်ဆည်းပေးနေသည့် မြန်မာ့သမဝါယမများသည် စွန့်စားမှုများစွာဖြင့် ရှန်းကန်ပေးဆပ်နေကြရသည် ဆိုသည်ကိုလည်း မေ့ထားလို့ရမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ ရာစုနှစ်ကျော် မြန်မာ့မြေတွင် ရှင်သန်ရပ်တည်လာနိုင်ခဲ့တဲ့ သမဝါယမကိုတော့ စုပေါင်းအင်အားဖြင့် ထိုးဖောက်ဆောင်ရွက်ရန် ယခုနှစ် ICA ၏ ဆောင်ပုဒ်က မီးမောင်းထိုးပြနေသည်ဟု ထင်မိပါသည်။

> **"မြန်မာ့သမဝါယမအသင်းများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် လက်ရှိဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ကာ ဆောင်ရွက်ပေးခြင်းနှင့် စတင် ထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ထိရောက်မှုရှိရှိ ထိုးဖောက်ဆောင်ရွက်ပေးနိုင်ရန် အစိုးရ - လွှတ်တော် - INGO များနှင့် ခိုင်မြဲစွာလက်တွဲ၍ ပြည်သူ့အကျိုးကို စုပေါင်းအင်အားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြပါစို့"**

SDGs အမှတ်စဉ်(၁၂)ကို ပေါက်မြောက်အောင်ဖော်ဆောင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဦးဆောင်ကာ နိုင်ငံအားလုံးပါဝင်လျက် စဉ်ဆက်မပြတ်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်း အစီအစဉ်များပါဝင်သည့် မူဘောင်ချမှတ်နိုင်ရေး၊ ၂၀၃၀ တွင် လူတစ်ဦးချင်းစီ၏ အစားအစာလေလွင့်မှုတစ်ဝက် လျှော့ချရန်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုနှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အစားအစာ လေလွင့်မှုလျှော့ချရေး၊ သဘာဝအရင်းအမြစ်များကို အကျိုးရှိ/ ထိရောက်စွာ အသုံးချရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝနေထိုင်မှုအတွက် သတင်းအချက်အလက်များကို နေရာတိုင်း၌ လူတိုင်းရရှိရေး စသည့် Target ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကို တွေ့ရမည် ဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်များကို ကမ္ဘာ့သမဝါယမအဖွဲ့အစည်းများအားလုံးက အားတက်သရော ကူညီပံ့ပိုးဆောင်ရွက်ကြရန် ICA ကတိုက်တွန်းထားသည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်မှာ "Sustainable societies, through cooperation" **"စဉ်ဆက်ဖွံ့ဖြိုး ပြည့်အကျိုး၊ ထိုးဖောက်ဆောင်ရွက် ပူးပေါင်းလက်"** ဖြစ်ပါသည်။

**ဆန်းသစ်တီထွင်မှု ပုံရိပ်ကောင်းများ**

ပြည်သူများ၏ လူမှုစီးပွားအကျိုး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် အစဉ်ဦးတည်လုပ်ဆောင်လျက်ရှိသည့် မြန်မာ့သမဝါယမများအနေဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ထိုးထွင်းကြံဆ ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ကာ လက်ရှိအနေအထားထက် ပိုမိုလုပ်ဆောင်ကြရမည် ဖြစ်ပေသည်။ မြန်မာ့သမဝါယမအသင်းများ၏ ထိပ်ဆုံးအဆင့်တွင်ရှိသည့် ဗဟိုသမဝါယမအသင်း၏ ဦးဆောင်လမ်းညွှန်မှု၊ ပံ့ပိုးကူညီမှုတို့ဖြင့် ဖွံ့ဖြိုးစပြုလာနေပြီဖြစ်သည့် သမဝါယမအသင်း အဆင့်ဆင့်တို့သည် အလျားလိုက်တစ်မျိုး၊ ဒေါင်လိုက်တစ်သွင် စနစ်တကျ ချိတ်ဆက်၍ ဟန်ချက်ညီညီ လျင်လျင်မြန်မြန် ဆန်းသစ်တီထွင်မှု ပုံရိပ်ကောင်းများဖြင့် ကြိုးပမ်းလုပ်ဆောင်ကြရမည့် အချိန်အခါကောင်းလည်း ကျရောက်နေပြီဖြစ်ပေသည်။ ပြည်တွင်းရှိ NGO၊ CSO များကြားတွင် အသွင်ဆန်းကာ တစ်မူထူး၍ "အစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ အကျိုးအမြတ် မယူဘဲ အသင်းတွင် ပါဝင်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်သည့် စုပေါင်းအဖွဲ့" အဖြစ် အစဉ်အဆက် ခိုင်မာစွာ ရပ်တည်ခဲ့သည့် သမဝါယမအသင်းများဟု ဂုဏ်ယူဝံ့နိုင်လိမ့်မည်ဟု ယုံကြည်နေမိပါသည်။

**ပံ့ပိုးကူညီ ဖြည့်ဆည်း**

အမှန်တကယ် စေ့စေ့တွေးကြည့်လျှင် သမဝါယမအသင်းဟု ဆိုရာဝယ် People Center Development ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ဆောင်ရန် စုပေါင်းဆန္ဒများဖြင့် လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်စွမ်းရှိသည့် အစုအဖွဲ့/အသင်းများဟု တင်စားလျှင်လည်း ရနိုင်ကောင်းပါသည်။ မကြာမီက တရားဝင် ထုတ်ပြန်ထားသည့် အမျိုးသားအဆင့်စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (Agriculture Development Strategy-ADS) တွင် သမဝါယမကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ လွှတ်တော် တွင်လည်း သမဝါယမဦးစီးဌာန၏ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များ၊ သမဝါယမကဏ္ဍအသွင် ပြောင်းလဲရေးနှင့် အစိုးရပိုင်းမှ ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်ရေးကို ကိုယ်စား လှယ်တော်ကြီးများက အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်ကို ကြားသိ လိုက်ရပါသည်။ မြန်မာ့သမဝါယမဖွံ့ဖြိုးရေးနှင့် သမဝါယမအသင်းများက ပြည်သူ့အကျိုးကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ဆောင်ရွက်ပေးနိုင်ရန် အစိုးရ၊ လွှတ်တော်တို့၏ ပံ့ပိုးကူညီ ဖြည့်ဆည်းမှုများကိုလည်း "ပူးပေါင်းလက်"ပမာ ရယူကြရမည် ဖြစ်ပေသည်။

မြန်မာ့သမဝါယမ ဖွံ့ဖြိုးတိုးတက်မှုအဟုန်ကောင်းကို လိုလားလျက်ရှိသည့် INGO များ၏ အားကိုလည်း မဖြစ်မနေ ရယူကြရပါမည်။ INGO များကလည်း မြန်မာနိုင်ငံအတွင်း သမဝါယမကဏ္ဍဖွံ့ဖြိုးမှုကို ကူညီထောက်ပံ့ပေးလိုသည့်အနေအထားများလည်း ရှိနေကြသည်ဟု ကြားသိရပါသည်။ ဆွီဒင်နိုင်ငံ သမဝါယမဗဟိုဌာန (Swedin Cooperative Center- We-effect)၊ နယ်သာလန်နိုင်ငံ စိုက်ပျိုးရေး သမဝါယမအသင်း (Agriterra)၊ ကနေဒါနိုင်ငံသမဝါယမအသင်း (Canadian Cooperative Association- CCA)၊ ဂျာမနီနိုင်ငံ သမဝါယမအသင်းစုချုပ် (German Cooperative and Raiffeisen Confederation - DGRV)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime- UNODC)၊ ကုလသမဂ္ဂ စီမံကိန်းဆိုင်ရာ လုပ်ငန်းများရုံး (United Nations Office for Project Services - UNOPS)၊ အာရှငွေကြေးအဖွဲ့ချုပ် (Asso- ciation of Asian Confederation of Credit Union - ACCU) တို့ပူးပေါင်းပြီး မြန်မာ့သမဝါယမ ဖွံ့ဖြိုးရေးစီမံကိန်း ၂၀၁၉-၂၀၂၂ ကို ရေးဆွဲကာ မြန်မာ့သမဝါယမအသင်းများနှင့် ဟန်ချက်ညီညီ ပူးပေါင်းပြီး သမဝါယမအသင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့ကို ဆောင်ကြဉ်းပေးမည့် ကောင်းသတင်းများကိုလည်း ကြိုဆိုနေမိပါသည်။

**ကြိုးပမ်းဆောင်ရွက်**

မြန်မာ့သမဝါယမအသင်းများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် လက်ရှိဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ကာ ဆောင်ရွက်ပေးခြင်းနှင့် စတင် ထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည် အထိ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ထိရောက်မှုရှိရှိ ထိုးဖောက်ဆောင်ရွက်ပေးနိုင်ရန် အစိုးရ-လွှတ်တော်-INGO များနှင့် ခိုင်မြဲစွာလက်တွဲ၍ ပြည်သူ့အကျိုးကို စုပေါင်းအင်အားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၇ ရက် (စနေနေ့)တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့သည် ကမ္ဘာ့သမဝါယမလောကသားများ၏ နေ့ထူးရက်မြတ်ဟုဆိုရ မည်ဖြစ်ပေသည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျရောက်တိုင်း ICA က နှစ်စဉ် ဆောင်ပုဒ်များ ထုတ်ပြန်လျက်ရှိရာ ယခုနှစ်အတွက် သတ်မှတ်ပေးထားသည့် "Sustainable societies, through the Cooperation" **စဉ်ဆက်ဖွံ့ဖြိုး ပြည့်အကျိုး၊ ထိုးဖောက်ဆောင်ရွက် ပူးပေါင်းလက်** ဆောင်ပုဒ်ပါ နှိုးဆော်တိုက်တွန်းထားချက်ကို မြန်မာ့သမဝါယမအသင်းများနှင့် သမဝါယမလောကသားများအားလုံးက လိုက်နာ ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်နေမိပါတော့သည်။ ။

---

## ငှက်ဖျားရောဂါ ကူးစက်မှု ပပျောက်ရေး သင်တန်းဖွင့်လှစ်ပို့ချ

**ဖားပန်းမော်** **ဇူလိုင်** **၂**

ကချင်ပြည်နယ် ဖားမော်ခရိုင် ရွှေကူမြို့၌ ဇွန်လနောက်ဆုံးပတ်က ငှက်ဖျားရောဂါကူးစက်မှု ပပျောက်ရေးသင်တန်းကို မြို့နယ်ကျန်းမာရေးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ရွှေကူမြို့နယ်အတွင်းရှိ မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ မိခင်နှင့်ကလေးဌာန၊ တိုက်နယ်ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်ဌာနများမှ ဆရာ ဆရာမများ၊ မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သင်တန်းဆရာများမှာ မြစ်ကြီးနား ပြည်နယ်ငှက်ဖျားဌာနမှ ဒေါက်တာ မိုးဦး၊ ဒေါက်တာ ကျော်ထက်၊ MA ဦးနေဝင်း ခရိုင်ငှက်ဖျား ရောဂါဌာနမှူးတို့ဖြစ်ပြီး တက်ရောက်လာသော ဆရာ ဆရာမများကို ငှက်ဖျားရောဂါကူးစက်မှု ပပျောက်ရေး သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်သို့

**မောင်သာ (ရွှေးဟောင်းသုတေသန)**



မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ (ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ် ဧပြီလ ၃၀ ရက်)တွင် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ (ခရစ်တော်မပေါ်မီ ၅၄၄ ခုနှစ် မေ ၁၃ ရက်) တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည့် ဂေါတမ ဘုရားရှင်၏ ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ထွန်းကားခဲ့ရာ နှစ်ပေါင်း ၂၅၆၂ နှစ် ကျော်လွန်ခဲ့ပြီဖြစ်သည်။

ဘုရားရှင်၏ သာသနာတော်ဖြစ်သည့် အဆုံးအမများကို လိုက်နာကျင့်သုံးကာ ဗုဒ္ဓသာသနာတော်ကို စောင့်ထိန်းခဲ့ကြသဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံတစ်ခုအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိနေပေသည်။

ဗုဒ္ဓဘုရားရှင်၏ သာသနာတော်သုံးရပ်ဖြစ်သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတို့ အရှည်ပြန့်ပွားတည်တံ့ရေးအတွက် သာသနာတော်ကို စောင့်ထိန်းကြမည့် ရဟန်းသံဃာ၊ သီလရှင် တို့၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပေသည်။ ထို့ကြောင့် ဘုရားရှင်၏ ပိဋကတ်တော်များကို သင်ကြားပို့ချပေးသည့် စာသင်တိုက်များကို သမိုင်းတစ်လျှောက် မြန်မာနိုင်ငံအရပ်ရပ်တွင် ထူထောင်ခဲ့ကြကာ ဘုရားသားတော်၊ သမီးတော်များသည် ပဋိယတ္တိစာပေများကို သင်ယူ၍ သာသနာတော်ကို စောင့်ရှောက်ခဲ့ကြပေသည်။

မြန်မာနိုင်ငံမှ သာသနာပြု ဆရာတော် အရှင်သူမြတ်များသည် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါကြွရောက်၍ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးလုပ်ငန်းများကို ပုဂံခေတ်မှပင် စတင်ဆောင်ရွက်ခဲ့ကြသည်။ နည်းပညာများတိုးတက်ထွန်းကားလာသည့် မျက်မှောက်ခေတ်ကမ္ဘာ့ရွာတွင် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာပြုလုပ်ငန်းများသည် ပိုမိုကျယ်ပြန့်လာခဲ့သဖြင့် သာသနာပြုအရှင်များသည် ဗုဒ္ဓသာသနာဆိုင်ရာ နိုင်ငံတကာဘာသာစကားများကို တတ်ကျွမ်းခြင်းဖြင့် ပြည်ပသာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓစာပေများနှင့် နိုင်ငံခြားဘာသာစကားကို သင်ကြားပို့ချပေးသည့် တက္ကသိုလ်အဆင့်စာသင်တိုက်ကြီးများ ပေါ်ထွက်လာခဲ့သည်။

ဗုဒ္ဓသာသနာတော် သက်တမ်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာ ကနဦးထွန်းကားခဲ့သည့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓစာပေများ သင်ကြားပို့ချသည့် ကျောင်းတော်ကြီးများပေါ်ထွက်ခဲ့ရာ နာလန္ဒာတက္ကသိုလ်၊ ဩဒန္တပူရီတက္ကသိုလ်နှင့် ဝလ္လာဘိတက္ကသိုလ်တို့သည် အထူးထင်ရှားခဲ့ကြသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ သာသနာ့တက္ကသိုလ် ၂၆ ခုရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာတွင် ဖွင့်လှစ်ထားသည့် မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

### သမိုင်းထဲမှ မှော်ဘီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းပါဝင်သည့် မြို့နယ် ၄၅ ခုအနက် မှော်ဘီမြို့နယ်သည် ရန်ကုန်မြောက်ပိုင်းခရိုင်တွင်ပါရှိကာ ရန်ကုန်မြို့မှ မီးရထားလမ်းအတိုင်း ၂၅ မိုင်နှင့် မော်တော်ကားလမ်းအတိုင်း ၃၁ မိုင် ကွာဝေးသည်။ မှော်ဘီမြို့နယ်သည် အရှေ့ဘက်တွင် လှည်းကူးမြို့နယ်၊ အနောက်ဘက်တွင် ထန်းတပင်မြို့နယ်၊ တောင်ဘက်တွင် မင်္ဂလာဒုံမြို့နယ်နှင့် မြောက်ဘက်တွင် တိုက်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိဆက်နေသည်။

ဒေသသမိုင်းအကျဉ်းအရ လွန်ခဲ့သော နှစ် ၄၀၀ ကျော် ကာလက ယခု မှော်ဘီမြို့နယ်နေရာတွင် မွန်နှင့် ကရင်လူမျိုးများနေထိုင်ခဲ့ကြပြီး မွန်စကား မောတပီမှ မှောပီ၊ မှော်ဘီဟု ပြောင်းလဲလာသည်ဟုဆိုသည်။ ခရစ်နှစ် ၁၈၇၇ ခုနှစ် မေလ ၁ ရက်တွင် ရန်ကုန်-ပြည်မီးရထားကို ဖွင့်လှစ်ခဲ့ပြီးနောက် မှော်ဘီမြို့ကို ၁၉၀၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် မီးရထားလမ်းမြို့အဖြစ် အခွန်ဌာနက သတ်မှတ်ခဲ့သည်။

မှော်ဘီမြို့နယ်သည် ၁၉၅၅ ခုနှစ်အထိ အင်းစိန်ခရိုင်တွင်ပါဝင်ခဲ့ပြီး ၁၉၆၅ ခုနှစ် မေလ ၂၉ ရက်တွင် ထန်းတပင်မြို့နယ်မှ ကျေးရွာအုပ်စု ၁၀ ခု၊ အင်းစိန်မြို့နယ်မှ ကျေးရွာအုပ်စု ၂၄ ခု၊ တိုက်ကြီးမြို့နယ်မှ ကျေးရွာအုပ်စု ၉ ခု တို့ကို ပေါင်းစု၍ ကျေးရွာအုပ်စု ၄၃ ခုဖြင့် ဖွဲ့စည်းခဲ့သည်။ ယခုအခါတွင် မှော်ဘီမြို့နယ်ကို မြို့ပေါ်ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၃၉ ခု၊ကျေးရွာ ၁၉၅ ရွာ ဖြင့် ဖွဲ့စည်းထားသည်။

မှော်ဘီမြို့နယ်သည် ၁၈၃ ဒသမ ၇၈ စတုရန်းမိုင်ကျယ်ဝန်းကာ အရှေ့မြောက်ဘက်ရှိ ပဲခူးရိုးမမှနိမ့်ဆင်းနေသည့် တောင်ကုန်းငယ်များကြောင့် မြောက်ဘက်နှင့် တောင်ဘက်တွင် မြေမျက်နှာမညီသောကုန်းမြင့်များကို တွေ့ရှိရသည်။ လှိုင်မြစ်သည် မှော်ဘီမြို့မြောက်ဘက် နယ်နိမိတ်အဆုံးတွင် အရှေ့မှအနောက်သို့ စီးဆင်းနေပြီး မှော်ဘီချောင်း၊ ဒွန်းတပဲ့ချောင်းနှင့် မြောင်းတကာချောင်းတို့သည် လှိုင်မြစ်အတွင်းသို့ စီးဝင်နေကြသည်။

၂၀၁၇ ခုနှစ် မတ်လအထိ မှော်ဘီမြို့နယ်၏ လူဦးရေသည် ၁၉၁၀၂၀ ဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေသည် ၁၇၃၈၀၆ ဦးဖြစ်သည်။ တောရိပ်တောင်ရိပ်ကောင်းသည့် မှော်ဘီမြို့နယ်အတွင်း ဘုန်းကြီးကျောင်း ၄၅၆ ကျောင်း၊ သီလရှင်ကျောင်း ၁၀ ကျောင်းရှိပြီး ရဟန်း ၂၇၇၆ ပါး၊ သာမဏေ ၂၂၅၆ ပါးနှင့် သီလရှင် အပါး ၇၄၀ သီတင်းသုံးလျက်ရှိပေသည်။

### ဘိုးဒေါနကုန်းနှင့် မဟာဝိဟာရကျောင်းတိုက်

မှော်ဘီမြို့နယ် တောင်ပိုင်းရှိ ဘိုးဒေါနကုန်းသည် အိမ်ခြေ ၃၈၂ အိမ်ရှိပြီး သစ်ရိပ်ဝါးရိပ်များ ထူထပ်သည့် ကျေးရွာဖြစ်သည်။ စိမ်းလန်းစိုပြည်နေသည့် သစ်ပင်သစ်တောများအကြား ဘိုးဒေါနကုန်းကျေးရွာ၌ ထူထောင်ဖွင့်လှစ်ထားသည့် မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်သည် ရန်ကုန်-ပြည် မော်တော်ကားလမ်းမှ အရှေ့ဘက်သို့ ငါးကီလိုမီတာ အကွာတွင်တည်ရှိသဖြင့် ၅၀၁ လေတပ်မှတ်တိုင်မှ မော်တော်ဆိုင်ကယ်ဖြင့်လာလျှင် ၁၀ မိနစ်ခန့် မောင်းနှင်ရသည်။

ယခု ဓမ္မဝိနယတက္ကသိုလ်ဖွင့်လှစ်ထားသည့် ကျောင်းဝင်းအတွင်းရှိခဲ့သည့် မဟာဝိဟာရ သစ်သားကျောင်းငယ်၌ ၂၀၀၂ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည် သာမဏေ နှစ်ပါးနှင့်အတူ စတင်သီတင်းသုံးခဲ့သည်။ ဆရာတော်အား ယင်းနေရာသို့ ဦးစွာပင့်ဆောင်ခဲ့သူမှာ အပ္ပမာဒစာပေမှ ဦးမြသန်းစံနှင့် ဒေါ်သိဂီမိုးတို့ဖြစ်ကြသည်။ ထိုစဉ်က ကျောင်းဧရိယာသည် သုံးဧကသာရှိခဲ့သော်လည်း လက်ရှိ အချိန်တွင် ဧက ၁၆၀ အကျယ်အဝန်းအထိ ရှိလာခဲ့သည်။

မဟာဝိဟာရကျောင်းတိုက်သည် ဘုရားရှင်၏ ဝိနည်းတော်ကို တစ်သွေမတိမ်းလိုက်နာကျင့်သုံးသည့် ပရိယတ္တိစာသင်တိုက်ဖြစ်ကာ စာချ စာသင် ရဟန်းသံဃာ သာမဏေများအားလုံးသည် ဝိနည်းတော် သိက္ခာပုဒ်များကို ရိုသေစွာ လိုက်နာကြသည်။ ပရိယတ္တိ ဗုဒ္ဓစာပေများကို အခြေခံမှုစ၍ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယတန်းများအထိ စာပေများပို့ချပေးလျက်ရှိရာ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ စာသင်သား အပါး ၂၀ အပါအဝင် ဝါဆိုသံဃာ ၁၃၀၈ ပါးခန့်ရှိသည်။

မဟာဝိဟာရကျောင်းတိုက်မှ စာသင်သားများသည် နံနက် ၄ နာရီမှ ည ၁၀ နာရီ မိနစ် ၃၀ အထိ စာသင်၊ ဆွမ်းခံ၊ တရားထိုင်ခြင်းများကို အချိန်ဇယားအတိုင်း ဆောင်ရွက်ကြရသည်။ စာသင်သားများသည် နံနက် ၇ နာရီတွင် ဆွမ်းခံထွက်ကြရပြီး ရရှိလာသည့်ဆွမ်းများကို သပိတ်ဖြင့် ဘုဉ်းပေးကြကာ ပတ္တပိုဏ်ဓုတင်နှင့် ဧကေသနိက် ဓုတင်ကို ဆောင်ကြသည်။ ပတ္တပိုဏ်ဓုတင်သည် ရရှိသမျှ ဆွမ်းခဲဖွယ်များကို သပိတ်ထဲတွင်ထည့်ပြီး ရောထွေးသုံးဆောင်ခြင်းဖြစ်ကာ ဧကေသနိက်ဓုတင်သည် တစ်နေရာတည်းတွင်သာ ထိုင်၍ သုံးဆောင်သည့် အကျင့်မြတ်ဖြစ်သည်။

ဝိနည်းတော်အတိုင်းနေကြသဖြင့် ဆွမ်းဘုဉ်းပေးသည့် စားပွဲ၊ ကုလားထိုင်၊ ပန်းကန်ခွက်ယောက်များမရှိဘဲ ဆွမ်း၊ ဟင်းနှင့် ခဲဖွယ်တို့ကို သပိတ်အတွင်းထည့်ကာ နေရာတွင်ထိုင်၍ ဘုဉ်းပေးသုံးဆောင်ကြသည်။ ထို့အတူ အိပ်စက်ကြရာတွင်လည်း ခုတင်၊ ခေါင်းအုံး၊ ဖျာ၊ စောင်၊ ခြင်ထောင်တို့ကို အသုံးပြုခြင်းမရှိကြပါချေ။ တိစိဝရိတ် သင်္ကန်းသုံးထည်ကိုသာဝတ်ရုံကြပြီး အံတကိုက်ဟုခေါ်သည့် အတွင်းခံသင်္ကန်းကို သုံးစွဲခြင်းမပြုကြပါချေ။

**“ဝိနည်းတော်အတိုင်းနေကြသဖြင့် ဆွမ်းဘုဉ်းပေးသည့် စားပွဲ၊ ကုလားထိုင်၊ ပန်းကန်ခွက်ယောက်များမရှိဘဲ ဆွမ်း၊ ဟင်းနှင့် ခဲဖွယ်တို့ကို သပိတ်အတွင်းထည့်ကာ နေရာတွင်ထိုင်၍ ဘုဉ်းပေးသုံးဆောင်ကြသည်။ ထို့အတူ အိပ်စက် ကြရာတွင်လည်း ခုတင်၊ ခေါင်းအုံး၊ ဖျာ၊ စောင်၊ ခြင်ထောင်တို့ကို အသုံးပြုခြင်းမရှိကြပါချေ။ တိစိဝရိတ် သင်္ကန်းသုံးထည်ကိုသာဝတ်ရုံကြပြီး အံတကိုက်ဟုခေါ်သည့် အတွင်းခံသင်္ကန်းကို သုံးစွဲခြင်းမပြုကြပါချေ”**

မဟာဝိဟာရကျောင်းတိုက်တွင် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရဟန်းသံဃာ၊ သာမဏေများ စာပေပဋိပတ္တိများကို သင်ယူလျက်ရှိရာ ပြည်ပနိုင်ငံသားများနှင့် မြန်မာဘာသာစကားကို မတတ်ကျွမ်းသော တိုင်းရင်းသား ရဟန်းသာမဏေများသည် မြန်မာစာပေစကားကို ဦးစွာ သင်ယူကြရသည်။

ကျောင်းတိုက်တွင် စာသင်ယူလိုကြသူများကို ကျန်းမာသန်စွမ်း၍ ခြေလက်အင်္ဂါ ချွတ်ယွင်းမှုမရှိရန်၊ သာသနာပြုရန်၊ သဒ္ဓါတရားထက်သန်သူဖြစ်ရန်၊ ဝိနည်းတော်ကို အမှန်တကယ်မြတ်နိုးရန်၊ တောပျော်ရဟန်းတို့၏ဘဝနေနည်းကို မြတ်နိုးရန်၊ စိတ်ရှည်သည်းခံဖွဲ့အားသန်ရန် ဟူသည့် သတ်မှတ်ချက်များဖြင့် လက်ခံလျက်ရှိသည်။ထို့ကြောင့် ကျောင်းတိုက်၏ ဆောင်ပုဒ်ကို နေနည်းရှေးကျ၊ သင်နည်းခေတ်မီဟု ချမှတ်ခဲ့သည်။

### မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်

မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်ကို မထူထောင်မီ မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ် ဖောင်ဒေးရှင်းကို မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်(ခရစ်နှစ် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်)တွင် ဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်ဖောင်ဒေးရှင်းသည် ဝိနည်းကိုမကျိုးပေါက်စေဘဲ ပိဋကတ်ပညာရေးကို ခေတ်စနစ်နှင့်အညီ သင်ကြားပို့ချပေးနိုင်ရန် မဟာဝိဟာရကျောင်းတိုက်ကိုအခြေပြုပြီး မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်ကို ထူထောင်ခဲ့သည်။

တက္ကသိုလ်၏ ဆောင်ပုဒ်မှာ သီလကို ပညာဖြင့်သန့်စင်စေရာ၏၊ ပညာကို သီလဖြင့် သန့်စင်စေရာ၏ဟု ဖြစ်သည်။

တက္ကသိုလ်ဖွင့်လှစ်နိုင်ရန် မဟာဝိဟာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇာနန္ဒနှင့် ပညာရှင်ဆရာတော်များ၏ ဩဝါဒများကိုခံယူလျက် တက္ကသိုလ်တစ်ခုတွင်ရှိရမည့် သင်ကြားစီမံဆရာများ၊ သင်တန်းသားများအတွက် လိုအပ်မည့် ရုပ်ဝတ္ထုပစ္စည်းများပြည့်စုံစေရန် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အပါအဝင် အခြားသာသနာ့တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်ကို ၂၀၁၆ ခုနှစ် ဇွန်လ ၁၂ ရက်တွင် အကြို ဒီပလိုမာသင်တန်းဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသားသံဃာ ၃၈ ပါး တက်ရောက်ခဲ့သည်။သင်တန်းကို သီလ၊ သုတ စွယ်စုံရသည့် ပညာရှင်ရဟန်းများပေါ်ထွန်းလာစေရန်ရည်ရွယ်လျက် လူပညာရှိဆရာများက အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားပို့ချပေးလျက်ရှိသည်။

တက္ကသိုလ်တွင် သုတ္တန်ဌာန၊ ဝိနည်းဌာန၊ အဘိဓမ္မာဌာန၊ ပါဠိဌာန၊ လူမှုရေးသိပ္ပံဌာန၊ အင်္ဂလိပ်စာဌာနနှင့် သာသနာပြုနှင့် ကမ္ဘာ့ဘာသာကြီးများဌာနဟူ၍ ဌာန ခုနစ်ခု ဖွင့်လှစ်ထားကာ သက်ဆိုင်ရာဌာနများမှ ပါမောက္ခနှင့် သင်ကြားရေးဆိုင်ရာ တာဝန်ယူထားကြသည့် ဆရာတော်များနှင့် လူပုဂ္ဂိုလ်များက နေ့စဉ်သင်ကြားရေးတာဝန်များကို ထမ်းဆောင်နေကြသည်။

သင်တန်းသားအဖြစ် အသက် ၃၀၊ သိက္ခာ ၁၀ ဝါရှိကာ ဓမ္မာစရိယအောင်မြင်ထားသည့် ရဟန်းသံဃာများ လျှောက်ထားနိုင်ကြသကဲ့သို့ ၁၀ တန်းအောင်၊ ဘွဲ့ကြို၊ ဘွဲ့ရ ရဟန်းများလည်း လျှောက်ထားနိုင်ကြကာ ဝင်ခွင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုကြရသည်။ အကြို ဒီပလိုမာသင်တန်းကာလသည် ၁၈ လဖြစ်ပြီး ဓမ္မဝိနယဆိုင်ရာ အင်္ဂလိပ်စာနှင့် အထွေထွေအင်္ဂလိပ်စာကို အခြေခံမှုစ၍ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု အဆင့်လေးဆင့် သင်ကြားပို့ချပေးလျက်ရှိသည်။ အကြိုဒီပလိုမာသင်တန်း အောင်မြင်သူများသည် ဒီပလိုမာဘွဲ့သင်တန်းကို ၁၂ လ ဆက်လက်တက်ရောက်ကြရမည် ဖြစ်သည်။ ဒီပလိုမာသင်တန်းအောင်မြင်သူများကို ဝိဇ္ဇာဘွဲ့ သင်တန်းသို့ တက်ရောက်ခွင့်ပြုရန် သတ်မှတ်ထားပေသည်။

မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်၏ အဓိပတိဆရာတော်အဖြစ် ကော့ကရိတ်မြို့ အေးချမ်းသာယာကျောင်းဆရာတော် ဘဒ္ဒန္တကဝိနန္ဒက တာဝန်ယူတော်မူကာ ပါမောက္ခချုပ်ဆရာတော်သည် ဒေါက်တာနန္ဒသေနာလင်္ကာရဖြစ်သည်။ ဒုတိယပါမောက္ခချုပ်(စီမံ)တာဝန်ကို ပညာရေးဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တာဝန်ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွန့်က တာဝန်ယူကာ သင်ကြားစီမံလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်နှင့် မဟာဝိဟာရ စာသင်တိုက်မှ စာသင်သား ရဟန်းသံဃာ၊ သာမဏေများ အားလုံးသည် မဟာဝိဟာရကျောင်း၌ပင် သီတင်းသုံးကြရပြီး စာသင်သားများ၏ ကျန်းမာရေးအတွက် ကျောင်းတိုက်ဝင်းအတွင်းမှာပင် ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားသည်။

တက္ကသိုလ်၏ ထူးခြားချက်တစ်ရပ်မှာ သီလရှင်များကို သင်တန်းသားများအဖြစ် လက်မခံခြင်းဖြစ်သည်။

စာသင်သားများ ဗုဒ္ဓစာပေဆိုင်ရာ ဗဟုသုတများရရှိစေရန် ပြင်ပပညာရှင်များကိုဖိတ်ကြား၍ ဟောပြောလျှောက်ထားမှုများ ဆောင်ရွက်ပေးလျက်လည်းရှိပေသည်။ ထို့အတူပြည်ပတက္ကသိုလ်များမှ ပညာရှင်များက တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ် လာရောက်ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။


ဝိနည်းတော်ကို အထူးလိုက်နာသည့် တက္ကသိုလ်ဖြစ်သဖြင့် အာရုံခံစားမှုများဖြစ်စေမည့် ရုပ်မြင်သံကြား၊ ရေဒီယို၊ လက်ကိုင်ဖုန်းများ မရှိဘဲ သင်တန်းသားများ ဆက်သွယ်ရေးကိစ္စ ဆောင်ရွက်နိုင်ရန် ကြိုးဖုန်းများ ထားရှိသည်။ မဟာဝိဟာရကျောင်းတိုက်ရှိ ရဟန်းသံဃာ သာမဏေအားလုံးသည် ငွေကြေးကို လုံးဝမကိုင်တွယ်ကြဘဲ ကပ္ပိယကာရကများက ရဟန်းတို့နှင့် အပ်စပ်ရန်စီမံသည့်အရာများကိုသာ သုံးဆောင်သုံးစွဲကြသည်။

“ဒါယကာများ သိမှတ်ဖွယ်ရာ သံဃာတော်နှင့် ရွှေငွေ” ခေါင်းစဉ်ဖြင့် အလှူရှင်များက သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ လှူဒါန်းကြရာတွင် လိုက်နာသင့်သည့် အပ်စပ်သော လျှောက်ထားနည်း၊ မအပ်စပ်သောလျှောက်ထားနည်းများကို ရှင်းပြထားသည့် ဆိုင်းဘုတ်များကို စိုက်ထူထားသည်။

အနာဂတ် ဗုဒ္ဓသာသနာတော်၏ အဖူးအညွှန့်များဖြစ်ကြသည့် ရဟန်းသံဃာသာမဏေများကို ဘုရားရှင်၏ဝိနည်းတော်အတိုင်း ကျင့်သုံးလိုက်နာစေကာ ပရိယတ္တိ၊ ပဋိပတ္တိစာပေများကို သင်ကြားပို့ချပေးနေသည့် မှော်ဘီမြို့နယ်ရှိ မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်သို့ သွားရောက်ကြည့်ညှိုနိုင်ကြပေသည်။ ။

# ထီထိုးပြီးတိုင်း ထီတိုက်ကြစေလို

**သတင်းဆောင်းပါး - ခင်ဆိုင်**




နိုင်ငံတော်မှ တစ်လတစ်ကြိမ် လဆန်း ၁ ရက်နေ့တိုင်း အောင်ဘာလေသိန်းထီဖွင့်ပွဲကို ကျင်းပနေပြီး ယခု ဇူလိုင် ၁ ရက်ကလည်း (၁၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲကို ကျင်းပခဲ့သည်။ ထီထိုးကြရာတွင် ဝင်ငွေနည်းလူတန်းစားများက စောင်ရေအနည်းငယ် ကံစမ်းထီထိုးကြသကဲ့သို့ ဝင်ငွေအသင့်အတင့်ရှိသူများက အင်တာနက်၊ လောကနတ် စသည့် ထီလောကအခေါ်အဝေါ်ဖြင့် ၁၀ စောင်တွဲများထိုးတတ်သည်။ အချို့က မင်္ဂလာစုံတွဲထီများကို ထိုးတတ်ကြသည်။

ထီထိုးသူများလှသော်လည်း နယ်ဒေသအများစုတွင် ထီတိုက်ရန်အားနည်းနေလေ့ရှိပြီး မိမိထီထိုးခဲ့သည့် ထီဆိုင်များမှ အကြောင်းကြားခြင်းကိုသာ စောင့်တတ်ကြသည်များလည်း ရှိနေသည်။ ထီတိုက်ရန် အားနည်းခြင်းကြောင့် ထီပေါက်လျှင် ပေါက်မှန်းမသိခြင်းများလည်း ရှိနေသည်။ ထီရောင်းသူများအား ယုံကြည်စိတ်ချထားသည့်အခါ ဆုကြီးပေါက်သော ထီလက်မှတ်ကို ရောင်းသူက လိမ်လည်ရယူသွားသည့် ဖြစ်စဉ်မျိုးလည်း ဖြစ်ပွားခဲ့ဖူးသည်။ လက်မှတ်လိမ်ယူခံရသူက နောက်မှအဖြစ်မှန်သိ၍ လိမ်လည်သူများနောက်လိုက်ရာ အခြားမြို့တွင်တွေ့ရှိ၍ သက်ဆိုင်ရာသို့ တိုင်ကြားခဲ့သဖြင့် တရားရုံးတွင်အမှုရင်ဆိုင်နေရဆဲဖြစ်သည်ဟု သိရသည်။ ထီလက်မှတ် လက်ဝယ်ပြနိုင်သူအား ဆုငွေထုတ်ပေးပြီး တစ်နှစ်အတွင်း လာရောက်မထုတ်ယူပါက နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းတတ်၍ အဆိုပါဖြစ်စဉ်တွင် လက်မှတ်ကို လိမ်လည်လှည့်ဖြားရယူသွားသူများကိုဖမ်းမိပြီး တရားရင်ဆိုင်နေချိန်တွင် ဆုငွေကို ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်ကိစ္စကို ဆိုင်းငံ့ပေးရန် သက်ဆိုင်ရာသို့တင်ပြထားသည်ဆိုသည့် သတင်းကိုလည်း ဖတ်လိုက်ရသည်။

ရန်ကုန်မြို့တွင် ထီပေါက်ပါက ဆုသေးအချို့ကို ထီဆိုင်များတွင်ပင် ထုတ်ယူ၍ရသည်။ ဆုကြီးများထုတ်ယူရာတွင်လည်း ထီဆိုင်များကကူညီကြပြီး ထီပေါက်သူများက ထီဆိုင်မှဝန်ထမ်းများကို မုန့်ဖိုးအဖြစ် ငွေကြေးပေးတတ်သည်ဟု လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းဘေးထီဆိုင်တစ်ဆိုင်မှ ဝန်ထမ်းအမျိုးသမီးတစ်ဦးကဆိုသည်။ ထို့အပြင် ထီဆိုင်ကြီးများထံမှ လက်ကားဝယ်ယူပြီး လက်ပွေ့လှည့်လည်ရောင်းချသူများထံမှ ထီပေါက်လျှင်လည်း ရောင်းချသည့်လက်ပွေ့သမားကို ထီဆိုင်ကြီးများက ဆုကြေးပေးတတ်သည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လက ဖွင့်လှစ်ခဲ့သော (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ထီပေါက်သည့် ကျပ်သိန်းတစ်ထောင်ဆု တစ်ဆု အပါအဝင် ဆုလက်မှတ်ပေါင်း ၄၅ ဆုကို ယနေ့တိုင် လာရောက်တောင်းခံခြင်းမရှိသေး၍ ယခု ၂၀၁၈ ဇူလိုင်လကုန် နောက်ဆုံးထားလာရောက်ထုတ်ယူရန်နှင့် ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူမည်ဟု ဇူလိုင် ၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ (၅)ကြိမ်မြောက်တွင် ထီပေါက်ပြီး မထုတ်ယူရသေးသောဆုများမှာ ကျပ်သိန်းတစ်ထောင်ဆု တစ်ဆု၊ ကျပ်သိန်းငါးရာ တစ်ဆု၊ ကျပ်သိန်းတစ်ရာ နှစ်ဆု၊ ကျပ်သိန်းငါးဆယ် ငါးဆု၊ ကျပ်သိန်းသုံးဆယ် ခြောက်ဆု၊ ကျပ် ၁၀ သိန်းဆု ၁၈ ဆု၊ ကျပ်သုံးသိန်းဆု ၁၂ ဆုတို့ဖြစ်သည်။ စုစုပေါင်းငွေပမာဏမှာ ကျပ်သိန်းနှစ်ထောင်ဝန်းကျင်ဖြစ်ပြီး ထုတ်ပေးသောဆုငွေပေါင်း၏ နှစ်ရာခိုင်နှုန်းခန့်ဖြစ်သည်။

သိန်းထီဆုများမှာ ပေါက်ရန်အခွင့်အရေးနည်းသော်လည်း ကံအားလျော်စွာ ထီပေါက်လာချိန်တွင် ထီပေါက်မှန်းသိရန် လိုအပ်နေသည့်အကြောင်းကို အဆိုပါ (၅)ကြိမ်မြောက် ထီဖွင့်ပွဲမှ တစ်နှစ်ကြာသည်အထိ လာရောက်မထုတ်ယူသေးသည့် ဆုမဲပေါင်း ၄၅ ဆုက သက်သေပြနေသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့၌ ထီဖွင့်ပြီးနာရီပိုင်းအတွင်းမှာပင် ထီပေါက်စဉ်များကို တစ်စောင်လျှင် တစ်ရာကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြသလို ထီဖွင့်ပြီးနောက်တစ်ရက် လဆန်း ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင်လည်း ထီပေါက်စဉ်အပြည့်အစုံကို ဖော်ပြပေးလျက်ရှိသည်။ ထီဆိုင်ကြီးအများစုကလည်း မိမိထီဆိုင်အမည်တပ်၍ ဖော်ပြထားသော ထီပေါက်စဉ်များကို ထီဖွင့်ပြီးနောက်နေ့တွင် အခမဲ့ပေးသည်များကိုလည်း ရန်ကုန်မြို့တွင် မြင်တွေ့ရသည်။

ထို့ကြောင့် ထီထိုးကြသူများအနေဖြင့် မိမိထီပေါက်လာသည့် အခွင့်အရေးကိုသိရှိပြီး အခွင့်အရေးမဆုံးရှုံးရစေရန်အတွက် ထီဖွင့်ချိန်၌ ထီတိုက်ကြစေလိုပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# လက်ပံတန်း၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးသင်တန်းဖွင့်

**လက်ပံတန်း ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့(၂)လမ်းခန်းမ၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးသင်တန်းကို ဇူလိုင် ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းက ကျောင်းသားလူငယ်များအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများကိုသိရှိပြီး လိုက်နာကျင့်သုံးလာစေရန်နှင့် ကျောင်းသားလူငယ်များ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းရှိလူအားလုံးသည် ကျောင်းကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန်ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ လက်ပံတန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမ ၂၀၆ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၁၀၂ ဦး တက်ရောက်ကြပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သိရှိသင့်သည်များကို တစ်ရက်တာသင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မင်းကင်း၌ အမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး



**မင်းကင်း ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က မင်းကင်းမြို့နယ်ကျေးတောင်ဦးကျေးရွာအုပ်စု ကျေးတောင်ဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြေနှစ်ဧက၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဗိုလ်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇာနည်ထွန်းက ပျိုးပင်များပေးအပ်ကာ မြို့နယ်အတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ စုစုပေါင်း အင်အား ၄၀၀ ခန့်က ကျွန်းပင် ၁၂၄၀ နှင့် မျောက်ငိုပင် ၂၆၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ချင်းတွင်းသား**

# ကျွန်းလှမြို့နယ်၌ မိုင်းဝန်းချောင်းကူးတံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီး၍ သွားလာရေးအဆင်ပြေ

**ကျွန်းလှ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်းရှိ ဝေလမူကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာကြားမှ မိုင်းဝန်းချောင်းကူးတံတားကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



မိုင်းဝန်းချောင်းကူးတံတားမှာ အရှည် ၄၃၇ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၂ ပေရှိ သံပေါင် သစ်သားခင်းတံတားဖြစ်ပြီး တိုင်းဒေသကြီးအစိုးရမှ သံပေါင်များထောက်ပံ့၍ ကျေးရွာအုပ်စုလေးစုမှ ပြည်သူများ၏ လုပ်အားနှင့် အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် တည်ဆောက်ခဲ့ကာ ကျပ်သိန်း ၈၀၀ ခန့် ကုန်ကျခဲ့ကြောင်း သက္ကယ်ကျင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းကိုက ပြောကြားသည်။

သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်းရှိ မိုင်းဝန်းချောင်းမှာ ရေစီးသန်သောချောင်းဖြစ်၍ သွားလာရေးခက်ခဲကြောင်း၊ ချောင်းကူးရာတွင် ယခင်က လှေများဖြင့် အခကြေးငွေပေး၍ကူးရကြောင်း၊ ယခု အခိုင်အမာ တံတားတည်ဆောက်ခြင်းဖြင့် ကျေးရွာပေါင်း ၃၀ကျော်မှ ပြည်သူများအနေဖြင့် ရာသီမရွေး သွားလာရေးလွယ်ကူသွားပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ရေတာရှည်မြို့နယ် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဝက်မွေးမြူခြင်းသင်တန်းဖွင့်

**ရေတာရှည် ဇူလိုင် ၂**

ရေတာရှည်မြို့နယ်အတွင်း အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စံပြဝက်မွေးမြူရေးခြံ၌ ဝက်မွေးမြူထုတ်လုပ်မှုဆိုင်ရာသင်တန်းအမှတ်စဉ်(၅)ကို ဇူလိုင် ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရေနီတပ်နယ် ဒုတိယတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးညီညီလွင်က ငါးရက်ကြာဖွင့်လှစ်မည့်သင်တန်းသို့ တက်ရောက်လာကြသော တပ်ရင်းတပ်ဖွဲ့အသီးသီးမှ သင်တန်းသားများအနေဖြင့် အလေးအနက်ထားသင်ယူကြရန်နှင့် ရရှိလာသည့် ပညာရပ်များဖြင့် မိမိတို့တပ်များ၌ မွေးမြူရေးကို အထောက်အကူပြုနိုင်မည့်အပြင် အခြားသောမွေးမြူရေးလုပ်ကိုင်သူများထံ အသိပညာများ မျှဝေပေးနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဝက်မျိုးရွေးချယ်မှု၊ မြေနေရာ၊ ခြံအဆောက်အအုံ၊ ဝက်ငယ်ပြုစုစောင့်ရှောက်ခြင်း၊ ဝက်သိုးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဝက်မများနှင့် ဇီးဝက်မများကို ပြုစုစောင့်ရှောက်ခြင်း၊ ဝက်များကိုထိန်းချုပ်ခြင်း၊ အာဟာရဗေဒ၊ အစားအစာကျွေးမွေးခြင်း၊ ဝက်များကို မေထုန်မဲ့သားစပ်ခြင်းနှင့် ဝက်ရောဂါများကာကွယ်ကုသရေးတို့ကို သင်ကြားပေးမည့်အပြင် ယခုသင်တန်းမှစ၍ သုတေသနခေတ်ခွဲမှုပညာရပ်များပါ ပါဝင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်လင်၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**



# ဓနုဖြူမြို့နယ်မှ တောင်သူများ ကြဲခင်းများဖြင့် စပါးပိုမိုစိုက်ပျိုးလာ

**ဓနုဖြူ ဇူလိုင် ၂**

ဓနုဖြူမြို့နယ်အတွင်းရှိ လယ်ယာမြေများတွင် တောင်သူများအနေဖြင့် စပါးစိုက်ပျိုးကြရာတွင် ကြဲခင်းများကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်လာကြကြောင်း သိရသည်။

စပါးစိုက်ပျိုးရာတွင် ပျိုးထောင်စိုက်ပျိုးပါက အလုပ်သမားများလိုအပ်ပြီး ပျိုးခင်းပြုလုပ်ရခြင်း၊ ဘောင်ပျိုးရခြင်းတို့ကြောင့် ပို၍အလုပ်ရှုပ်ပြီး အချိန်ပိုပေးရသလို ပျိုးနုတ်ရာတွင် ပျိုးနုတ်သမားလိုအပ်ခြင်း၊ ပျိုးပင်များနုတ်ပြီးနောက် ပြန်လည်စိုက်ပျိုးရန် ကောက်စိုက်သမများလိုအပ်ခြင်းတို့ကြောင့် ပျိုးထောင်စိုက်ပျိုးသည့်အစား ကြဲပက်၍ စိုက်ပျိုးသည့် ကြဲခင်းများအဖြစ်သာ စိုက်ပျိုးလာခြင်းဖြစ်ကြောင်း သိရသည်။ ကြဲခင်းစိုက်ပျိုးရာတွင် ပေါင်းမြက်များ ပို၍ပေါက်နိုင်သဖြင့် လူအင်အားဖြင့် ပေါင်းရှင်းလင်းခြင်းနှင့် ပေါင်းသတ်ဆေးဖြန်းခြင်းများ ပုံမှန်ပြုလုပ်ပေးရန်လိုအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှာ စပါးစိုက်ပျိုးရာတွင် စိုက်ခင်းနှင့် ကြဲခင်းဟု နှစ်မျိုးစိုက်ပျိုးလေ့ရှိပြီး ရေဝင်လယ်မြေများမှာ ကြဲခင်းအဖြစ် စိုက်ပျိုးနိုင်ကြောင်း၊ ကြဲခင်းစိုက်ရာတွင် အခြောက်ကြဲခင်းနှင့် အစိုကြဲခင်းများ ပြုလုပ်ကြပြီး အခြောက်ကြဲခင်းမှာ ထယ်ရေးပြီးလျှင် နွားထွန်ဖြင့်သော်လည်းကောင်း၊ စက်ဖြင့်သော်လည်းကောင်း လယ်ယာမြေ ညီညာအောင် ပြုလုပ်ပြီး စပါးမျိုးစေ့များကို ထွန်ယက်ပြီးလယ်ယာမြေတွင် ကြဲပက်ကြကြောင်း၊ အစိုကြဲခင်းမှာ မိုးရေရရှိ၍သော်လည်းကောင်း၊ စက်ဖြင့်ရေတင်ခြင်းဖြင့်သော်လည်းကောင်း လယ်ယာမြေကို ရေဝင်စေပြီးမှ ထွန်ယက်၍ စပါးမျိုးစေ့ကို အညှောင့်များပေါက်လာစေရန် ရေစိမ်ပြီးမှ ကြဲပက်ကြခြင်းဖြစ်ကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် ယခင်က စိုက်ခင်းနှင့် ကြဲခင်းမှာ တန်းတူအထွက်နှုန်းရှိသော်လည်း ယခုနောက်ပိုင်းတွင် ကြဲခင်းများမှာ ပေါင်းမြက်များကြောင့် အထွက်နှုန်းကျလာသလို ပေါင်းသတ်ဆေးမှာလည်း မြေဆီလွှာကို ပျက်စီးစေသောကြောင့် ပေါင်းသတ်ဆေးသုံးစွဲရာတွင် ရွေးချယ်သုံးစွဲသင့်ကြောင်း၊ စပါးတစ်ခင်းကို အများဆုံး သုံးနှစ်ခန့်သာ ကြဲခင်းစိုက်သင့်ပြီး နောက်ပိုင်းတွင် ပျိုးခင်းပြန်စိုက်သင့်ကြောင်း၊ ယခင်က ကြဲခင်းလုပ်ကိုင်ခဲ့သော တောင်သူများအနေဖြင့်လည်း စပါးအထွက်နှုန်းလျော့နည်းလာမှုနှင့် ပေါင်းမြက်များပြားလာမှုကြောင့် ယခုအခါ စိုက်ခင်းများပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

## သတင်းတိုများ

### စလင်းမြို့နယ် ကြို့ဝန်းကြီးရွာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကြို့ဝန်းကြီးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတာက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အဖြစ် သစ်ပင်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးပေးခဲ့သည်။

**စစ်ကြည်(စလင်း)**

### တန့်ယန်းမြို့၌ မီနီမာရသွန်ပြိုင်ပွဲကျင်းပ

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောနှင့် မီနီမာရသွန်စသည့် အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိပြီး မီနီမာရသွန်အပြေးပြိုင်ပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကာ မြို့ဝင်မုခ်ဦးမှ ပြည်ထောင်စု အားကစားကွင်းကြီး၌ ပန်းဝင်ခဲ့သည်။ ဆုပေးပွဲကို ပြည်ထောင်စု အားကစားကွင်း၌ ဆက်လက်ကျင်းပပြီး လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**မင်းလွင်ဦး(မြန်/ဆက်)**

### မိုင်းလွေကျေးရွာ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၃၀ ရက်က ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်နှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ကြည်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါကျောင်း၌ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၈၆ ဦး ပညာသင်ယူလျက်ရှိပြီး နောက်လာမည့်ပညာသင်နှစ်တွင် ပတ်ဝန်းကျင်ရွာများမှ အလယ်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများပါ လာရောက်ပညာသင်ယူနိုင်တော့မည်ဟု သိရသည်။

**မြို့နယ်(မြန်/ဆက်)**

# မိုးညိုမြို့၌ အရေးပေါ်ရေဘေးကာကွယ်ရေးစနစ်များ လက်တွေ့သရုပ်ပြ

**မိုးညို ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြီးမှူး၍ မိုးရာသီကာလ အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များ လက်တွေ့သရုပ်ပြခြင်းကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် မိုးသစ္စာကျေးရွာအနီး၌ ဇွန် ၂၉ ရက်က ပြုလုပ်ခဲ့သည်။



အဆိုပါ ကျေးရွာအနီးရှိ မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာ အနီးတွင် နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် မိုးရာသီ မြစ်ရေမြင့်တက်ချိန်တွင် ဖြစ်ပေါ်ကြုံတွေ့နိုင်သည့် ရေဘေးအန္တရာယ်များအတွက် အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များကို လက်တွေ့သရုပ်ပြခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဦးစပ်ခွန်ဦးက ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်၍ တာတမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစုပေါင်း ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။ ထို့နောက် ဦးစီးအရာရှိ ဦးမင်းမင်းဇော်က မြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ၏အခြေအနေများကို ရှင်းလင်းပြောကြားပြီး မိုးရာသီ မြစ်ရေမြင့်တက်ချိန်တွင် ဖြစ်ပေါ်လေ့ရှိသော ရေပေါက်(ထူးပေါက်)ခြင်း၊ တာအိခြင်း၊ သဲပွက်ထခြင်း၊ တာပေါ်ရေကျော်ခြင်းတို့အတွက် သိသင့်သိထိုက်သော ဆောင်ရန်ရှောင်ရန်နှင့် သတိပြုရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ၊ ဦးစီးမှူးများ၊ ဒုဦးစီးမှူးများနှင့် တာလုပ်သားဝန်ထမ်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေပေါက်(ထူးပေါက်)ခြင်းများအတွက် ရေခွေခွေခြင်း၊ တာအိတာလျှောခြင်းအတွက် တာခြေကန်ခြင်း၊ သဲပွက်ထခြင်းအတွက် ရေခွေခွေခြင်း၊ တာပေါ်ရေကျော်ခြင်းအတွက် တာထိပ်ကန်သင်းဆင့်ခြင်းပုံစံများကို လက်တွေ့သရုပ်ပြပြုလုပ်ခဲ့ကြကာ အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်အတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံ ပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ဆီဈေးတက်ခြင်းကြောင့် ရေတာရှည်မြို့နယ်၌ ထွန်စက်ငှားရမ်းရာတွင် အဆင်မပြေမှုများရှိနေ

**ရေတာရှည် ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ တောင်သူများသည် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ရာတွင် ကျွဲ၊ နွားများကို အသုံးပြုခြင်းထက် လယ်ယာသုံး စက်ကိရိယာများကို ငှားရမ်းသုံးစွဲမှုများလာလျက်ရှိသည်။ လက်ရှိအချိန်တွင် ထွန်စက်များငှားရမ်းထွန်ယက်သည့်အခါ စက်သုံးဆီဈေးမြင့်တက်နေမှုကို အကြောင်းပြ၍ စက်ငှားသူများအနေဖြင့် ဆီအကုန်သက်သာစေရန် ထွန်စက်၏လည်ပတ်နှုန်းကို လျှော့ချပြီး ကေပြည့်မီရေးကိုသာ အဓိကဆောင်ရွက်လာကြသောကြောင့် စက်ငှားခ ငွေကြေးကုန်ကျမှုများသော်လည်း အရာမရောက်ဖြစ်နေကြောင်း တောင်သူများက သုံးသပ်ပြောကြားသည်။



"ဆီကုန်မှာဆိုးတော့ ထယ်တွေကျော်မောင်းတယ်၊ ထွန်ဆိုရင်လည်း ရိုတာဗေတာခေးစက်ကို အပတ်ရေလျှော့တယ်၊ ထွန်စင်ကို ချသင့်သလောက်မချတော့ လယ်ကွက်တွေဆို မြက်တောင်မပြောင်ဘူး၊ တစ်စပ်နဲ့ပြီးရမယ့်ဟာ သုံးစပ်လောက် ပြန်မောင်းခိုင်းရတော့ တောင်သူတွေ တစ်ဧကကို လေးသောင်းလောက် ပိုကုန်ကျတာပေါ့"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုအချိန်တွင် ရေတာရှည်မြို့နယ်အတွင်း၌ သက်ကြီးနှင့် သက်လတ်စပါးမျိုးများကို စိုက်ပျိုးလျက်ရှိကြပြီး သက်လျင်စပါးများမှာ ထွန်ယက်ရေးပြင်ဆင်လျက်သာရှိသေးသည်ကို တွေ့ရသည်။ တောင်သူများအနေဖြင့် လယ်ယာလုပ်သားရှားပါးသည့် ဒုက္ခများ၊ လုပ်အားခများ တိုးမြှင့်ပေးချေရမှုများနှင့် အခြားသော သွင်းအားစုကုန်ကျစရိတ်များ မြင့်တက်လာခြင်းတို့သာမက ထွန်စက်များငှားရမ်းရာတွင်လည်း စက်ငှားသူများက တောင်သူများအပေါ် အမျိုးမျိုးပညာပြကာ ငွေရရှိရေးကိုသာ ရှေ့တန်းတင်လုပ်ဆောင်နေသည့်အတွက် နစ်နာမှုများ များစွာရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ညောင်ဦးမြို့နယ်၌ ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

**ညောင်ဦး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာမြင့်သိန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများအဖွဲ့သည် ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာကော်မတီမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဇူလိုင် ၂ ရက်က ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာရှိ တောင်ဇင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီနေ့ မနက် ၈ နာရီက ညောင်ဦးခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာကော်မတီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီးတော့ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာရှိ တောင်ဇင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများကို အခမဲ့ကျန်းမာရေးစမ်းသပ်စစ်ဆေးပြီး ဆေးဝါးများဖြင့် ကုသပေးခဲ့ပါတယ်။ ကွင်းဆင်းကုသပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျေးလက်နေပြည်သူတွေ ကျန်းမာရေးကောင်းမွန်ပြီး မိသားစုဘဝ ပျော်ရွှင်စွာနေထိုင်သွားနိုင်စေရန်နဲ့ ကျန်းမာရေးမကောင်းပါက လွယ်လင့်တကူ လာရောက်ကုသနိုင်စေရန်ရည်ရွယ်ပြီး အခုလို ကွင်းဆင်းကုသပေးခြင်းဖြစ်ပါတယ်။ ကွင်းဆင်းကုသပေးမှုအပိုင်းကတော့ အထွေထွေရောဂါအစုံပါပဲ။ လာရောက်ကုသကြတဲ့ ရောဂါဝေဒနာရှင် ၁၀၄ ဦး ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း အခုလို မိုဘိုင်းကွင်းဆင်းကုသခြင်းလုပ်ငန်းကို မြို့နယ်အတွင်း ကျန်ရှိတဲ့ကျေးရွာတွေမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ညောင်ဦးခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# လယ်ဝေးမြို့နယ်မှ မျိုးစေ့ထုတ်လုပ်မည့်တောင်သူများအား စပါးမျိုးစေ့များပေးအပ်

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ခရမ်းကိုင်းစံပြကျေးရွာမှ ဆင်းသုခစပါးမျိုးစေ့ထုတ်မည့် တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းနှင့် နည်းပညာဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်က အဆိုပါကျေးရွာ ရှင်းလင်းဆောင်၌ ကျင်းပသည်။

မျိုးစေ့ပေးအပ်ပွဲတွင် နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦးက ၂၀၁၈ ခုနှစ် စံပြကျေးရွာများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် လယ်ယာ/သားငါးကဏ္ဍတာဝန်ခံ ဦးအေးမောင်စိန်က မျိုးစေ့ထုတ်လုပ်မည့် တောင်သူများအနေဖြင့် ယခုပေးအပ်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို သက်ဆိုင်ရာဌာနပညာရှင်များ ညွှန်ကြားပြသသည့် စိုက်ပျိုးနည်းပညာများအတိုင်း လိုက်နာဆောင်ရွက်ကြမည်ဆိုပါက အမှန်တကယ်ဝင်ငွေတိုးပွားမည်ဖြစ်သည့်အပြင် သီးနှံအရည်အသွေးများလည်းပြည့်ဝကာ ဈေးနှုန်းလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဦးတို့က နည်းပညာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဒေသခံ မျိုးစေ့ထုတ်လုပ်မည့် တောင်သူများထံသို့ စပါးမျိုးစေ့ တင်း ၅၀ ကို ပေးအပ်ခဲ့ကြသည်။

ယခုနှစ် မိုးစပါးရာသီတွင် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာမှ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့က ဆင်းသုခမျိုးစပါးကို ဧက ၅၀ ထုတ်လုပ်သွားမည်ဖြစ်၍ အဆိုပါ ဧက ၅၀ အတွက် မန္တလေးတိုင်းဒေသကြီး ကြက်မောက်တောင် စိုက်ပျိုးရေးဦးစီးဌာန မျိုးသန့်ခြံမှ ထုတ်လုပ်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# တရားဥပဒေစိုးမိုးရေးနှင့် လူကုန်ကူးမှုတားဆီးရေး ဆွမ်ပရာဘွမ်မြို့၌ ဟောပြော

**ဆွမ်ပရာဘွမ် ဇူလိုင် ၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့အတွင်းရှိ ဒေသခံပြည်သူများအား တရားဥပဒေစိုးမိုးရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့မရဲစခန်းကကြီးမှူး၍ ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွမ်ပရာဘွမ်မြို့ ဝါစပ်ခူးရပ်ကွက်ရှိ KBC ဘုရားကျောင်း၌ ပြုလုပ်ခဲ့သည့်ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုးက တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆက်စပ်ပုံကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဌေးဝင်းက တရားဥပဒေစိုးမိုးရေးအကြောင်းနှင့် ဒေသခံပြည်သူများ လူကုန်ကူးမှုမခံရအောင် ကာကွယ်တားဆီးရှောင်ရှားတတ်စေရေး၊ မိမိပတ်ဝန်းကျင်တွင် လူကုန်ကူးခြင်းအခြေအနေများကိုတွေ့ရှိလာပါက ရဲတပ်ဖွဲ့သို့ အချိန်မရွေးသတင်းပေးပို့ရေးတို့ကိုလည်းကောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် ဆွမ်ပရာဘွမ်မြို့ မြို့မရဲစခန်းမှူး ဒုရဲမှူးအေးနိုင်ဦးက ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးကင်းစင်အောင် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းရေးတို့ကို ဟောပြောခဲ့သည်။

**မြို့နယ်(မြန်/ဆက်)**

# ဖားကန့်မြို့ အနိမ့်ပိုင်းရပ်ကွက်များသို့ ဥရုချောင်းရေဝင်၍ လူများပြောင်းရွှေ့နေရ



**ဖားကန့် ဇူလိုင် ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဥရုချောင်းအထက်ပိုင်း ကန်စီးဒေသ၌ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ဇူလိုင် ၁ရက်က မြို့နယ်အတွင်း ရေများစတင်ဝင်ရောက်ခဲ့ပြီး ထိုနေ့ တစ်နေ့လုံးတွင် ပုံမှန်ရေဝင်ရောက်နေကျနေရာများသို့သာ ဥရုချောင်းရေများ ဝင်ရောက်ခဲ့သော်လည်း ဇူလိုင် ၂ ရက် နံနက်ပိုင်းမှစ၍ ရေမှာ တရိပ်ရိပ်မြင့်တက်လာပြီး အနိမ့်ပိုင်းရပ်ကွက်များအတွက် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိလာခဲ့၍ လူများကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေရကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များမှ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ၄က်ပျောတောရပ်ကွက်တွင် ရေအနက် ၁၂ ပေခန့်နှင့် လမ်းမပေါ်တွင် ရေအနက် ခုနစ်ပေခန့်၊ မော်ဝမ်းရပ်ကွက် ဝန်ထမ်းအိမ်ရာဘက်ခြမ်းတွင် ရေအနက် လေးပေခန့်၊ မရှီကထောင်ရပ်ကွက်တွင် ရေအနက် ငါးပေခန့်၊ မြို့မကျောက်ဝိုင်းတွင် ရေအနက် ၁၀ ပေခန့် ဝင်ရောက်လျက်ရှိသလို လုံးခင်းကျေးရွာ ရပ်ကွက်(၁)(၂)(၃)(၄)နှင့် ရပ်ကွက်(၅)တို့မှ အနိမ့်ပိုင်းနေရာများတွင်လည်းကောင်း၊ အောင်ရာရွာနှင့် စွတ်အောင်ရွာတို့တွင်လည်းကောင်း ဥရုချောင်းရေများ ဝင်ရောက်လျက်ရှိပြီး လုံးခင်းကြိုးတံတားနှင့် ဖားကန့်ကြိုးတံတားတို့ပေါ်တွင်လည်း တစ်ပေခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

ဥရုချောင်းရေများ နေအိမ်များအတွင်းဝင်ရောက်မှုကြောင့် ပြောင်းရွှေ့ရသော ပြည်သူများအား အန္တရာယ်ကင်းစွာပြောင်းရွှေ့နိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား မြို့မဇာဗေယျာဘုန်းကြီးကျောင်း ဓမ္မာရုံတွင်လည်းကောင်း၊ လုံးခင်းကျေးရွာအုပ်စုမှ ရေဘေးသင့်ပြည်သူများအား လုံးခင်း ခရစ်ယာန်ဘုရားကျောင်းများတွင် လည်းကောင်း ခေတ္တနေရာ ချထားပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ ပဲတီစိမ်းမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မကွေး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အပူပိုင်းဇုန် ပဲတီစိမ်းမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားပြီး ပဲတီစိမ်းမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် သက်ဆိုင်သူများအားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားကာ ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့ (NAG) မှ ပရိုဂရမ်မန်နေဂျာက အဖွဲ့၏ မဟာဗျူဟာရည်မှန်းချက်များ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းနယ်ပယ်ဧရိယာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မျိုးစေ့ကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် တာဝန်များ၊ ကြုံတွေ့ရသည့်အခက်အခဲများကိုဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌက မျိုးစေ့ကဏ္ဍတွင် ကြုံတွေ့နေရသော ပြဿနာများနှင့် မျိုးစေ့ကုမ္ပဏီများကလည်း မျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ အတွေ့အကြုံများကို တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် ပဲတီစိမ်းမျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအတွက် တောင်သူဦးဆောင်သည့် မျိုးစေ့လုပ်ငန်းများကို အားပေးမြှင့်တင်ရန်၊ တောင်သူများ မိမိမျိုးစေ့ကို ကိုယ်တိုင်ထိန်းသိမ်းရေးနည်းစနစ်များ၊ ဈေးကွက်ဝင်ပဲတီစိမ်းမျိုးများကို ဒေသနှင့်ကိုက်ညီမှုရှိ၊ မရှိ စမ်းသပ်ရန် စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အဆိုပါဆွေးနွေးပွဲမှာ မကွေးတိုင်းဒေသကြီးအတွင်းမှ ပဲတီစိမ်းလုပ်ကွက်ငယ် လယ်သမားများ၏ ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့အနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးနှင့် မင်းဘူးမြို့နယ်တို့မှ ကျေးရွာပေါင်း ၂၀ တွင် 'ရေရှည် တည်တံ့သော ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် ကောင်းမွန်ခိုင်မာသည့်ဈေးကွက်ဆီသို့ ' စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# တောင်သူများကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ဆီဆိုင် ဇူလိုင် ၂**

ဌာနဆိုင်ရာများလုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းများကို ပြည်သူများ သိရှိစေရန်နှင့် တောင်သူများ ကြုံတွေ့နေရသော အခက်အခဲများကို တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းနိုင်ရန်ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် သျှမ်းလူငယ်အဖွဲ့ကစီစဉ်သည့် ဌာနဆိုင်ရာများနှင့် တောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။



ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးချမ်းမျိုးက အမှာစကားပြောကြားပြီး သျှမ်းလူငယ်အဖွဲ့ဥက္ကဋ္ဌ စိုင်းပွန်းဟန်က အဖွဲ့၏ ဆောင်ရွက်ခဲ့သောလုပ်ငန်းများကို ပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းနောင်က စိုက်ပျိုးရေးဆိုင်ရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခန့်မင်းမော်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြသွေးက ပုံစံ(၇) ထုတ်ပေးမှုအကြောင်းနှင့် မြေလွတ်၊ မြေလပ်ဆိုင်ရာများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးခွန်တမောင်က ချေးငွေပေးခြင်းနှင့် စက်ပစ္စည်းအရစ်ကျပေးခြင်းလုပ်ငန်းစဉ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့လာရောက်သော ကျေးရွာ ၄၈ ရွာမှ ဒေသခံတောင်သူများက စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍ တင်ပြမေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ကြံခင်းမြို့နယ်မှ တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံးကျောင်းကို ဂုဏ်ပြု

**ကြံခင်း ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်အနက် ဟင်္သာတခရိုင် ကြံခင်းမြို့နယ်သည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း ၄၂ ဒသမ ၆၉ ဖြင့် လေးနှစ်ဆက်တိုက် ပထမရရှိခဲ့သဖြင့် ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန်လနောက်ဆုံးပတ်က ရေဦးခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးပညာရေးမှူး ညွှန်ကြားရေးမှူးဦးကျော်ဝင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်းမှ မြို့နယ်အလိုက် အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ငါးဘာသာဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ နှစ်ဘာသာဂုဏ် ထူးရှင် ၅၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၄ ဦးတို့အား ထူးချွန်ဆုများနှင့် ကျောင်းသား ကျောင်းသူများ ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမ ၅၅ ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဌေးမင်း(ကြံခင်း)**

# ရှားတောမြို့နယ်၌ လယ်ယာမြေများ ကောင်းမွန်ဆဲဖြစ်ကာ ဓာတ်မြေဩဇာသုံးရန်မလိုဘဲ စိုက်ပျိုးနိုင်

**ရှားတော ဇူလိုင် ၂**

ကယားပြည်နယ် ရှားတောမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မြေဆီမြေနှစ်ထက်သန်ကောင်းမွန်နေဆဲဖြစ်၍ သီးနှံများစိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများသုံးစွဲရန်မလိုအပ်ဘဲ သီးနှံများကို သဘာဝအတိုင်းဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်နေဆဲဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ရှားတောမြို့နယ်မှာ နှမ်းနဲ့စပါးကို အများဆုံးစိုက်ပျိုးပြီး မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနဲ့ အစေ့ထုတ်ပြောင်းနည်းနည်းပါးပါး စိုက်ပျိုးကြပါတယ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး လုံးဝမသုံးပါဘူး၊ ဓာတ်မြေဩဇာရောင်းတဲ့သူအချို့လာဖူးပေမယ့် မရောင်းရလို့ အခုဆိုမလာတော့ပါဘူး"ဟု ရှားတောမြို့နယ် စလောင်းကျေးရွာနေ တောင်သူဦးဆံမြိုင်က ပြောသည်။

မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြားရှိ နေအိမ်အဆောက်အအုံများ၊ လမ်းဘေးသစ်ပင်များတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကြော်ငြာများ ကပ်ထားသည်ကို တွေ့ရတတ်သော်လည်း ရှားတောမြို့နယ်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကြော်ငြာများကိုပင် လုံးဝတွေ့ရှိရခြင်းမရှိကြောင်းလည်း မကြာသေးမီကာလက ရှားတောမြို့နယ်သို့ လာရောက်ခဲ့သည့် စိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

ရှားတောမြို့နယ်တွင် သစ်တောများကျန်ရှိနေသေးပြီး လယ်ယာမြေများသည် သစ်တောများကြားတွင် တည်ရှိနေကြ၍ သစ်တောများမှ သစ်ရွက်ဆွေးများ၊ သစ်တောမီးလောင်ရာမှ ဖြစ်ပေါ်လာသည့် သစ်ရွက်ခြောက်ပြာများက သဘာဝဓာတ်မြေဩဇာများအဖြစ် သီးနှံစိုက်ခင်းများကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ရှားတောမြို့နယ်သည် မြေဧရိယာ ၅၅၇၃၆၂ ဧကကျယ်ဝန်းပြီး စိုက်ပျိုးခြင်းမပြုနိုင်သော ဧရိယာ ၁၂၀၉၉၃ ဧက၊ မြေရိုင်း ၂၆၂၅၉ ဧက၊ တောရိုင်း ၁၀၁၀၃၆ ဧက၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ဧက ၂၇၇၇၆၀၊ အခြားမြေ ၆၈၈၅၊ ရွာမြေ ၄၄၃၅ ဧက၊ မြို့မြေ ၁၇၅ ဧက၊ လုပ်ထားသောယာမြေ ၁၀၄၂ ဧကရှိကာ အသားတင်စိုက်ပျိုးနိုင်သော လယ်မြေ ဧက ၉၂၀၊ ယာမြေ ၂၉၄၄ ဧက၊ ဥယျာဉ်မြေ ၁၉ ဧက၊ တောင်ယာမြေ ၂၉၅၈ ဧက ရှိကြောင်း မြို့နယ်ဌာနဆိုင်ရာမှတ်တမ်းများအရ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# မောင်တောမြို့နယ်၌ အခြေခံမီးသတ်ပညာသင်တန်းဆင်း

**မောင်တော ဇူလိုင် ၂**

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်ခဲ့သော အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဆင်းပွဲကို ဇွန် ၂၉ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အမှာစကားပြောကြားပြီး သင်တန်းသား မီးသတ်တပ်ဖွဲ့ဝင်များအား တစ်ဦးချင်းထူးချွန်ဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ချီးမြှင့်ကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရွှေခိုင်က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ရက်သတ္တပတ်တစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းတွင် မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများက လက်နက်မဲ့စစ်ရေးပညာ၊ မီးငြိမ်းသတ်ရေးပညာနှင့် ကယ်ဆယ်ရေးပညာရပ်များကို လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နေဝင်းထွန်း(မြန်မာ့အလင်း)**

# ကျောက်ထုမြို့တွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ဟောပြော

**ကျောက်ထု ဇူလိုင် ၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇွန် ၃၀ ရက်က ကျောက်ထုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး မြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်က အမှာစကားပြောကြားကာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကိုကိုအောင်က မြို့သာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ကြရေးကို ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ တက်ရောက်ခဲ့သည်။

**၁၀၁**

# သမိုင်းဂုဏ်ရောင် ထွန်းပြောင်သော မြန်မာ့မြေမှပေါက်ဖွား စံပြအမျိုးသမီးများ

**ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)**

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရန် စံနမူနာပြ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် အမျိုးအနွယ် မတိမ်ကောစေရန် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။ ‘ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုး၏’ဟူသော မိခင်ဂုဏ်ရည်နှင့်အတူ ‘သားကောင်းသည်မိခင်မှ’ ဟူသော အစဉ်အလာကို မြန်မာအမျိုးသမီးတို့ ယနေ့တိုင် ထိန်းသိမ်းခဲ့ကြသည်။ မြန်မာအမျိုးသမီးတို့သည် မျိုးဆက်သစ်လူငယ်များစွာကို မွေးထုတ်ပေးလျက်ရှိသော မိခင်တာဝန်တစ်ခုတည်းသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသော နိုင်ငံတော်၏ လိုအပ်ချက်များကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းသည့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်ကို ‘မြန်မာအမျိုးသမီးများနေ့’ဟူ၍ သတ်မှတ်ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ၂၂ နှစ်ရှိလာပြီဖြစ်သည်။ ပုဂံခေတ်မှသည် ယနေ့အချိန်အထိ ရဲရဲတောက် ထူးချွန်ပြောင်မြောက်သော အမျိုးသမီးများစွာ ပေါ်ထွန်းခဲ့သည်။ ပုဂံခေတ်က သံပျင်မင်းသမီးဆိုလျှင် ရဟန်းတော်များကိုပင် စာဝါချခဲ့သည့် ထူးချွန်ထက်မြက်သော အမျိုးသမီးတစ်ဦးဖြစ်သည်။

### မြန်မာမိန်းမများအသင်း

အမှန်စင်စစ် ‘မြန်မာမိန်းမများအသင်း’သည် ဗြိတိသျှကိုလိုနီ လက်ထက်ကတည်းကပင် ရှိနေပြီးဖြစ်သည်။ ဆရာတော်ဦးဥတ္တမ၏ တိုက်တွန်းမိန့်ကြား အကြံပေးချက်အရ ဒေါ်စောခင်သည် မြန်မာမိန်းမများအသင်းကို ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ဦးဘကြူး၏ကုမ္ပဏီ ဖိနပ်ဆိုင်အပေါ်ထပ်၌ ‘မြန်မာမိန်းမများ အသင်း’ ဆိုင်းဘုတ်တင်ကာ စတင်ထူထောင်ခဲ့ကြသည်။ မြန်မာမိန်းမများအသင်း စတင်တည်ထောင်ခဲ့ကြစဉ်က အသင်း၏ စည်းမျဉ်းဥပဒေစာအုပ်နိဒါန်းတွင် ‘ဤဘဒ္ဒကမ္ဘာ သတ္တလောကဘုံကြီး၌ မိန်းမတို့သည် ရှေးဦးစွာ ပေါ်ထွန်းလာရကား လောက၏အရှင် မိခင်အစစ် ဖြစ်ပေသည်တကား။ မိခင်ဖြစ်ကြသူ မိန်းမများအနက် မဟာမာယာဒေဝီမှအစ၊ ယသော်ဓရာ၊ ခေမာ၊ ဥပ္ပလဝဏ်၊ တေဒဂ်ရ ရဟန္တာမိန်းမမြတ်တို့အပြင် ဝိသာခါ၊ ခုဇ္ဇုတ္တရာ၊ နန္ဒမာလာစသော လူမိန်းမတို့နှင့် ရာဇဝင်၌ထင်ရှားသည့် မိဖုရားကြီး ဖွားစော၊ ဘုရင်မကြီးရှင်စောပု စသည်တို့၏ ဂုဏ်အင်များကို အောက်မေ့ကာ ထိုမိန်းမမြတ်များကို စံနမူနာဦးထိပ်ထားလျက် ဤရန်ကုန်မြို့တော်တွင် ၁၂၈၁ ခုနှစ်၌ မြန်မာမိန်းမများအသင်းဟု ဖွဲ့စည်းတည်ထောင် အောင်မြင်ပါကြောင်း’ ဟူ၍ မြင့်မြတ်သော အမျိုးသမီးကြီးများ၏ ထူးမြတ်သောဂုဏ်ရည်တို့ကို အမွှမ်းတင် ဖော်ကျူးထားသည်ကို တွေ့ရ၏။

### ရဲစွမ်းသတ္တိပြည့်ဝသော အမျိုးသမီးများ

နယ်ချဲ့တို့၏ ပထမကျူးကျော်စစ်တွင် ဝက်ထီးကန်တိုက်ပွဲသည် နာမည်ကြီးလှသည်။ ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းစော်ဘွား၊ မြို့စား၊ ရှမ်းအမျိုးသားများနှင့် ရှမ်းအမျိုးသမီးသုံးဦးတို့ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြပုံကို အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း ကိုယ်တိုင်ပါဝင်တိုက်ခဲ့သည့် ဗိုလ်မှူးစနော့ဂရက်က “ဤစစ်သည်တော်များကို ကွပ်ကဲလာသူတို့တွင် စော်ဘွားများ၊ မင်းသားများသာမက အမျိုးသမီးသုံးဦးလည်း ပါဝင်လေသည်။ အမျိုးသမီးသုံးဦးစလုံးမှာ သေနတ်ပြိုးကြသူများ ဖြစ်ကြသည်ဟု ဆိုသည်။ အမျိုးသမီးလူစွမ်းကောင်းများသည် စစ်ဝတ်တန်ဆာကိုဝတ်ဆင်ကာ မြင်းများကိုရဲရဲဝံ့ဝံ့စီးနင်းရင်း စစ်သည်တော်များကို အားပေးစကားများ ပြောကြသည်။ ရှမ်းစစ်သည်များမှာ လမ်းမလျှောက်နိုင်၍ ထမ်းစင်ဖြင့်သွားလာရသော စော်ဘွားကြီးနှင့် သတ္တိပြောင်မြောက်စွာ အားပေးလျက်ရှိသော အမျိုးသမီး ဗိုလ်မှူးသုံးဦးတို့ကြောင့် အားတက်ကာ ရန်သူတို့အား သဲသဲမဲမဲခုခံကြသည်။ အမျိုးသမီးတစ်ဦးမှာ ရင်ညွန့်တွင် သေနတ်ဒဏ်ရာရပြီး လဲနေသည်ကိုတွေ့ရာ ဗိုလ်တစ်ဦးဖြစ်သည်ကိုသိသော ရဲဘော်ရဲဘက်များက သယ်ယူသွားကြသည်။ မကြာမီပင် သူ့အသက်ပျောက်သွားသည်။ အခြား ရှမ်းအမျိုးသမီးတစ်ဦးဖြစ်သူ စစ်ဗိုလ်တစ်ဦးမှာ ရဲဘော်ရဲဘက်များကို အားပေးရင်း ချောင်း၏တစ်ဖက် ထူထပ်သော တောအုပ်သို့အဝင် ဗုံးတစ်လုံးက သူ့ခေါင်းပေါ်သို့ တည့်တည့်ကျ၍ပေါက်ကွဲရာ သူသည် ရေထဲသို့ကျချေသည်။ သေသည် ရှင်သည်ဟုကား မဆိုနိုင်။ သူ့အား ရဲဘော်ရဲဘက်များက ပွေ့ချီသွားကြသည်”ဟူ၍ မှတ်တမ်းတင်ခဲ့လေသည်။ ရဲစွမ်းသတ္တိပြည့်ဝသော ပြည်ထောင်စုဖွားအမျိုးသမီးများ ဖြစ်ကြသည်။

### ဘွားဦးဇွန်း

မြန်မာတွင်သာမက ကမ္ဘာကပင်သိရှိသော ပထမဆုံးသော လူမှုဝန်ထမ်း အာဇာနည်အမျိုးသမီးကြီးမှာ ဘွားဦးဇွန်းပင်ဖြစ်သည်။ ပတ္တမြားအုတ်ကျောင်းအစ်မကြီး ဒေါ်ဦးဇွန်းဟုလည်း ခေါ်ကြသည်။ ဒေါ်ဦးဇွန်းသည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၃၀ ပြည့် ဝါခေါင်လဆန်း ၅ ရက်သောကြာနေ့တွင် မန္တလေးမြို့ ကျောက်သွေးတန်းရပ်မှ ပိုးကုန်သည်ကြီး ဦးအိ-ဒေါ်မျှင်တို့မှ ဖွားမြင်သော တစ်ဦးတည်းသောသမီးဖြစ်သည်။ အသက် ၁၃ နှစ်အရွယ်ကပင် မိဘများနှင့်အတူ ပိုးကုန်သည်အလုပ်ကို လုပ်ကိုင်လာခဲ့၏။ ၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူပြီး ငါးနှစ်အကြာတွင် မိဘနှစ်ပါးရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြရာ ဒေါ်ဦးဇွန်းသည် အပျိုကြီးဘဝနှင့် မိဘလုပ်ငန်းကို ဦးစီးလာခဲ့သည်။

ဒေါ်ဦးဇွန်းသည် ၁၂၇၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး မင်းကွန်း အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကို လူအိုရုံတည်ထောင်လိုကြောင်း လျှောက်ထားသည်။ ထို့နောက် ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးအရှေ့ဘက် ရောဝတီမြစ်၏ညာမှဆန်တက်၍ ခုနစ်မိုင်အကွာတွင် ကမ္ဗဋ္ဌာန်းကျောင်းသုံးကျောင်း တည်ဆောက်သည်။ ဒေါ်ဦးဇွန်းနှင့် အဖော်မိန်းကလေးများနေရန် တစ်ကျောင်းနှင့် ကျန်နှစ်ကျောင်းသည် လူအိုများထားရန် ဖြစ်သည်။

၁၂၇၈ နှစ်ဆန်းတွင် အသက် ၉၈ နှစ်အရွယ် အဘွားအိုတစ်ဦး၊ အသက် ၉၅ နှစ်အရွယ်အဘိုးအိုတစ်ဦးနှင့် အသက် ၈၅ နှစ်အရွယ် အဘွားအိုတစ်ဦး၊ အားလုံးပေါင်း သုံးဦးကို စတင်လက်ခံခဲ့သည်။ ထို့နောက် နှစ်နှစ်အကြာတွင် လူအို ၂၀ ခန့် ရောက်ရှိလာသည်။ အမြို့မြို့အရွာရွာမှ လူအိုများလာရောက်ပို့လိုကြောင်းစာများ ရောက်ရှိလာသည်။ ထို့ကြောင့် ဒေါ်ဦးဇွန်းသည် ပုဂ္ဂိုလ်ငါးဦးပါဝင်သော ဗုဒ္ဓဘာသာလူအိုရုံအသင်းကို ဖွဲ့စည်းကာ ရုံးတော်၌ မှတ်ပုံတင်ထားလိုက်သည်။ လူအိုရုံကို ခေတ်မီလျှပ်စစ်နှင့် ရေမီးသွယ်ပေးသည့်အပြင် လူအိုရုံသို့ သွားလိုသူများအဖို့ လူတစ်ရာစီးနိုင်သော မော်တော်၊ သင်္ဘောကိုလည်း မန္တလေးမှ မင်းကွန်းသို့ အခမဲ့ပို့ပေးခဲ့သည်။

> **“အမှန်စင်စစ် ‘မြန်မာမိန်းမများအသင်း’သည် ဗြိတိသျှ ကိုလိုနီလက်ထက်ကတည်းကပင် ရှိနေပြီးဖြစ်သည်။ ဆရာတော်ဦးဥတ္တမ၏ တိုက်တွန်းမိန့်ကြား အကြံပေးချက်အရ ဒေါ်စောခင်သည် မြန်မာမိန်းမများအသင်းကို ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ဦးဘကြူး၏ ကုမ္ပဏီ ဖိနပ်ဆိုင်အပေါ်ထပ်၌ ‘မြန်မာမိန်းမများအသင်း’ ဆိုင်းဘုတ်တင်ကာ စတင် ထူထောင်ခဲ့ကြသည်”**

ရှစ်နှစ်ကြာသောအခါ ရန်ပုံငွေများကလည်း တိုးလာသဖြင့် အဆောက်အအုံများကိုလည်း တိုးချဲ့နိုင်ခဲ့သည်။ သထုံ၊ ပေါင်းတည်၊ ရန်ကုန် နှင်းဆီကုန်းနှင့် ပခုက္ကူမြို့များမှလည်း လူအိုရုံ လာရောက်တည်ဆောက်ပေးပါရန် တောင်းပန်လာကြသည့်အတွက် ဒေါ်ဦးဇွန်းနှင့် ဦးမောင်ကြီး၊ ဦးဘကျန်းတို့သည် ၁၂၈၉ ခုနှစ်တွင် သထုံမြို့ မြသပိတ်တောင်ခြေရင်း၌လည်းကောင်း၊ ၁၂၉၀ပြည့်နှစ်တွင် ပေါင်းတည်၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ လူအိုရုံကိုလည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့၌လည်းကောင်း တည်ဆောက်ပေးခဲ့သည်။

၁၂၉၀ ပြည့်နှစ်တွင် အသက် ၆၀ပြည့်ပြီဖြစ်သော ဒေါ်ဦးဇွန်းသည် ပေါင်းတည်လူအိုရုံ၌ လူဝတ်ကြောင်မှ သီလရှင်ဘဝသို့ ကူးပြောင်းကာ ဒေါ်သုမာလာဘွဲ့ကို ခံယူခဲ့သည်။ သို့သော် တိုင်းပြည်ကမူ ဒေါ်ဦးဇွန်းဟုသာ ခေါ်ကြသည်။ အသက် ၇၆ နှစ်အရွယ်တွင် ၎င်းစတင်တည်ထောင်သော မင်းကွန်းဘိုးဘွားရိပ်သာ၌ပင်ကွယ်လွန်သွားခဲ့သည်။ စံပြုထိုက်သော မြန်မာအမျိုးသမီးတစ်ဦးပင်ဖြစ်သည်။ တိုင်းကျိုးပြည်ကျိုးဆောင် TPS ဘွဲ့ရ၊ မေတ္တာ၊ စေတနာ၊ ကရုဏာရှင်ဘွားဦးဇွန်းဟု နှောင်းလူများက အသိအမှတ်ပြုကြသည်။ ယခုအခါ ဖြူး၊ မော်လမြိုင်၊ မန္တလေးတောင်ခြေ၊ ပုသိမ်၊ ပြည်နှင့် မြောင်းမြမြို့များ၌လည်း ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ပြီးဖြစ်သည်။ အသက် ၉၀ ကျော်ဘိုးဘွားများ ကျန်းကျန်းမာမာနှင့် အေးငြိမ်းစွာ ပုတီးစိပ်၊ တရားထိုင်၊ တရားမှတ်၊ စင်္ကြံလျှောက်နေနိုင်ခြင်းမှာ ပထမဦးဆုံးသော လူမှုဝန်ထမ်း အမျိုးသမီး အာဇာနည် စေတနာရှင်ကြီး ဒေါ်ဦးဇွန်း၏ ကျေးဇူးကြောင့်ပင်ဖြစ်သည်။

### ပထမဆုံး အမျိုးသမီးဝန်ထောက်

ပထမဆုံး အမျိုးသမီးဝန်ထောက် ဝဏ္ဏကျော်ထင် ဒေါ်မေမေခင်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ သက္ကရာဇ် ၁၉၀၂ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ သက္ကရာဇ် ၁၉၂၄ခုနှစ်တွင် ဘီအေအောင်၍ ဘီအယ်လ်တန်းဆက်မတက်မီ မြို့မကျောင်းတွင် တစ်နှစ်ခန့် ဆရာမဝင်လုပ်ခဲ့ပြီး ၁၉၂၆ ခုနှစ်တွင် ဘီအယ်လ်ဥပဒေပညာကို တတ်ကျွမ်းသူမြန်မာအမျိုးသမီးများထဲမှ ပထမဆုံးအမျိုးသမီးဝန်ထောက်အဖြစ်ခန့်အပ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ ၁၉၂၇ခုနှစ် ဟိုက်ကုတ်၏ ပထမအမျိုးသမီးဝန်ထောက်အဖြစ် ထူးထူးကဲကဲ တာဝန်ပေးခြင်းခံခဲ့ရသူမြန်မာအမျိုးသမီးဖြစ်သည်။ အားကျအတုယူဖွယ်ကောင်းပေစွ။

### စည်သူဘွဲ့ရ မစ္စစ်ဘမောင်ချိန်

ကရင်တိုင်းရင်းသူ မင်းတိုင်ပင်အမတ်၊ ဝန်ကြီး၊ စည်သူဘွဲ့ရ မစ္စစ်ဘမောင်ချိန်(ခေါ်) ကလယ်ရီဗဲလ်အိုင်ရီးပိုးကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၁၉၀၅ခုနှစ် ဇွန်လ ၁ ရက်တွင် ဖွားမြင်ခဲ့သည်။ ဂျပ်ဆင်ကောလိပ်မှ ၁၉၂၈ခုနှစ်တွင် ဘီအေအောင်မြင်ခဲ့ပြီး ၁၉၃၀ပြည့်နှစ်တွင် ဆရာဖြစ်သင်ကောလိပ်မှ ဆရာဖြစ်လက်မှတ်ရခဲ့၏။ အထက်တန်းပြရာထူးဖြင့် ၁၉၃၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဟံသာဝတီခရိုင်မှ မင်းတိုင်ပင် အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခြင်းခံရသည်။ ပြည်နယ်အဖွဲ့များဖွဲ့သည့်အခါ ကရင်အမျိုးသားအမတ် ၁၆ ဦးအနက် တစ်ဦးအဖြစ်၊ ၁၉၅၂ခုနှစ် မတ်လ ၁၆ရက်တွင် ကရင်ပြည်နယ်ဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ၁၉၅၁ ခုနှစ်တွင် စည်သူဘွဲ့ကိုလည်းရရှိခဲ့သူဖြစ်သည်။ ထူးချွန်ထက်မြက်သော ပြည်ထောင်စုဖွားတိုင်းရင်းသူအမျိုးသမီးတစ်ဦးဖြစ်သည်။

### ရွှေမန်းသူ မအုန်း

စစ်ကြိုခေတ် တက္ကသိုလ်နယ်မြေတွင် ဂုဏ်ပုဒ်အသီးသီးနှင့် ထင်ပေါ်ကျော်ကြားသော အမျိုးသမီးများ ပေါ်ပေါက်ခဲ့ရာ ရွှေမန်းသူမအုန်းဟုဆိုလျှင် ရဲရဲတောက် သပိတ်မှောက်ကျောင်းသူအဖြစ်နှင့်လည်းကောင်း၊ တပင်တိုင်မင်းသမီးအဖြစ်နှင့်လည်းကောင်း မသိသူမရှိသလောက်ပင်ဖြစ်သည်။ စစ်ပြီးခေတ်၌ကား အမ်အေမအုန်း၊ ပါဠိဒေါ်အုန်းဟူ၍ ပညာရေးလောက၊ နိုင်ငံရေးလောက၊ စာပေလောက၌ ထင်ရှားလာခဲ့သူဖြစ်သည်။

အမ်အေမအုန်း၏ မိဘများမှာ ရွှေဘိုဇာတိ မြေတိုင်းစာရေးကြီး ဦးကျော်ရာနှင့် အင်းဝသူ ဒေါ်ဒေါ်ခင်တို့ ဖြစ်ကြသည်။ မအုန်းကို မန္တလေးမြို့၌ ၁၉၁၄ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းရှစ်ယောက်ရှိသည့်အနက် မအုန်းမှာ သတ္တမမြောက်သမီးဖြစ်ပြီး မောင်အငယ်ဆုံးမှာ ကျောင်းသားခေါင်းဆောင် သခင်သိန်းအောင်ဖြစ်သည်။ မအုန်းတို့ တစ်မိသားစုလုံးမှာ နိုင်ငံရေးနှင့် အမျိုးသားစိတ်ဓာတ်ရှိသူပီပီ ငယ်စဉ်ကပင် အမျိုးသားကျောင်းများ၌ ပညာသင်ယူခဲ့ကြသည်။ မအုန်းသည် ၁၉၃၀ ပြည့်နှစ်၌ မန္တလေးဗဟိုရ်အမျိုးသားကျောင်းမှ ဆယ်တန်းအောင်၍ ၁၉၃၁ ခုနှစ်တွင် မန္တလေး ဥပစာကောလိပ်၌ ဆက်လက်ပညာသင်ကြားခဲ့ရာ ထိုဥပစာကောလိပ် ဖျက်သိမ်းပစ်မည်ဟုဆို၍ ဝန်ကြီးဟောင်း ဦးကျော်ငြိမ်း၊ ဦးသိန်းဖေမြင့်တို့နှင့် ပူးတွဲပြီး အတိုက်အခံ တိုက်ပွဲဝင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ပါဠိ၊ လောဂျစ်ဂုဏ်ထူးနှင့် ဥပစာတန်းကို အောင်မြင်ခဲ့သည်။

ထို့နောက် ရန်ကုန်တွင် ပါဠိဂုဏ်ထူးတန်းတက်ခဲ့ပြီး ၁၉၃၆ ခုနှစ်၌ ကျောင်းသားခေါင်းဆောင် သခင်နု၊ မစ္စတာရာရှစ်တို့နှင့်အတူ သပိတ်မှောက်ခဲ့သည်။ တက္ကသိုလ်သမဂ္ဂတွင် မအုန်းသည် အင်းလျားကျောင်းဆောင်၏ ကိုယ်စားလှယ်ဖြစ်ခဲ့သည်။ ၁၉၃၆ ခုနှစ် သပိတ်လှန်ပြီးနောက် မအုန်းသည် ပါဠိဂုဏ်ထူးတန်းတွင် ဒုတိယအဆင့်မှ အောင်မြင်ခဲ့သည်။ ထို့နောက် အင်းလျားဆောင်၏ ဒု-အဆောင်မှူးနှင့် ပါဠိဌာန နည်းပြဆရာမအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် အမ်အေ အောင်မြင်သည်။ ဗိုလ်အောင်ကျော်အရေးအခင်း၌လည်း ကိုယ်တိုင်ကကျောင်းဆရာဖြစ်လျက်နှင့်ပင် ပွင့်ပွင့်လင်းလင်းရဲဝံ့ပြတ်သားစွာ ကျောင်းသားအရေးကို ထောက်ခံ အားပေးခဲ့သူဖြစ်သည်။

အမ်အေမအုန်း၏ ဆောင်းပါးများကို မြန်မာ့အလင်း၊ နဂါးနီဂျာနယ်၊ ယုဝတီ၊ ရှုမဝ၊ မြဝတီမဂ္ဂဇင်းများ၌ တွေ့နိုင်ပေသည်။ ၁၉၄၀ ခုနှစ်တွင် စစ်ကြီးဖြစ်၍ မန္တလေးသို့ပြန်လာပြီး ဆရာကြီး ဦးရာဇတ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မန္တလေးဖဆပလအဖွဲ့တွင် ဒေါ်အုန်းမှာ အမျိုးသမီးအမှုဆောင်ဖြစ်ခဲ့သည်။ ထို့နောက် အမှတ်(၈) ချာချီလမ်းရှိ အာရှလူငယ်အစည်းအရုံးတွင် ဒု- ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ဦးဗဂျမ်း(ဥက္ကဋ္ဌ)၊ ဒေါ်ရီကြိန်(အမျိုးသမီးအတွင်းရေးမှူး)၊ ကျား ကိုညီလေး (သခင်သန်းထွန်း၏ညီ ဘဏ္ဍာဗလမှူး)၊ ဒေါ်သင်းကြည် (ကာယဗလမှူး)၊ ဒေါ်သန်းစိန်တို့နှင့်အတူ အာရှလူငယ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့နောက် ဂျပန်တော်လှန်ရေးအတွက် ဒေါ်အုန်းသည် မန္တလေးမှနေ၍ တော်လှန်ရေးအတွက် ကူညီဆောင်ရွက် လှုပ်ရှားခဲ့သည်။ အလံနီ ဒေါ်စောမြ(အတွင်းရေးမှူး)၊ နဂါးနီ ဒေါ်ဦး (ဘဏ္ဍာရေးမှူး) နှင့် ဒေါ်မာလာ(အမှုဆောင်)တို့ပါဝင်သော အမျိုးသမီးလွတ်လပ်ရေးအဖွဲ့တွင်လည်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ရေးရပြီး၍ တက္ကသိုလ်များပြန်လည်ဖွင့်လှစ်သောအခါ မန္တလေးတက္ကသိုလ်တွင် မိန်းကလေးကျောင်းဆောင် စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ၁၉၆၄ ခုနှစ် ပင်စင်ယူသည်အထိ အဆောင်မှူးတာဝန်ကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ်တွင် ပါဠိပါမောက္ခအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဒု-အဓိပတိ ဦးကိုလေး အမေရိကန်သို့ လေ့လာရေးသွားစဉ်ကမူ ဒေါ်အုန်းသည် မန္တလေးတက္ကသိုလ် ကောင်စီမှ ဒုတိယအဓိပတိနေရာတွင် ကိုယ်စားခန့်အပ်ခြင်းခံခဲ့ရသည်။ အမ်အေဒေါ်အုန်းသည်မျိုးချစ်စိတ်ပြင်းထန်သော လွတ်လပ်ရေးတိုက်ပွဲဝင် စာရေးဆရာ၊ စာပေပညာရှင် ပါဠိပါမောက္ခအဖြစ်သမိုင်းတွင်ထင်ရှားသည်။

### ရေတပ်ဗိုလ်ကြီးဟောင်း ဒေါ်မြအေး

ရေတပ်ဗိုလ်ကြီးဟောင်းဒေါ်မြအေးသည် ဘတ်စကတ်ဘော၊ ဘော်လီဘော၊ ရေကူးစသည့်အားကစားများကို ဝါသနာထုံသူဖြစ်သည်။ သို့သော် ဘွဲ့ရရှိပြီးသည်နှင့် တပ်မတော် (ရေ) အမျိုးသမီးအရာရှိ ပထမအဖွဲ့သို့ ဝင်ရောက်ကာ အမှုထမ်းခဲ့သူဖြစ်သည်။ အဘ ဦးတီဟန်၊ အမိ ဒေါ်စက်ရီတို့၏ တတိယသမီးဖြစ်ကာ ၁၉၃၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဗန်းမော်မြို့၌ ဖွားမြင်သည်။ ရန်ကုန်တက္ကသိုလ်မှ Political Science Geography French ဘာသာဖြင့် ၁၉၅၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိသည်။ တက္ကသိုလ်ကျောင်းသူဘဝ၌ သီရိဆောင် အားကစားဘက်ဆိုင်ရာ ဥက္ကဋ္ဌ၊ ပထဝီအသင်း တွဲဖက်အတွင်းရေးမှူး၊ တက္ကသိုလ်ကချင်ပြည်နယ်အသင်း ဒုတိယဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်ခဲ့သည်။

ရေတပ်လေ့ကျင့်ရေးကျောင်း၌ ရေတပ်အခြေခံပညာ ခုနစ်လသင်တန်းတက်ရောက်ပြီး စစ်ဦးစီးချုပ်ရုံး လေ့ကျင့်ရေးဌာန၌ တွဲဖက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဗိုလ်ကြီးအဆင့် ရာထူးတိုးမြှင့်ခြင်းခံရပြီး ၁၉၆၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စန်ဒီဂိုမြို့၌ အမျိုးသမီးအုပ်ချုပ်ရေးသင်တန်း တက်ရောက်ခဲ့သည်။ ထို့နောက် ဝါရှင်တန်မြို့ရှိ ရေတပ်ဘက်ဆိုင်ရာ သင်တန်းကျောင်း၊ ပင်တဂွန် စစ်ဦးစီးချုပ်ရုံးရှိ ရေတပ်အမျိုးသမီး စစ်သည်များ တာဝန်ထမ်းဆောင်ရာဌာန၊ Mary Land နယ် Bain Bride မြို့ရှိ ရေတပ်ဘက်ဆိုင်ရာအမျိုးသမီးလေ့ကျင့်ရေး ကျောင်းများသို့ သွားရောက်လေ့လာခဲ့သည်။

ရေတပ်အမျိုးသမီးအဖွဲ့ စတင်ဖွဲ့စည်းရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သော စစ်သမီးတစ်ဦးအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပေသည်။ ဒေါ်မြရီသည် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲချိန်၌ တစ်ဦးတည်းသော လေသူရဲ၊ လေထီးရဲမေ အဖြစ်လည်း ထင်ရှားကျော်ကြားသူဖြစ်သည်။ မြဝတ်ရည်ကလောင်အမည်ဖြင့် နဂါးနီအသင်း၌ စာပေများရေးသားခဲ့ပြီး ကျောင်းဆရာမအဖြစ်လည်းတာဝန်ထမ်းဆောင်ကာ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့သူဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၉ ရက်(အသက် ၉၂ နှစ်အရွယ်)တွင်ကွယ်လွန်သွားသည်။ လူပင်သေသော်လည်း နာမည်မသေသော အာဂအမျိုးသမီး သတ္တိရှင်စစ်သမီးအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပေသည်။

### မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်ရည်များ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မား၍ ထူးချွန်ထက်မြက်သော အမျိုးသမီးကောင်းများဖြစ်ပေါ်လာရေးတို့ကို မျှော်မှန်း၍ နိုင်ငံတော်အတွက်အကျိုးပြုနိုင်သည့် လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်တည်တံ့အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အပြင် မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီလျက်ရှိသည်။

ခေတ်အဆက်ဆက်ကလည်း မြန်မာအမျိုးသမီးများသည် စွမ်းရည်ထက်မြက်ခဲ့ကြသည်။ မြန်မာ့လူနေမှုစနစ်၏ ခိုင်မာသောထိန်းချုပ်မှုကြောင့်ဖြစ်သည်။ သမိုင်းအဆက်ဆက် မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်မှုသည် မြင့်မားကြပြီး လွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်ရာတွင်လည်း အမျိုးသားများနှင့်တန်းတူ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ ယနေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီသူရဲကောင်း၊ ဒီမိုကရေစီခေါင်းဆောင်၊ လူထုခေါင်းဆောင်၊ ကမ္ဘာကလေးစားသော ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်တစ်ဦးအဖြစ် သက်သေပြလျက်ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ချိန်တွင် နိုင်ငံတော်အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ တတ်နိုင်သည့်စွမ်းအားများ ဖြည့်ဆည်းပါဝင်ခြင်းဖြင့် မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်ရည်များကို ကမ္ဘာသို့ ပြသရမည်ဖြစ်သည်။ ။

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ အဂတိလိုက်စားမှုကို ပူးပေါင်းဆန့်ကျင်မည်ဖြစ်ကြောင်း ကြေညာ၍ လက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၂**

အဂတိလိုက်စားမှုဆန့်ကျင်ခြင်း ပူးတွဲ ကြေညာချက်ရေးထိုးပွဲနှင့် စီးပွားရေး လုပ်ငန်းများဆိုင်ရာကျင့်ဝတ်များ ဖွံ့ဖြိုးလာခြင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းချုပ် (UMFCCI) တွင် ကျင်းပခဲ့သည်။

**ဂုဏ်သိက္ခာမြှင့်တင်**

အဆိုပါအခမ်းအနားတွင် **“အဂတိ လိုက်စားခြင်းဟာ ကိုယ်ကျင့်သိက္ခာ ပျက်ယွင်းခြင်းလို့ အဓိပ္ပာယ်ဖွင့်ထားတဲ့အတွက် အဂတိလိုက်စားမှုဆန့်ကျင်ခြင်းဟာ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာ၊ ပြည်သူလူထုရဲ့ဂုဏ်သိက္ခာ၊ လူမှုစီးပွားအသင်း အဖွဲ့တွေအားလုံးရဲ့ ဂုဏ်သိက္ခာ မြှင့်တင် ခြင်းဖြစ်ပါတယ်”**ဟု အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောကြားသည်။

**ကြိုးပမ်းဆောင်ရွက်နေ**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက“နိုင်ငံတော် အစိုးရက အဂတိလိုက်စားမှု ကင်းရှင်းတဲ့ စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် ရှေးရှုပြီး ကြိုးပမ်းဆောင်ရွက်နေတာ အားလုံး အသိပါပဲ။

*စာမျက်နှာ ၇ ကော်လံ ၁*



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့ အဂတိလိုက်စားမှုဆန့်ကျင်ခြင်း ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးလဲလှယ်စဉ်။

# ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ အောင်မြင်စွာ ကျင်းပပြီးစီး





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ တတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်း ကော်မတီများ စုံညီတွေ့ဆုံပွဲ တတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိ သူများ၊ ဗဟိုအမျိုးသမီး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် တို့မှ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စုံညီတွေ့ဆုံပွဲ တတိယနေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ အနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုစီးပွားရေး ကော်မတီဝင် ဦးဝင်းတင်က **“ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ”** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်လှမျိုးစုက ဥပဒေဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး အမျိုးသမီးများအား ဥပဒေဖြင့် အကာအကွယ်ပေးနိုင်ရန်အတွက်

*စာမျက်နှာ ၇ ကော်လံ ၁*

# ပျောက်ဆုံး ထိုင်းလူငယ်အားလုံး အသက်ရှင်လျက်ပြန်တွေ့

**ချင်းရိုင် ဇူလိုင် ၂**

ထိုင်းနိုင်ငံ ထမ်းလုံလိုဏ်ဂူထဲတွင် ပျောက်ဆုံးနေကြသော လူငယ်အားလုံးကို ယနေ့ ဒေသစံတော်ချိန် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က အသက်ရှင်လျက် ပြန်တွေ့ ပြီဖြစ်ကြောင်း ချင်းရိုင်အုပ်ချုပ်ရေးမှူး Narongsak Osottanakorn က ယနေ့ညက ဂူထဲရှိ ကယ်ဆယ်ရေး ပင်မထိန်းချုပ်စခန်းတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ကြေညာလိုက်ကြောင်း သိရသည်။

ပျောက်ဆုံးနေသော လူငယ် ၁၂ ဦးနှင့် ၎င်း၏ ဘောလုံးနည်းပြကို လိုဏ်ဂူထဲ ရှိ ပတ္တရားကမ်းခြေဟု အမည်ပေးထားသောနေရာမှ မီတာ ၄၀၀ ခန့်တွင် ပြန်လည်တွေ့ရှိကြောင်း ချင်းရိုင်အုပ်ချုပ်ရေးမှူးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂူအတွင်းပိတ်မိသည့် လူငယ် ၁၃ ဦးကို ၎င်းတို့ပျောက်ဆုံးနေသည့် ၉ ရက်မြောက်နေ့ ညပိုင်း ရှာဖွေကယ်ဆယ်မှုအတွင်း ပတ္တရားကမ်းခြေအနီးမှာ ပြန်ရှာတွေ့သည့်အတွက် ဂူအပြင်တွင် စောင့်ဆိုင်းနေသည့် ကလေးမိဘများ အပါအဝင် ကူညီကယ်ဆယ်ရေးအဖွဲ့များက ကလေးများအပြင်ထွက်လာမည့် အချိန်ကို မျှော်လင့်နေကြပြီး လက်ရှိအချိန်တွင် အဆိုပါ ကလေးများကို ဂူအတွင်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါလူငယ်များကို အသက်ရှင်လျက်ဘေးကင်းလုံခြုံစွာတွေ့ရှိခဲ့သော်လည်း လုပ်ငန်းစဉ်မှာ ပြီးဆုံးခြင်းမရှိသေးကြောင်း၊ မိမိတို့၏တာဝန်ဖြစ်သည့် ရှာဖွေကယ်ဆယ်ရေးနှင့် ဘေးကင်းလုံခြုံစွာ မိဘရပ်ထံ ပြန်လည်ပို့ဆောင်နိုင်ရေးတို့ ကိုပါ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းရိုင်အုပ်ချုပ်ရေးမှူးက ဆိုသည်။

ဆရာဝန်များက ပြန်လည်တွေ့ရှိခဲ့သူများ၏အခြေအနေမှာ ကောင်းမွန် သည်ဟု ပြောကြားခဲ့ပါက ၎င်းတို့ကို လိုဏ်ဂူအပြင်ဘက်သို့ ထုတ်လာမည်ပြီး ကျောင်းကိုပြန်သွားနိုင်သည့်အချိန်အထိ ကြည့်ရှုစောင့်ရှောက်မှုများ လုပ်ဆောင် သွားမည်ဖြစ်ကြောင်း ချင်းရိုင်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁*





အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)
ဒေဝယက္ခ အကျိတ်ကြေအာဏာမြို့မန်းဆေး
အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နူးရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်
မိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ
အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141